ရောင်းမှ

The Mirror Daily

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

လောကကို ထွန်းလင်းတောက်ပ

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၄ ခုနှစ်၊ ဝါခေါင်လကွယ်၊ ကြာသပတေးနေ့။ Thursday, 25 August 2022 ၁၀၈၃၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ယနေ့ ဖတ်စရာ

အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း (၄/၂၀၂၂)ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

စာမျက်နှာ » ၅

တစ်လေထဲ၊ တစ်သံထဲ

ဆောင်းပါး စာမျက်နှာ » ၆

စာပေပိမာန်မှ စာပေနိဗ္ဗာန်သို့

ဆောင်းပါး စာမျက်နှာ » ၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် ဝန်ထမ်းများသက်သာချောင်ချိရေးအတွက် ချီးမြှင့်ပေးမှုများ

ဆောင်းပါး စာမျက်နှာ » ၁၇

နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)ဥက္ကဋ္ဌ၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU)ဥက္ကဋ္ဌ၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) ဒုတိယဥက္ကဋ္ဌတို့ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေးစဉ်။

နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO)ဥက္ကဋ္ဌ၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)ဥက္ကဋ္ဌ၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) ဒုတိယဥက္ကဋ္ဌတို့ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေး

နေပြည်တော် သြဂုတ် ၂၄

နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO)ဥက္ကဋ္ဌ၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)ဥက္ကဋ္ဌ၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ကြေးမုံ

ဒီမိုကရေစီတက်လှမ်း တည်ငြိမ်အေးချမ်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ချမှတ်ထားသော ရှေ့လုပ်ငန်းစဉ် (၅)ရပ် နောက်ဆုံးအချက်တွင် အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်ကို လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည့် ရှေ့လုပ်ငန်းစဉ် ချမှတ်ထားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ချမှတ်ထားသော ရှေ့လုပ်ငန်းစဉ်နှင့်အညီ လက်တွေ့အကောင်အထည်ပေါ်လာအောင် မမှိတ်မသုန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် လုပ်ငန်းများအဆင့်ဆင့်ဆောင်ရွက်နေပြီး ရှေ့လာမည့်ကာလများတွင် တစ်နိုင်ငံလုံး ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်အောင် ဦးတည်ဆောင်ရွက်နေသည်။ မြန်မာနိုင်ငံ၌ ၂၀၁၀ ပြည့်နှစ်၊ ၂၀၁၅ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်တို့တွင် အထွေထွေရွေးကောက်ပွဲ သုံးကြိမ် ကျင်းပခဲ့ပြီးဖြစ်သည်။ မြန်မာနိုင်ငံတွင် မြို့နယ်ပေါင်း ၃၃၀ ရှိသည့်အနက် ၂၀၁၀ ရွေးကောက်ပွဲတွင် ၃၂၅ မြို့နယ်၊ ၂၀၁၅ ရွေးကောက်ပွဲတွင် ၃၂၃ မြို့နယ်နှင့် ၂၀၂၀ ရွေးကောက်ပွဲတွင် ၃၁၅ မြို့နယ်တို့တွင် ရွေးကောက်ပွဲကျင်းပခဲ့ရာ ရွေးကောက်ပွဲကျင်းပနိုင်သည့်မြို့နယ်များမှာ တစ်ကြိမ်ထက်တစ်ကြိမ် လျော့နည်းကျဆင်းလာသည်ကို တွေ့ရမည်ဖြစ်သည်။

ပါတီစုံဒီမိုကရေစီစနစ်ကို ဖြောင့်တန်းစွာလျှောက်လှမ်းရာတွင် အထွေထွေရွေးကောက်ပွဲကျင်းပနိုင်သည့် နယ်မြေအရေအတွက်သည် တစ်ကြိမ်ထက်တစ်ကြိမ် မြင့်တက်လာရမည်ဖြစ်သော်လည်း အထွေထွေရွေးကောက်ပွဲကျင်းပနိုင်သည့် နယ်မြေအရေအတွက် လျော့နည်းလာရခြင်းသည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုမရှိဘဲ လက်နက်ကိုင်ပဋိပက္ခများနှင့် ခြိမ်းခြောက်မှုများ ဖြစ်ပွားနေသောကြောင့်ဖြစ်သည်။ ဒီမိုကရေစီခရီးလမ်းပေါ်သို့ လျှောက်လှမ်းနေသည့်အခါတွင် နိုင်ငံအတွင်း လက်နက်ကိုင်ပဋိပက္ခများ လျော့နည်းပျောက်သွားအောင် ဆောင်ရွက်ရမည်ဟူသောအချက်ကို တပ်မတော်အနေဖြင့် သိရှိနားလည်ထားသဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံး ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်သို့ လျှောက်လှမ်းလာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရပြီးသည့်အချိန်မှစ၍ ယနေ့အချိန်အထိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အမြောက်အမြားရှိနေသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအား ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်သို့ လျှောက်လှမ်းနိုင်ရေးနှင့် တပ်မတော်နှင့်အတူလက်တွဲပြီး အစိတ်အပိုင်းတစ်ရပ်အဖြစ် ပူးပေါင်းဆောင်ရွက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)တွင် လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၁၀)ဖွဲ့နှင့် နိုင်ငံတော်အစိုးရနှင့်ပူးပေါင်းကာ တရားဝင်လက်နက်ကိုင်အဖွဲ့အစည်းအဖြစ် ရပ်တည်ဆောင်ရွက်နေသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များရှိသည်။ သို့ရာတွင် KNU၊ KNPP၊ KIA အဖွဲ့တို့သည် ငြိမ်းချမ်းရေးတွင် ပါဝင်ခြင်းမရှိဘဲ ပဋိပက္ခအသွင်ဆောင်လျက်ရှိသည်။

ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ရာတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို တစ်နိုင်ငံလုံးလွှမ်းခြုံကျင်းပနိုင်ရေးသည် အလွန်အရေးကြီးသည့်အချက်ဖြစ်သည်။ ဒီမိုကရေစီစနစ်တွင် နိုင်ငံသားတိုင်း နိုင်ငံသားအခွင့်အရေးရယူရာ၌ အသက် (၁၈) နှစ်ပြည့်သူ နိုင်ငံသားတစ်ယောက်မကျန် ရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိရမည်ဖြစ်သည်။ ရွေးကောက်ပွဲတွင် မဲပေးခွင့်ဆုံးရှုံးနေခြင်းသည် ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရာ၌ အနုတ်လက္ခဏာဆောင်မှုများဖြစ်စေသည်။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသားတစ်ဦးတစ်ယောက်မကျန်အောင် ဆန္ဒမဲပေးနိုင်ရေးသည် နိုင်ငံတစ်နိုင်ငံ၏ အစိုးရ၊ သို့မဟုတ် တိုင်းပြည်ကို တာဝန်ယူထားသည့် အဖွဲ့အစည်းများ၏ ဆောင်ရွက်ရမည့် တာဝန်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် တိုင်းပြည်၌ နိုင်ငံရေးတည်ငြိမ်အေးချမ်းမှုရှိစေရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိသည်။

အားလုံးကလိုလားနှစ်သက်သည့် ဒီမိုကရေစီစနစ်ကို ခိုင်မာအားကောင်းလာစေရန် အကောင်အထည်ဖော်ရန်အတွက် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိနေချိန်တွင် နိုင်ငံရေးပါတီ အဖွဲ့အစည်းများနှင့် တိုင်းရင်းသားပြည်သူများအားလုံးက လက်တွဲပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့်ပတ်သက်၍ ပျက်ပြားစေမည့်အမှုကိစ္စများကို ရှောင်ရှားကြပြီး အေးချမ်းသာယာဝပြောရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေမည့် အကြမ်းဖက်မှုများကို အားမပေးဘဲ ဝိုင်းဝန်းဆန့်ကျင်တိုက်ဖျက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ ဖြောင့်တန်းစွာလျှောက်လှမ်းနိုင်ရန်အတွက် အရေးကြီးသည့်အချက်ဖြစ်သည့် တိုင်းပြည်တည်ငြိမ်အေးချမ်းသာယာဝပြောရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိနေသည့်အချိန်တွင် ဒီမိုကရေစီအခွင့်အရေးများကို ပြည်သူအားလုံး အပြည့်အဝခံစားနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းလက်တွဲဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည် -

အမည်	ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ရာထူး၊ ဌာန
(၁) ဦးစိုးမင်းထွန်း	ညွှန်ကြားရေးမှူးချုပ် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
(၂) ဦးအောင်မင်း	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း စွမ်းအင်ဝန်ကြီးဌာန

နယ်စပ်ရေးရာဝန်ကြီးဌာန (ရှမ်းအရှေ့) က ဆွမ်းဆန်တော်၊ ဆီ၊ ကုလားပဲ လှူဒါန်း

နေပြည်တော် သြဂုတ် ၂၄

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဝါတွင်းကာလ ဝါဆိုသံဃာတော်များ ဆွမ်း၊ ကွမ်း၊ အခက်အခဲမရှိစေရေးနှင့် အခြားဘာသာရေးကျောင်းများသို့ ကိုဗစ်ကာလ ကြိုတင်ကာကွယ်မှုလုပ်ငန်းများ ဆောင်ရွက်စဉ် စားသောက်ရေးကိစ္စများ အဆင်ပြေစေရန်အတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများအာ ဒေသအလိုက် ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (ကျိုင်းတုံ) ကွပ်ကဲမှုအောက်ရှိ မိုင်းဖြတ်မြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ (လက်ထောက် ညွှန်ကြားရေးမှူး) ဦးဆန်းညွှန့်ဆွေနှင့် ဝန်ထမ်းများသည် ယနေ့နံနက်ပိုင်းတွင် မိုင်းဖြတ်မြို့နယ် ဝမ်ဟွေ ဘုန်းတော်ကြီးကျောင်းသို့ ဆွမ်းဆန်တော်၊ ဆီနှင့် ကုလားပဲများ သွားရောက်လှူဒါန်းခဲ့ကြသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန အနေဖြင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ဒေသအတွင်း ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ အား ဆက်လက်လှူဒါန်းသွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၄- ၈ -၂၀၂၂)

ကုမ္ပဏီ အမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာ စောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၆,၉၀၀	၆,၉၀၀	၅၀၀	၃,၄၅၀,၀၀၀
MTSH	၂,၄၅၀	၂,၄၅၀	၂,၃၈၂	၅,၈၃၅,၉၀၀
MCB	၆,၈၀၀	၆,၈၀၀	၀	၀
FPB	၁၈,၀၀၀	၁၈,၀၀၀	၂၁၄	၃,၈၅၂,၀၀၀
TMH	၂,၃၀၀	၂,၃၀၀	၂၇၀	၆၂၁,၀၀၀
EFR	၂,၄၅၀	၂,၄၅၀	၁၁	၂၆,၉၅၀
AMATA	၄,၉၀၀	၄,၉၀၀	၀	၀

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် သြဂုတ် ၂၄

နိုင်ငံခြားငွေလဲလှယ်နှုန်း							
(က) အမေရိကန်	တစ်ဒေါ်လာ	=	၂၁၀၀.၀	(ဆ) သြစတြေးလျ	တစ်ဒေါ်လာ	=	၁၄၅၃.၉
(ခ) ဥရောပ	တစ်ယူရို	=	၂၀၈၈.၉	(ဇ) စင်ကာပူ	တစ်ဒေါ်လာ	=	၁၅၀၆.၉
(ဂ) တရုတ်	တစ်ယွမ်	=	၃၀၅.၉၆	(စျ) ဂျပန်	တစ်ရာယန်း	=	၁၅၃၉.၅
(ဃ) ထိုင်း	တစ်ဘတ်	=	၅၈.၂၈၅	(ည) တောင်ကိုရီးယား	တစ်ရာဝမ်	=	၁၅၆.၄၀
(င) မလေးရှား	တစ်ရင်းဂစ်	=	၄၆၈.၁၈				
(စ) အိန္ဒိယ	တစ်ရုပီး	=	၂၆.၃၂				

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ်	- ဦးစိုးစိုးနိုင်	အကြီးတန်း သတင်းထောက်များ	- ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
စာတည်းမှူး	- ဦးဝင်းနိုင်		
စာတည်းများ	- ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး	အငယ်တန်း သတင်းထောက်များ	- ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
		သုတေသန	- ဒေါ်ဇင်မာဝင့်
ဘာသာပြန်	- ဦးနိုင်လင်းကြည်၊	စာပြင်	- ဒေါ်မြသီတာနှင့်အဖွဲ့
စာတည်းများ	ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	- ဦးကျော်သူရနှင့်အဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	- ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀ဖြ၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀ဂ၇၇)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀ဖြ၇-၃ဖ၁၂ဖ၊ စာတည်းအဖွဲ့ ၀ဖြ၇-၃ဖ၁၂၈၊ ၀ဖြ၇-၃ဖ၁၃၀၊ ဖက်စ် ၀ဖြ၇-၃ဖ၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈ဖ၁၀ဖ၈၅၅ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၄၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲအခမ်းအနား (ဒုတိယအကြိမ်) ကျင်းပ

နေပြည်တော် သြဂုတ် ၂၄

တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ အသိပညာများကို တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနရှိ ဝန်ထမ်းများနှင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များ ပိုမိုသိရှိလာနိုင်ရေးအတွက် အသိပညာပေးဟောပြောပွဲ အခမ်းအနား(ဒုတိယအကြိမ်)ကို ယနေ့နံနက် ၁၀ နာရီက တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ အဖွဲ့ဝင် ဒေါက်တာရင်ရင်နွယ်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ နေပြည်တော်အတွင်းရှိ ချင်း၊ ရှမ်း၊ ကရင်၊ ရခိုင်နှင့် လီဆူတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် အရာထမ်းအမှုထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေးတို့နှင့် အပြန်အလှန် အမှီသဟဲပြုနေပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် တိုင်းရင်းသားရေးရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် မိမိတို့ရရှိလာမည့် အသိပညာ၊ ဗဟုသုတများနှင့် ယှဉ်၍ တိုင်းရင်းသားများ၏ အကျိုးစီးပွားကို ရှေးရှုဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဟောပြောပို့ချချက်များကို သေချာစွာမှတ်သားပြီး မိမိတို့လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသိမှန်၊ ဆုံးဖြတ်ချက်မှန်ကန်စွာဖြင့် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ကြရန် တိုက်တွန်းလိုပါကြောင်း နူတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ အဖွဲ့ဝင် ဒေါက်တာရင်ရင်နွယ်က **Perspective on the United Nations: "Differential Treatment of Different Countries" ကုလသမဂ္ဂနှင့်စပ်လျဉ်း၍ သုံးသပ်ချက်အချို့ "နိုင်ငံအလိုက် ခွဲခြားဆက်ဆံခြင်း"** ခေါင်းစဉ်ဖြင့် ဟောပြောရာတွင် UN Instruments များမှာ AID, Sanction, UN Peacekeeping, R2P: Responsibility to Protect, Human Rights Law/ Agreement, Other Human Rights Instrument နှင့် ICJ တို့ဖြစ်ပါကြောင်း၊ ကုလသမဂ္ဂမှ ထောက်ပံ့မှုများ ရသော်လည်း ချမ်းသာသောနိုင်ငံမဖြစ်နိုင်ပါကြောင်း၊ ပိတ်ဆို့မှုပြုလုပ်ခြင်းခံရသည့် နိုင်ငံတိုင်း တိုးတက်မှုမရှိနိုင်ပါကြောင်း၊ သို့ရာတွင် အဆိုပါပိတ်ဆို့ခံရသည့်နိုင်ငံ၏ အစိုးရအပေါ် ထိရောက်သည့် အကျိုးသက်ရောက်မှု မရှိပါကြောင်း၊ UN Peacekeeping ဆိုသည်မှာ အခြားနိုင်ငံများမှ တပ်သားများအား ငှားရမ်းအသုံးပြုခြင်းဖြစ်ပါကြောင်း၊ R2P: Responsibility to Protect ဆိုသည်မှာ အားနည်းသူများကို ကာကွယ်ပေးရန်ဖြစ်ပါကြောင်း၊ R2P တွင် မျိုးတုံးသတ်ဖြတ်ခြင်း၊ စစ်ရာဇဝတ်မှုများ ကျူးလွန်ခြင်း၊ မျိုးနွယ်စု သုတ်သင်ရှင်းလင်းခြင်း၊ လူသားများအပေါ်ရာဇဝတ်မှုများ ကျူးလွန်ခြင်းတို့ ပါဝင်ပါကြောင်း၊ မြန်မာနိုင်ငံတွင် တပ်မတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တာဝန်ထမ်းဆောင်နေခြင်းဖြစ်ပါကြောင်း၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီက ပို၍အရေးပါပါကြောင်း၊ အဖွဲ့ဝင်(၁၅) နိုင်ငံရှိပြီး အမြဲတမ်းအဖွဲ့ဝင် (၅) နိုင်ငံနှင့် အလှည့်ကျ အဖွဲ့ဝင် (၁၀) နိုင်ငံ ရှိပါကြောင်း၊ ဆုံးဖြတ်ချက်များ အပေါ်ဗီတိုအာဏာဖြင့် ကန့်ကွက်နိုင်ပါကြောင်း ရှင်းလင်းပြောကြားသည်။

လက်တစ်ကမ်းအကွာတွင် ရှိနေ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်က **"စာပေစွမ်းအား၊ ပြည်ထွန်းကား"** ခေါင်းစဉ်ဖြင့် ဟောပြောရာတွင် စာပေအားဖြင့် တိုင်းရင်းသားလူမျိုး တစ်မျိုးနှင့် တစ်မျိုး၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို သိရှိနားလည်နိုင်သဖြင့် တိုင်းရင်းသား အချင်းချင်း ချစ်ခင်ရင်းနှီးမှုကို ရစေပြီး စည်းလုံးညီညွတ်မှုကို ပိုမိုရရှိစေနိုင်ကြောင်းကို ဖတ်ရှုမှတ်သားခဲ့ရသည့် ဝတ္ထု၊ ကဗျာ၊ စာအုပ်စာပေများကို ဘာဝအတွေ့အကြုံများနှင့် ကိုးကား၍ လည်းကောင်း၊ စာပေဖတ်ခြင်းအားဖြင့် အသိပညာရရှိပြီး ထိုအသိပညာဖြင့် လက်တွေ့ကျကျ ဘာဝများကို အသုံးချနိုင်ပါက တစ်ဦးတစ်ယောက်မှ တစ်စုတစ်ဖွဲ့၊ လူ့ဘောင်သစ်၊ နိုင်ငံသစ်နှင့် ငြိမ်းချမ်းရေးသည် လက်တစ်ကမ်း အကွာတွင် ရှိနေပါကြောင်း၊ သို့ရာတွင် တစ်ဦးကောင်း တစ်ယောက်ကောင်းဖြင့် မရနိုင်ပါကြောင်း၊ စာပေထဲမှ ရရှိသည့်အသိဖြင့် အများကောင်းကျိုး၊ လောကကောင်းကျိုး၊ နိုင်ငံ့ကောင်းကျိုးများကို စွမ်းဆောင်နိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဆွေးနွေးဟောပြောမှုများအပေါ် သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ အဖွဲ့ဝင်တို့က ပြန်လည်ဖြေကြားကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

☆ ရှေ့ဖိုးမှ

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အဖွဲ့ ဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်၊ ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရိန်၊ ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်းနှင့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO) ဥက္ကဋ္ဌ ခွန်သူရိန်၊ ဒုတိယဥက္ကဋ္ဌ ခွန်ထွန်းတင်၊ လားဟူဒီမိုကရက်တစ် အစည်းအရုံး(LDU) ဥက္ကဋ္ဌ ကျာဆော်လမွန်၊ အထွေထွေအတွင်းရေးမှူး ကျာယာကုတ်၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) ဒုတိယဥက္ကဋ္ဌ စောမြရာဇာလင်း၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ခိုင်စိုးမြတို့ တက်ရောက်ကြသည်။

ဒုတိယနေ့ဆွေးနွေးပွဲတွင် ပြည်ထောင်စု သဘောတူစာချုပ်အစိတ်အပိုင်း(၁)၊ (၂) နှင့် (၃) တို့ပါ သဘောတူညီချက်များအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၊ တည်ဆဲဥပဒေများနှင့် ကိုက်ညီမှု ရှိ/မရှိ လေ့လာစိစစ်ချက်များနှင့် ပတ်သက်၍ ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးဝင်းဗိုလ်ရိန်က တစ်ချက်ချင်းအလိုက် ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသူများက မိမိတို့၏ သဘောထားများ၊ လိုလားချက်များကို အပြန်အလှန် ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ကို ရပ်နားခဲ့သည်။ တတိယနေ့ဆွေးနွေးပွဲကို သြဂုတ် ၂၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

၂၀၂၂ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့အခမ်းအနားကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် သြဂုတ် ၂၄

ကမ္ဘာ့စားနပ်ရိက္ခာနေ့အခမ်းအနားကို နှစ်စဉ်အောက်တိုဘာ ၁၆ ရက်တွင် မြန်မာနိုင်ငံအပါအဝင် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ FAO ဝင်နိုင်ငံများ၌ ကျင်းပကြသကဲ့သို့ ၂၀၂၂ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့အခမ်းအနား ကျင်းပရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို သြဂုတ် ၂၂ ရက်မွန်းလွဲပိုင်းက စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ အခမ်းအနားကျင်းပရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပူးပေါင်းကြိုးပမ်း

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက နွေစပါးစိုက်ပျိုးထုတ်လုပ်မှုနှင့် အဓိကပို့ကုန်တစ်ခုဖြစ်သည့် ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်မှု သိသိသာသာ တိုးတက်လာစေရန် နိုင်ငံတော်က ချေးငွေကျပ်ဘီလီယံ ၁၇၀ အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အလားတူ စားသုံးဆီဖူလုံရေးအတွက် နေကြာသီးနှံတိုးချဲ့စိုက်ပျိုးရေး အပါအဝင် လယ်ယာကဏ္ဍ၏ ထုတ်လုပ်မှုတိုးမြှင့်ရေးကို အလေးထားပြီး ပြည်တွင်းစားနပ်ရိက္ခာ ဖူလုံရေးသာမက စားနပ်ရိက္ခာလိုအပ်ချက် ရှိနေသည့်ဒေသများနှင့် ပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးမြှင့်လုပ်ကိုင်နိုင်ရေးလုပ်ငန်းများကို ပြည်တွင်း ပြည်ပ မိတ်ဖက်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကများ၊ တောင်သူများ အားလုံးတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ (၄၂) ကြိမ်မြောက်ကျင်းပမည့် ၂၀၂၂ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့အခမ်းအနားကို **"ထွက်ကုန်မြှင့်တင်တိုးထုတ်လျှင်၊ ကောင်းမွန်ပြည့်ဝ အာဟာရ၊ ဝန်းကျင်လှပ တို့ဘဝ၊ လူတိုင်းစေ့ငရရှိကြ"** ဟူသောဆောင်ပုဒ်နှင့်အညီ အသွင်သဏ္ဌာန်ရော အနှစ်သာရပါ ပေါ်လွင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ ကဏ္ဍအသီးသီးမှ တာဝန်ရှိသူများက ပူးပေါင်းကြိုးပမ်းပေးကြပါရန် တိုက်တွန်းပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ၂၀၂၂ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့အခမ်းအနား ကျင်းပရေး ဗဟိုအဖွဲ့ဝင်များက သက်ဆိုင်ရာ ကဏ္ဍများအလိုက် တင်ပြကြရာ အစည်းအဝေး တက်ရောက်လာကြသူများက လုပ်ငန်းစဉ်တစ်ခုချင်းအလိုက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စတော့အိတ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီများ တိုးတက်လာစေရေးသည် အဓိကအရေးကြီးသည့်အပြင် အရေအတွက်တိုးလာသည်နှင့်အမျှ အရည်အသွေးကောင်းမွန်ပြီး ခိုင်မာသည့် အများပိုင်ကုမ္ပဏီများဖြစ်ရန်လည်း လိုအပ်

နေပြည်တော် သြဂုတ် ၂၄

မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်၏ (၇/၂၀၂၂)ကြိမ်မြောက်အစည်အဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနခွဲ ကျင်းပသည်။

အဓိက မောင်းနှင်အားတစ်ခုဖြစ်

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က အရင်းအနှီးဈေးကွက် (Capital Market)သည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အဓိက အရေးပါသည့် မောင်းနှင်အားတစ်ခုဖြစ်၍ နိုင်ငံအသီးသီးက အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးကိုဦးစားပေးဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၌ အရင်းအနှီးဈေးကွက်အတွက် မရှိမဖြစ်လိုအပ်သည့် ရန်ကုန်စတော့အိတ်ချိန်း (Yangon Stock Exchange – YSX) ကို ၂၀၁၅ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ပြီးနောက် ယခုအခါ စာရင်းဝင်ကုမ္ပဏီခုနစ်ခု၏ ရှယ်ယာများအား နေ့စဉ်ရောင်း/ဝယ်လျက်ရှိကြောင်း။

တစ်ဖက်တွင်လည်း ငွေချေးစာချုပ်ဈေးကွက်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဒုတိယဈေးကွက်(Secondary Market) ကို ထူထောင်ဆောင်ရွက်ခဲ့ရာ ယင်းဈေးကွက်တွင် အစိုးရငွေတိုက်စာချုပ်နှင့် ငွေတိုက်လက်မှတ်များကို ရင်းနှီးမြှုပ်နှံသူများက ဝယ်ယူရင်းနှီးမြှုပ်နှံလျက်ရှိကြောင်း၊ သို့ရာတွင် မိမိတို့နိုင်ငံ၏ အရင်းအနှီးဈေးကွက်တွင် ပါဝင်ရင်းနှီးမြှုပ်နှံသူနှင့် အရင်းအနှီးစုဆောင်းသူများမှာ အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက လွန်စွာနည်းနေသေးသည်ကို တွေ့ရကြောင်း။

အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စတော့အိတ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီများ တိုးတက်လာစေရေးသည် အဓိကအရေးကြီးသည့်အပြင် အရေအတွက် တိုးလာသည်နှင့်အမျှ အရည်အသွေးကောင်းမွန်ပြီး ခိုင်မာသည့် အများပိုင်ကုမ္ပဏီများ ဖြစ်ရန်လည်း လိုအပ်ကြောင်း၊ တစ်ဖက်တွင်လည်း ရင်းနှီးမြှုပ်နှံသူပြည်သူများအနေဖြင့် မိမိတို့၏ စုဆောင်းငွေများကို ရန်ကုန်စတော့အိတ်ချိန်းရှိ စာရင်းဝင်ကုမ္ပဏီများ၏ အစုရှယ်ယာများအား ဝယ်ယူ/ရောင်းချခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုအဖြစ် ပြောင်းလဲဆောင်ရွက်နိုင်မည့် အခွင့်အရေးနှင့် အခွင့်အလမ်းများ ပိုမိုရရှိလာမည်ဖြစ်ကြောင်း။

အများပိုင်ကုမ္ပဏီများ ဖြစ်လာစေရေး

အများပိုင် (အများပြည်သူထံမှ ရှယ်ယာခေါ်ယူ၍)ကုမ္ပဏီအဖြစ် လုပ်ကိုင်ကြသူနည်းပါးသဖြင့် စာရင်းဝင်အများပိုင်ကုမ္ပဏီများ ဖြစ်လာစေရေးအတွက် လိုအပ်သည့် သတင်းအချက်အလက်များကို စဉ်ဆက်မပြတ် ဖြန့်ဝေပေးနိုင်ရေးကို စီစဉ် ဆောင်ရွက်ကြရန်လိုကြောင်း၊ စတော့အိတ်ချိန်းသည် အများပိုင်ကုမ္ပဏီများကို စာရင်းဝင်ကုမ္ပဏီအဖြစ် လက်ခံ၍ ယင်းတို့၏ ရှယ်ယာများကို လက်ခံရောင်းဝယ်ပေးခြင်းဖြစ်၍ လုပ်ငန်းရှင်များ အနေဖြင့် ဘဏ်ချေးငွေအပေါ်တွင်သာ မှီခိုနေခြင်းမပြုဘဲ အများပိုင်ကုမ္ပဏီများ ဖွဲ့စည်းတည်ထောင်ကြပြီး နိုင်ငံတကာ စံချိန်စံညွှန်းမီ လုပ်ဆောင်ခြင်းဖြင့် စာရင်းဝင်ကုမ္ပဏီများ တိုးပွားလာစေရန် ကော်မရှင်အနေဖြင့် ဆောင်ရွက်သင့်သည်များကို မျက်ခြည်မပြတ် သုံးသပ်ဆောင်ရွက်ရန် မှာကြားလိုကြောင်း။

စာရင်းဝင်ကုမ္ပဏီများ တိုးပွားလာစေရေး ရည်ရွယ်၍ ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်အကြိုဈေးကွက် (Pre Listing Board – PLB) ကို ဒုတိယဈေးကွက်အဖြစ် ထူထောင်ခွင့်ပြုထားပြီး ဖြစ်ရာ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် လက်ရှိစာရင်းဝင်စံသတ်မှတ်ချက်များကို လျှော့ချပြီး အနည်းဆုံးလိုအပ်ချက်များဖြင့် စာရင်းဝင်အကြိုဈေးကွက်တွင် မှတ်ပုံတင်နိုင်ရန် ဆောင်ရွက်ပေးထားပြီး ဖြစ်ကြောင်း၊ စာရင်းဝင် အကြိုဈေးကွက်မှတစ်ဆင့် စာရင်းဝင်ကုမ္ပဏီများ ဖြစ်လာစေရန် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေမည်ဖြစ်ပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကိုလည်း အထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ ပြည်တွင်းငွေချေးစာချုပ်ဈေးကွက် (Secondary Bond/ Bill Market) ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဈေးကွက်တွင် ပါဝင်ပတ်သက်သူ Stakeholder များနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေး၍ လိုအပ်သည့်အစီအစဉ်များ ချမှတ်ဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ကော်မရှင်အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

လက်ရှိတွင် ရန်ကုန်စတော့အိတ်ချိန်း၌ စာရင်းဝင်ထားသော အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီခုနစ်ခု၏ ရှယ်ယာများကို ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီခြောက်ခုမှတစ်ဆင့် ရောင်းဝယ်လျက်ရှိပြီး အဆိုပါ ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများတွင် စာရင်းဖွင့်လှစ်ထားသူ ဦးရေမှာ ၄၄၈၀၉ ဦးရှိကာ တစ်နှစ်တိုးတက်မှုနှုန်း ၄ ဒသမ ၁ ရာခိုင်နှုန်းရှိကြောင်းနှင့် စာရင်းဝင်ကုမ္ပဏီ ခုနစ်ခု၏ ဇူလိုင်လကုန်ရှိ ဈေးကွက်ရင်းနှီးမြှုပ်နှံမှုတန်ဖိုးမှာ ငွေကျပ် ၅၈၁ ဒသမ ၅၁၅ ဘီလီယံရှိကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းနှင့် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ အခြေစိုက် GAVI–The Vaccine Alliance အဖွဲ့ တွေ့ဆုံဆွေးနွေး

နေပြည်တော် သြဂုတ် ၂၄

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက် GAVI–The Vaccine Alliance အဖွဲ့ရုံးမှ အုပ်ချုပ်မှုဒါရိုက်တာဖြစ်သူ Mr. Thabani Maphosa ဦးဆောင်သောအဖွဲ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာနဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများတွင် GAVI–The Vaccine Alliance၊ ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ ကလေးများရန်ပုံငွေ အဖွဲ့ (UNICEF)၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)တို့အနေဖြင့် ဝန်ကြီးဌာနနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အနောင်အဖွဲ့ကင်းမဲ့သည့် မည်သည့်အကူအညီမျိုးကိုမဆို လက်ခံကြိုဆိုမည်ဖြစ်ကြောင်း၊ ယင်းအကူအညီများကိုလည်း မိမိတို့ ဝန်ကြီးဌာန၏ဦးဆောင်မှုဖြင့် အကျိုးရှိရှိ အသုံးပြုသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

GAVI–The Vaccine Alliance အုပ်ချုပ်မှု ဒါရိုက်တာဖြစ်သူ Mr.Thabani Maphosa မှ ပြန်လည်ဆွေးနွေးရာတွင် ဝေးလံခက်ခဲသော ဒေသများတွင် အသုံးပြုရန် တစ်ကြိမ်သာထိုးနှံရန် လိုအပ်သည့် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများတွင် လိုအပ်သည့် ကာကွယ်ဆေးများအား ဆက်လက်ထောက်ပံ့ရေးနှင့် UNICEF နှင့် WHO တို့မှလည်း ကျန်းမာရေးဝန်ကြီးဌာနနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်၍ ကာကွယ်ဆေးထိုးလုပ်ငန်းများအား ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

ထို့အတူ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဗဟိုတိုးချဲ့ ကာကွယ်ဆေးထိုးစီမံချက်မှ တာဝန်ရှိသူများသည် ယမန်နေ့က ကျန်းမာရေးဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ GAVI–The Vaccine Alliance၊ WHO ၊ UNICEF မှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ၏ ပုံမှန်တိုးချဲ့ ကာကွယ်ဆေးထိုးလုပ်ငန်းများနှင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းများတွင် ရှေ့ဆက်လက် ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များ၊ တွေ့ကြုံလာနိုင်သည့် လိုအပ်ချက်များကို ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကိစ္စရပ်များအား အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ဧရာဝတီမြစ်အတွင်း ငါးသားပေါက်ကောင်ရေ သုံးသိန်းခွဲ ငါးမျိုးစိုက်ထည့်

ကသာ သြဂုတ် ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ငါးလုပ်ငန်းဦးစီးဌာနက ကသာမြို့ အလယ်ပိုင်းရပ်ကွက် မြစေတီဘုရားအနီး၌ ယနေ့နံနက် ၉ နာရီက ဧရာဝတီမြစ်အတွင်းသို့ ငါးသားပေါက်ကောင်ရေ သုံးသိန်းခွဲ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနား ကျင်းပသည်။

အခမ်းအနားသို့ ကသာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းကျော်ကျော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထက်ဝင်းနှင့် အဖွဲ့ဝင်များ၊ ကသာခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးထွန်းလှအောင်နှင့် ဝန်ထမ်းများ၊ သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ငါးလုပ်ငန်းဦးစီးဌာနမှ သားငါးပေါများစေရန်၊ ငါးသယံဇာတများ စဉ်ဆက်မပြတ် ရေရှည်ထိန်းသိမ်းနိုင်ရေးနှင့် ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် ဝင်ငွေများ ရရှိစေရန်၊ ငါးမျိုးကောင်းမျိုးသန့်များ ရေရှည်တည်တံ့ပြန့်ပွားစေရန်၊ ငါးရိက္ခာများ ရေရှည်စားသုံးနိုင်ရန်နှင့် ငါးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ငါးမျိုးစိုက်ထည့်ရခြင်းဖြစ်ပြီး အင်ကြင်းကုန်း ငါးလုပ်ငန်းစခန်းမှ နှစ်လက်မအရွယ်ငါးသားပေါက် ငါးမြစ်ချင်းကောင်ရေ နှစ်သိန်းနှင့် ထိုင်းငါးခုံးမကြီးကောင်ရေ တစ်သိန်းခွဲ စုစုပေါင်း ငါးသားပေါက်ကောင်ရေ သုံးသိန်းခွဲကို ဧရာဝတီမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

အေးမြသက်ထား

အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း (၄/ ၂၀၂၂)ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

နေပြည်တော် သြဂုတ် ၂၄

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရွာငံနှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအားဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ(မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရုပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် ရှစ်ခု၊ အပတ်စဉ်တစ်ခုလျှင် ခြောက်ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း သင်တန်းအပတ်စဉ်(၄/၂၀၂၂) အား ၅-၉-၂၀၂၂ ရက်မှ ၁၄-၁၀-၂၀၂၂ ရက်ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား (အမျိုးသမီး/အမျိုးသား) များအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များရှိ အောက်ပါအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်-၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃ လမ်း၊ ၂၅ x၂၆ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ် (၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊ ဖုန်း- ၀၅၄-၂၃၅၇၁
- **အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ ဖျာပုံမြို့၊ ဖုန်း- ၀၉-၄၅၅၇၈၈၀၂၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်-၂ ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂-၂၅၃၇၃၊ ၀၄၂-၂၁၀၇၃
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက် စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရွာငံ)**
  အမှတ်-၈၂၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရွာငံမြို့၊ ဖုန်း- ၀၉- ၇၈၁၁၆၆၂၇၂
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီအနောက်ကွင်း၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

လူမှုဝန်ထမ်းဦးစီးဌာန

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်သူများ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ဝင်ခွင့် လျှောက်ထားရန်ခေါ်ယူ

နေပြည်တော် သြဂုတ် ၂၄

၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တိရစ္ဆာန်ဆေးပညာဘွဲ့(DVM) (၆)နှစ်သင်တန်းနှင့် မွေးမြူရေးပညာဘွဲ့ (BASc)(၄)နှစ်သင်တန်းများ တက်ရောက်ရန် ဝင်ခွင့်လျှောက်လွှာများကို ကိုယ်တိုင်/ကိုယ်စား (သို့မဟုတ်) သင်တန်းရေးရာဌာန၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ရေဆင်း၊ ဧရာဝတီရိုးမြို့နယ်၊ နေပြည်တော်သို့လိပ်မူ၍ စာတိုက်သေတ္တာအမှတ် ၁၅၀၅၀၁ (သို့မဟုတ်) Email လိပ်စာ stdaffair.uvs@gmail.com သို့ သြဂုတ် ၂၆ ရက် (သောကြာနေ့)မှစ၍ အောက်တိုဘာ **၁၄ ရက် (သောကြာနေ့) နောက်ဆုံးထားပြီး** တိုက်ရိုက်လျှောက်ထားနိုင်သည်။

အသေးစိတ်နှင့် လျှောက်လွှာပုံစံများကို မြန်မာ့အလင်းသတင်းစာ၊ ကြေးမုံသတင်းစာနှင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၏ website ဖြစ်သော www.uvsyezin.edu.mm တို့တွင် ကြေညာထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ဘဂ်လားပင်လယ်အော်အခြေအနေ

နေပြည်တော် သြဂုတ် ၂၄

ကပွလီပင်လယ်ပြင်နှင့် ဘဂ်လားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။

မိုး/ဇလ

မြန်မာနိုင်ငံအမျိုးသားမြေပုံစနစ် ရေးဆွဲအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် သြဂုတ် ၂၄

မြန်မာနိုင်ငံ အမျိုးသားမြေပုံစနစ် (OneMap Myanmar) ရေးဆွဲအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကျင်းပသည်။

အဓိကရည်ရွယ်ချက်

ဦးစွာ ဒုတိယဝန်ကြီး ဦးထွန်းအုံက မြန်မာနိုင်ငံအမျိုးသားမြေပုံစနစ် (OneMap Myanmar) ၏ အဓိကရည်ရွယ်ချက်မှာ ဌာနဆိုင်ရာ အဖွဲ့အစည်းများ၏ မြေပုံ၊ ကိန်းဂဏန်းများ၊ ကောက်ယူစုစည်းသော နည်းစနစ်များ၊ မြေပုံထုတ်လုပ်သော နည်းစနစ်များ၊ အမျိုးမျိုးအဖုံဖုံ ကွဲပြားခြားနားနေခြင်းကြောင့် ပြန်လည်မျှဝေအသုံးပြုနိုင်ရန် အခက်အခဲများကို တွေ့ရှိခဲ့ရသည့်အတွက် စနစ်တစ်ခုတည်းဖြစ်စေရန် မြန်မာနိုင်ငံ အမျိုးသားမြေပုံစနစ်ကို စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

လုပ်ငန်းကော်မတီ ပထမအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်အရ စစ်ကိုင်းတိုင်းဒေသကြီး ကောလင်း၊ ဝန်းသိုဒေသနှင့် နေပြည်တော်ကောင်စီနယ်မြေများအား Geodatabase တည်ဆောက်နိုင်ရေးအတွက် ဌာနဆိုင်ရာများမှ အချက်အလက်များ တောင်းခံခဲ့ပြီး ရရှိသော အချက်အလက်များဖြင့် Geodatabase တည်ဆောက်နိုင်ခဲ့ကြောင်း၊ အမျိုးသားမြေအသုံးချမှုကောင်စီဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က Web Portal နှင့် လိုအပ်သော Software များ ရေးသားနိုင်ရေး ညှိနှိုင်းဆောင်ရွက်ရန် လမ်းညွှန်ခဲ့ရာ Web Portal တည်ဆောက်နိုင်ရေးအတွက် သက်ဆိုင်ရာ ဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိကြောင်း၊ စီမံကိန်း၏ Infrastructure တည်ဆောက်နိုင်ရန် လိုအပ်သော Hardware နှင့် Software များ ဝယ်ယူဖြည့်တင်းနိုင်ရန်အတွက် မြေတိုင်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ပြည်တွင်းပညာရှင်အင်အားဖြင့် OneMap Myanmar- Web Portal တစ်ခုလွှင့်တင်နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသူများက OneMap Myanmar- Web Portal တည်ဆောက်ရေး၊ ICT Infrastructure များ ဖြည့်ဆည်းပံ့ပိုးရေး၊ GIS နည်းပညာအသုံးပြုရေးတို့ကို ဆွေးနွေးကြသည်။

အစည်းအဝေးသို့ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိကြီးများ၊ ပါမောက္ခနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

နေပြည်တော်ပြည်ထောင်စုနယ်မြေ၌ ၂၀၂၂ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေနှင့် နေကြာသီးနှံ တိုးချဲ့စိုက်ပျိုးရေးချေးငွေများ ထုတ်ချေး

နေပြည်တော် သြဂုတ် ၂၄

နေပြည်တော် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ ကွပ်ကဲမှုအောက်ရှိ လယ်ဝေးခရိုင်၊ ပုဗ္ဗသီရိခရိုင်၊ ပျဉ်းမနားမြို့နယ်နှင့် တပ်ကုန်းမြို့နယ်ဘဏ်ခွဲလေးခုမှ တောင်သူများအား ၂၀၂၂ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို မိုးစပါးတစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀ နှုန်း၊ အခြားသီးနှံတစ်ဧကလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် အတိုးနှုန်းတစ်နှစ်လျှင် ငါးရာခိုင်နှုန်းဖြင့် ထုတ်ချေးပေးလျက်ရှိပြီး တပ်ကုန်းမြို့နယ်ဘဏ်ခွဲမှ နေကြာသီးနှံတိုးချဲ့စိုက်ပျိုးရေးချေးငွေကိုလည်း တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀ နှုန်း၊ အတိုးနှုန်းတစ်နှစ်လျှင်ငါးရာခိုင်နှုန်းဖြင့် သြဂုတ် ၁၈ ရက်မှ စတင်ထုတ်ချေးပေးလျက်ရှိသည်။

၂၀၂၂ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို နေပြည်တော်အတွင်းရှိ ခရိုင်နှင့် မြို့နယ်ဘဏ်ခွဲများမှ ကျေးရွာအုပ်စု ၁၇၃ အုပ်စု၊ တောင်သူ ၁၇၀၈၃၃ ဦး၊ စပါး ဖ၁၁၅၇ ဧက၊ အခြားသီးနှံ ၇၂၂၃ ဧကအတွက် ချေးငွေကျပ် ၉၈၉၅ ဒသမ ၈၅ သန်းနှင့် တပ်ကုန်းမြို့နယ်ဘဏ်ခွဲမှ နေကြာသီးနှံတိုးချဲ့စိုက်ပျိုးရေးချေးငွေများကို ကျေးရွာအုပ်စုသုံးအုပ်စု၊ တောင်သူ ၁၄ ဦး၊ နေကြာ ၄၉ ဧကအတွက် ချေးငွေကျပ် ၇ ဒသမ ၃၅ သန်း ထုတ်ချေးပေးပြီးဖြစ်သည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် လယ်ဝေးခရိုင်၊ ပုဗ္ဗသီရိခရိုင်၊ ပျဉ်းမနားမြို့နယ်နှင့် တပ်ကုန်းမြို့နယ်ဘဏ်ခွဲများမှ နေပြည်တော်နယ်မြေအတွင်းရှိ မြို့နယ်ရှစ်မြို့နယ်မှ တောင်သူများသို့ ၂၀၂၂ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေနှင့် နေကြာသီးနှံ တိုးချဲ့စိုက်ပျိုးရေးချေးငွေများကို စက်တင်ဘာလကုန်အထိ ဆက်လက်ထုတ်ချေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

တစ်လေထဲ၊ တစ်သံထဲ

ကိုရေချမ်း

“အကြမ်းဖက်လုပ်ရပ်တွေဟာ ဘယ်သူတွေလုပ်တာလဲဆိုတဲ့ သက်သေအထောက်အထားတွေနဲ့ သိအောင်ပြတဲ့အခါမှာ မသိနိုင်၊ မမြင်နိုင် ဖြစ်နေရတာဟာ နောက်ခံအကြောင်းတရားတွေ ဖုံးလွှမ်းနေလို့ဖြစ်ပါတယ်။ “သူတော်အချင်းချင်း သတင်းလွှဲလွှဲ ပေါင်းဖက်တွေ”သလို နောက်ကလူတွေညီလို့ “ဤ” ကို “ကျွဲ” ဖတ်နေတဲ့သဘော ဖြစ်နေပါတယ်။ နိုင်ငံနဲ့ပြည်သူအတွက် ဘယ်လိုပင် ကောင်းအောင်လုပ်တယ်ဆိုဆို၊ ဘယ်လိုတွေ ခရီးဆက်နေတယ်ပြောပြော၊ ဘယ်သူတွေ အကြမ်းဖက်နေပါတယ်ပြပြ၊ ဖြစ်ချင်နေတာနဲ့၊ လိုချင်နေတာက တစ်ခုတည်းကိုသာ ဇောင်းပေးပြောဆိုနေတာတွေကို စေ့ငုကြည့်လိုက်တဲ့အခါမှာ မြန်မာနိုင်ငံအပေါ်ထားရှိတဲ့ မပြောင်းလဲတဲ့ သဘောတရားတွေကို ထင်ထင်ရှားရှား သိရှိခဲ့ရပါတယ်”

“ကုလသမဂ္ဂအနေနဲ့ ပြဿနာဖြေရှင်းရေးကို ပူးပေါင်းဆောင်ရွက်လိုတယ်လို့ဆိုပေမယ့် မြန်မာနိုင်ငံဘက်က ရှင်းပြခဲ့တဲ့ ဖြစ်စဉ်အမှန် အချက်အလက်အထောက်အထားတွေကို ထင်ဟပ်ဖော်ပြခြင်းမပြုဘဲ မှန်ကန်မှုမရှိတဲ့ တစ်ဖက်သတ်ပြောကြားချက်တွေကို အသုံးပြုထားလို့ နှစ်ဦးနှစ်ဖက် အပြုသဘောပူးပေါင်းဆောင်ရွက်လိုမှုတွေအတွက် အနှောင့်အယှက်၊ အဟန့်အတားတွေ ဖြစ်စေနိုင်ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ နိုင်ငံတာဝန်ကို ခေတ္တတာဝန်ယူဆောင်ရွက်နေတာဖြစ်ပြီး အစစအရာရာမှာ ဥပဒေနဲ့အညီ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်နေပါတယ်။ တိုင်းပြည်တည်ငြိမ်အေးချမ်းသာယာရေး၊ လူသားချင်းစာနာထောက်ထားရေးနဲ့ ငြိမ်းချမ်းရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတကာနဲ့ အများပြည်သူလိုလားတဲ့ ပါတီစုံဒီမိုကရေစီလမ်းကြောင်း ခိုင်ခိုင်မာမာရပ်တည်နိုင်ရေး၊ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကို ဦးတည်ဆောင်ရွက်နေပါတယ်။”

**“အကြမ်းဖက်လုပ်ရပ်တွေ ဘယ်သူတွေ ဘယ်ဘက်ကနေ ဘယ်ဘယ်လို ဖြစ်ပေါ်ကြောင်း ကျွန်တော်တို့ ကိုယ်ပိုင်ကျွမ်းကျင်ပညာ ရှိတဲ့ ပုဂ္ဂိုလ်ရေးရာ ပညာရှင်ကြီးတွေ ရှင်းပြပေးနိုင်ကြပါတယ်။ ဒီလိုပုဂ္ဂိုလ်ရေးရာ ပညာရှင်ကြီးတွေ ရှင်းပြပေးနိုင်ကြတဲ့ ကိုယ်ပိုင်ကျွမ်းကျင်ပညာ ရှိတဲ့ ပုဂ္ဂိုလ်ရေးရာ ပညာရှင်ကြီးတွေ ကျွန်တော်တို့ ကိုယ်တိုင် ရှိပါတယ်။ ဒီတော့ ကျွန်တော်တို့ ကိုယ်ပိုင်ကျွမ်းကျင်ပညာ ရှိတဲ့ ပုဂ္ဂိုလ်ရေးရာ ပညာရှင်ကြီးတွေ

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဗဟိုအဆင့်တွင် ပါဝင်ယှဉ်ပြိုင်နိုင်ရေးနှင့် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲကျင်းပနိုင်ရေး စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေး

ပုသိမ် သြဂုတ် ၂၄

(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဗဟိုအဆင့်တွင် ပါဝင်ယှဉ်ပြိုင်နိုင်ရေးနှင့် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲ ကျင်းပနိုင်ရေးအတွက် စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၁)၌ ကျင်းပသည်။

ရှေးဦးစွာ (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ တီးပြိုင်ပွဲကျင်းပရေးနာယက၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက (၂၃)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအတွက် ပထမ၊ ဒုတိယ၊ တတိယအကြိမ်ပြုလုပ်ခဲ့သည့် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ကော်မတီဝင်များအားလုံးက ဆွေးနွေးရန်လိုပါကြောင်း၊ ဗဟိုအဆင့်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ အခြေခံပညာအဆင့်၊ အဆင့်မြင့်ပညာအဆင့်၊ ဝါသနာရှင်အဆင့်များတွင် အဆင့်တိုင်း ပြိုင်ပွဲအမျိုးအစားတိုင်းအဆင့်ရှိရှိ ပါဝင်ယှဉ်ပြိုင်နိုင်ရေး ကြိုးစားကြစေလိုကြောင်းနှင့် အောင်မြင်မှုများရရှိအောင် ကြိုးစားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီအတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့က (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဗဟိုအဆင့်တွင် ပါဝင်ယှဉ်ပြိုင်နိုင်ရေးနှင့် တိုင်းဒေသကြီးအဆင့် ပြိုင်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများအားလည်းကောင်း၊ လုပ်ငန်းကော်မတီများမှ ကော်မတီများအလိုက် ဆောင်ရွက်သွားမည့် အခြေအနေများအားလည်းကောင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးမှူးများက (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဗဟိုအဆင့်တွင် ပါဝင်ယှဉ်ပြိုင်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများအားရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေး တက်ရောက်လာသူများ၏ အထွေထွေဆွေးနွေးတင်ပြချက်များအပေါ် ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ယနေ့မွန်းလွဲပိုင်းတွင် ပုသိမ်မြို့ မြို့တော်ခန်းမ၌ ပြုလုပ်သည့် ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် "တူယှဉ်နွဲ့ပျော် ဂီတပွဲတော် Season 2" တိုင်းဒေသကြီးကိုယ်စားပြုပြိုင်ပွဲဝင်များ၏သီဆိုမှုနှင့် အားပေးဂုဏ်ပြုခြင်း အခမ်းအနားသို့ တက်ရောက်၍ ပြိုင်ပွဲဝင်များ၊ တေးဂီတအဖွဲ့များအား ဂုဏ်ပြုငွေများ ချီးမြှင့်ပေးအပ်ခဲ့ကာ ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တရားရေးဦးစီးမှူးများ၏ (၂၃)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ထပ်ဆင့်ရှင်းလင်း

ဘားအံ သြဂုတ် ၂၄

နေပြည်တော်ရှိပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ၂၀၂၂ ခုနှစ် သြဂုတ် ၁၈ ရက်မှ ၁၉ ရက်အထိ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပခဲ့သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ် တရားရေးဦးစီးမှူးများ၏ (၂၃)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ လမ်းညွှန်မှာကြားချက်များအပေါ် ထပ်ဆင့်ရှင်းလင်းသည့် အခမ်းအနားကို သြဂုတ် ၂၃ ရက် မွန်းလွဲ ၃ နာရီက ကရင်ပြည်နယ် တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

မှန်ကန်မြန်ဆန်စွာ စစ်ဆေးပြီးပြတ်ရေး

ထပ်ဆင့်ရှင်းလင်းပွဲတွင် ကရင်ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်းက အမှုများကြန့်ကြာမှုမရှိစေဘဲ ဥပဒေနှင့်အညီ မျှတမှန်ကန်မြန်ဆန်စွာ စစ်ဆေးပြီးပြတ်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်၊ အုပ်ချုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုအဆင်ပြေချောမွေ့စေရေးအတွက် ခရိုင်များထပ်မံတိုးချဲ့ ပြင်ဆင်ဖွဲ့စည်းခဲ့သည့်အတွက် တိုးချဲ့ခရိုင်များတွင် တရားစီရင်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြရန်၊ တရားမမှုများတွင် တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်ကို တရားရုံးများတွင် ကျင့်သုံးဆောင်ရွက်နေကြပြီဖြစ်၍ စေ့စပ်ဖြေရှင်းရေး လုပ်ထုံးလုပ်နည်းများ မှန်ကန်စွာ ဆောင်ရွက်နိုင်ရေးအတွက် တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးလက်စွဲကို လိုက်နာကျင့်သုံး ဆောင်ရွက်ကြရန်၊ နိုင်ငံခြားသားတရားခံပါဝင်သော ရာဇဝတ်မှုများ ဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန် စစ်ဆေးစီရင်ရန်၊ ငွေကြေးခဝါချမှုနှင့်သက်ဆိုင်စပ်ဆိုင်သည့်ပြစ်မှုများအား စစ်ဆေးစီရင်စီမံခန့်ခွဲရာတွင် နိုင်ငံတော်၏လုပ်ငန်းစဉ်များအား အလေးထားလိုက်နာဆောင်ရွက်ကြရန်၊ ယခုနှစ်သည် မဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂)ခုနှစ်၏ ပဉ္စမနှစ် (နောက်ဆုံးနှစ်)ဖြစ်၍ သတ်မှတ်ချက်အတိုင်း လုပ်ငန်းအစီအစဉ်အားလုံး အောင်မြင်စေရန် အကောင်အထည်ဖော်ရမည်ဖြစ်၍ ကြိုးပမ်းဆောင်ရွက်သွားကြရန် အစရှိသည့် လမ်းညွှန်မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းပြောကြားသည်။

အဆိုပါထပ်ဆင့်ရှင်းလင်းပွဲသို့ ပြည်နယ်တရားလွှတ်တော်တရားသူကြီးများ၊ ပြည်နယ်တရားရေးဦးစီးမှူးနှင့် ပြည်နယ်တရားလွှတ်တော်၊ ခရိုင်/မြို့နယ်တရားရုံးများမှ တရားသူကြီးများ၊ တရားရေးအရာရှိများ စုစုပေါင်း ၂၄ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

ကျုံပျော်ခရိုင် ငါးလုပ်ငန်းဦးစီးဌာန၏ ခရိုင်ရုံးဆိုင်းဘုတ်တင်ပွဲနှင့် ခရိုင်ရုံးဖွင့်ပွဲအခမ်းအနား ကျင်းပ

ကျုံပျော် သြဂုတ် ၂၄

ဧရာဝတီ တိုင်းဒေသကြီး ကျုံပျော်ခရိုင် ငါးလုပ်ငန်းဦးစီးဌာန၏ ခရိုင်ရုံး ဆိုင်းဘုတ်တင်ပွဲနှင့် ခရိုင်ရုံးဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲက ခရိုင်ငါးလုပ်ငန်းဦးစီးဌာနရုံးတည်ရှိရာ တေဇရပ်ကွက်သောင်ရွာလမ်း၌ ကျင်းပသည်။

အမှာစကား ပြောကြား

ဖွင့်ပွဲတွင် ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးမြသိန်းက မိမိတို့ဌာနအနေဖြင့် တိုင်းပြည်အတွက် ပြည်တွင်းပြည်ပဝင်ငွေများစွာကို ရှာဖွေပေးလျက်ရှိကြောင်း၊ ငါးလုပ်ငန်းနှင့် ပတ်သက်သည့် အသက်မွေးဝမ်းကျောင်းမှ စားသောက်ကုန်လုပ်ငန်းများကိုလည်း ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ငါးသယံဇာတ ပေါကြွယ်ဝရေးအတွက် သဘာဝရေပြင် အင်းချောင်းများအတွင်း ငါးမျိုး စိုက်ထည့်ခြင်းများကို နှစ်စဉ် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခု ခရိုင်ရုံးအဆင့်တိုးမြှင့်လိုက်သည့်အတွက် ဌာနလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပြီး ပိုမိုအဆင်ပြေလာမည်ဟု ယုံကြည်ပါကြောင်း အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးမြသိန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇေယျမင်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ကျော်မိုးတို့က ခရိုင်ရုံးအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ခရိုင်ရုံးဆိုင်းဘုတ်အား အမွေးနုံ့သာရည်များ ပက်ဖျန်းပေးကာ စုပေါင်း ဆိုင်းဘုတ်တင်ခဲ့ကြသည်။

ခရိုင်(ပြန်/ဆက်)

■ **စာမျက်နှာ ၆ မှ**

ထုတ်ပြန်လိုက်တဲ့စကားတွေကို သုံးသပ်ကြည့်လိုက်မယ်ဆိုရင် မြန်မာနိုင်ငံရဲ့ ပကတိဖြစ်စဉ်အမှန်တရားတွေကို မျက်ကွယ်ပြုပြီး ၎င်းတို့ရည်ရွယ်ချက်၊ ၎င်းတို့အလိုကျ သဘောဆန္ဒများကို ရှေ့စကား နောက်စကားမညီပြောကြားထားတာကို တွေ့လိုက်ရပါတယ်။ ဆွေးနွေးပွဲမှာ မြန်မာနိုင်ငံခေါင်းဆောင်ရဲ့ သဘောထားပြောကြားချက်တွေဟာ ကုလအထူးကိုယ်စားလှယ်ရဲ့ မြန်မာနိုင်ငံအပေါ် စွပ်စွဲချက်တွေကို ထိထိရောက်ရောက် ချေပနိုင်ခဲ့လို မြန်မာနိုင်ငံနဲ့ မြန်မာပြည်သူတွေ ကိုယ်စား လွန်စွာအားရ ကျေနပ်မိပါတယ်။ အပေါ်ယံ ရွှေမှုန်ကြဲထားတဲ့ ရွှံ့ရုပ်မှန်းသိပါလျက်နဲ့ ရွှံ့ရုပ်ကို ပစ်လိုက်ရင်အပေါ်က ရွှေမှုန်တွေကို နှမြောနေတာနဲ့ တန်ဖိုးမရှိတဲ့ ရွှံ့ရုပ်ကို အကြောင်းပြုပြီး အမြဲတမ်း အလုပ်ရှုပ်နေသူတွေဖြစ်ပါတယ်။

အကြမ်းဖက်မှုကို ဘယ်နိုင်ငံမှလက်မခံ

ကမ္ဘာပေါ်မှာ ဘယ်နိုင်ငံအစိုးရမဆို နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ဥပဒေနဲ့အညီ တိတိကျကျ ပြတ်ပြတ်သားသား ဆောင်ရွက်နေကြတာကို တွေ့ရမှာဖြစ်ပါတယ်။ မကြာသေးမီက အမေရိကန်၊ ဂျပန်နိုင်ငံတွေမှာ ဖြစ်ခဲ့တဲ့ အကြမ်းဖက်သမားလက်ချက်ကြောင့် သေဆုံးခဲ့ရတဲ့ အမှုတွေနဲ့ပတ်သက်လို့ အကြမ်းဖက်သမားကို ဥပဒေနဲ့အညီ ထိရောက်စွာအရေးမယူဘဲ လူသားချင်း ညှာတာထောက်ထားမှုအနေနဲ့ သက်ညှာခွင့်ပြုပေးရန် တောင်းဆိုခဲ့ဖူးပါသလားလို့ မေးခွန်းထုတ်မယ်ဆိုရင် ပွဲသိမ်းသွားနိုင်ပါတယ်။ မြန်မာနိုင်ငံမှာ ဖြစ်ပျက်နေတာကို သိသိကြီးနဲ့ မျက်ကွယ်ပြုထားမယ်ဆိုရင် နိုင်ငံကို ပျက်စီးအောင် ဖျက်ဆီးနေကြတဲ့ NUG အကြမ်းဖက်အဖွဲ့နဲ့ အပြစ်မဲ့ပြည်သူတွေကို အကြောင်းမဲ့နှိပ်စက်သတ်ဖြတ်နေတဲ့ PDF အမည်ခံ အကြမ်းဖက်သမားတွေကို အထူးကိုယ်စားလှယ်ကြီးက လေးစားထောက်ခံနေပါတယ်လို့ သတ်မှတ်ရမှာဖြစ်ပါတယ်။

ပကတိဖြစ်ရပ်မှန်တွေကို အထောက်အထားတွေနဲ့ ဘယ်လိုပင်ရှင်းပြသော်လည်း မသိချင်ယောင်ဆောင်၊ လက်မခံတာကတော့ တစ်ကျိတ်တည်း တစ်ဥာဏ်တည်း အပေါင်းအဖော်တွေ ဖြစ်နေလို့တူပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်ကြီးကို ပျက်စီးအောင် ဝိုင်းဝန်းဖိအားပေးနေကြတဲ့ ကြီးကြီးငယ်ငယ်တွေရဲ့ ဖြစ်နေကြတာတွေဟာ "ငါနဲ့မတူရင်၊ ငါ့ရန်သူပဲ" ဆိုတဲ့ အစွန်းရောက်၊ ဗိုလ်ကျနိုင်ငံရေးသဘောတရားအတိုင်း "တစ်လေထဲ တစ်သံထဲ" အားလုံးဖြစ်နေကြတာကို တွေ့ရမှာဖြစ်ပါတယ်။ ။

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် သြဂုတ် ၂၄

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နေရာစပ်စပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ဧလ

စာပေဗိမာန်မှ စာပေနိဗ္ဗာန်သို့

နေသူရိန်

မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း (Burma Translation Society)စာပေဗိမာန်ပုံနှိပ်စက်ရုံကို တွေ့ရစဉ်။

၂၀၂၂ ခုနှစ် သြဂုတ်လ ၂၆ ရက်သည် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန (PPD) ၏ "စာပေဗိမာန်"သည် ၇၅ နှစ်ပြည့် စိန်ရတုနှစ်ပတ်လည်သို့ ရောက်ရှိလာပြီဖြစ်သည်။

"စာပေဗိမာန်"ဟု ယခုအချိန်အထိ အများသူငါ မှတ်မှတ်ထင်ထင် ခေါ်ဝေါ်သုံးစွဲနေကြသော်လည်း မူလဘူတမှာ"မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း" (Burma Translation Society) ဖြစ်သည်။ ပြည်လမ်း ဟံသာဝတီအိုင်းရှိ (SORRENTO VILLA) သို့ရုံးပြောင်းရွှေ့ပြီးနောက် "စာပေဗိမာန်"အင်္ဂလိပ်လို (Palace of Literature)ဟူ၍ ခေါ်ဆိုကြသည်။ သို့သော်လည်း နောက်ပိုင်းတွင် "စာပေဗိမာန်"၊ အင်္ဂလိပ်လို (Sarpay Beikman) ဟူ၍ ယခုအချိန်တိုင်အောင် စွဲစွဲမြဲမြဲ ခေါ်ဝေါ်သုံးစွဲနေကြပါတော့သည်။

စာပေဗိမာန်၏ နောက်ခံသမိုင်းအကျဉ်းချုပ်နှင့် နှစ်အလိုက် ထင်ရှားခဲ့သော လှုပ်ရှားမှုအကျဉ်းချုပ်

၁၉၄၇ ခုနှစ် ဇွန်လ ၇ ရက်တွင် SORRENTO VILLA အဆောက်အအုံတွင် ကျင်းပသည့် ပြန်လည်ထူထောင်ရေးကွန်ဖရင့်၌ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားသည့် မိန့်ခွန်းတွင် "ဘာသာပြန်ဌာနအကြီးကြီးတစ်ခုကို ဖွင့်ရမည်"ဟု ပါရှိခဲ့သည်။ သို့ဖြင့် သြဂုတ်လ ၂၆ ရက်တွင် ဝန်ကြီးချုပ်ဦးနု ဦးဆောင်ပြီး "မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း" (Burma Translation Society) ကို တည်ထောင်သည်။ စက်တင်ဘာလတွင် အသင်း၏ရည်ရွယ်ချက် (၁၄) ချက်ကိုရေးဆွဲပြီး ဝန်ကြီးချုပ်ဦးနုက ဥက္ကဋ္ဌတာဝန်ယူ၍ အုပ်ချုပ်မှုကောင်စီဝင် ၁၁ ဦး စုစုပေါင်း ၁၂ ဦးဖြင့် ဖွဲ့စည်းခဲ့သည်။ နောင်တွင် ၁၅ ဦးအထိ ဖြစ်လာခဲ့သည်။ ဒီဇင်ဘာလတွင် စာတည်း ဘာသာပြန်ဆိုခဲ့သည်။ ဇွန်လတွင် "စာပေဗိမာန် လစဉ်စာစောင်"ကို အခမဲ့ထုတ်ဝေဖြန့်ချိခဲ့သည်။ ဧရိယာတွင် စာအုပ်စီမံကိန်း အဖွဲ့ငယ်၏ အကြံပေးချက်အရ လူထုအလင်းစာစဉ်၊ လူထုအိတ်ဆောင်စာစဉ်၊ လူထုတက္ကသိုလ်စာစဉ်ဟူ၍ စာစဉ်သုံးမျိုး စတင်ထုတ်ဝေခဲ့သည်။

လူထုအလင်းစာစဉ်ဆိုသည်မှာ မြန်မာစာဖတ်သူတိုင်း ကမ္ဘာ့ဗဟုသုတ ကမ္ဘာ့ယဉ်ကျေးမှု အရပ်ရပ်ကို ဖတ်ရှုနားလည်နိုင်စေရန် လွယ်ကူရှင်းလင်းသော စကားအသုံးအနှုန်းများဖြင့် အစီအစဉ်အတိုင်း ပြုစုရေးသားထုတ်ဝေသည့် စာအုပ်မျိုးဖြစ်သည်။ လူထုအိတ်ဆောင်စာစဉ်ဆိုသည်မှာလောလောဆယ် စာရေးဆရာ မင်းအောင်၏ "မိုးအောက်မြေပြင်" ဝတ္ထုကရရှိခဲ့ပြီး ဆုငွေမှာ ကျပ်တစ်ထောင် ဖြစ်သည်။

မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း၏ အုပ်ချုပ်မှုကောင်စီဝင်များ(၁၉၅၄)ကို တွေ့ရစဉ်။

(ဝိဇ္ဇာပညာ)၊ စာတည်း (သိပ္ပံပညာ) တစ်ဦးစီခန့်ထားပြီး လုပ်ငန်းများ စတင်လုပ်ဆောင်ခဲ့သည်။

၁၉၄၈ ခုနှစ် ဧန်နဝါရီလ ၁၅ ရက်တွင် ယာယီမြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်းတိုက်ကို ဂျပ်ဆင်ကောလိပ်ဝင်းအတွင်းရှိ ပါမောက္ခ ဒေါက်တာလှဘူး၏အိမ်ကို ခေတ္တငှားရမ်း ဖွင့်လှစ်သည်။ အသင်းတိုက်၏ ရှေ့မျက်နှာစာတွင် စာပေဝါသနာပါသူ လူကြီးလူကောင်းများကိုဖိတ်ကြား၍ အသင်းဥက္ကဋ္ဌ ဝန်ကြီးချုပ်ဦးနုက အသင်းကြီးအနေဖြင့် တိုင်းပြည် ပြည်သူလူထုကြီးကို မည်သို့မည်ပုံ ပညာရောင်ဖြင့် အလင်းဆောင်မည်ကို အကျယ်တဝင့် မိန့်ကြားခဲ့သည်။ မေလဆန်းတွင် ဝန်ထမ်းအင်အားများလာ၍ ယာယီအသင်းတိုက်မှ အမှတ် (၃ဒ၁) ပြည်လမ်းရှိ (SORRENTO VILLA) အဆောက်အအုံကို ငှားရမ်းပြောင်းရွှေ့ကာ အသင်းတိုက်ကို "စာပေဗိမာန်" (Palace of Literature) ဟု အမည်ပေးခဲ့သည်။ မေလတွင် မြန်မာ့စွယ်စုံကျမ်းထုတ်ဝေရန် အတွက် သရုပ်ပြစွယ်စုံကျမ်း ၁၀ တွဲကို တိုက်ရိုက်ဖြစ်ပေါ်နေသော မြန်မာ့အခြေအနေနှင့် ကမ္ဘာ့အခြေအနေတို့ကို ဆင်ခြင်ဝေဖန်သုံးသပ်နိုင်စေရန် အခါအားလျော်စွာ လူထုအဖို့ အရေးပေါ်ထုတ်ဝေဖြန့်ချိသွားသည့် စာအုပ်ငယ်မျိုးဖြစ်သည်။

လူထုတက္ကသိုလ်စာစဉ် ဆိုသည်မှာ ၇ တန်း၊ ၈ တန်း၊ ၉ တန်း၊ ၁၀ တန်း စသည်ဖြင့်ပညာအခြေခံ အသင့်အတင့်ရှိပြီး သူတို့အဖို့ တက္ကသိုလ်ပညာ အရပ်ရပ်ကို မိမိတို့အသက်မွေးဝမ်းကျောင်းဆိုင်ရာ အလုပ်အကိုင် မပျက်စေဘဲ အိမ်နှင့်မကွာ နေထိုင်ရင်း ဖတ်ရှုလေ့လာနိုင်ရန် အစီအစဉ်တကျ ရေးသားထုတ်ဝေသည့် စာအုပ်မျိုး ဖြစ်သည်။ ၁၉၄၉ ခုနှစ်မတ်လတွင် ၁၀ လခန့် ငှားရမ်းခဲ့သော ဗိုလ်ချုပ်အောင်ဆန်း၏ သမိုင်းဝင်အဆောက်အအုံ (SORRENTO VILLA) နှင့် မြေကွက်ကို စည်ပင်သာယာရေးအဖွဲ့ထံမှ ငွေကျပ် ၁၁၂၅၀၀ ဖြင့် အပြီးအပြတ်ဝယ်ယူခဲ့သည်။ ဝင်းတစ်ခုလုံးမှာ မြေဧက ၃ ဒသမ ၅ ဧက ကျော်ကျော်ဖြစ်သည်။ ဇွန်လတွင် ၁၉၄၈ ခုနှစ်အတွက် ပထမဦးဆုံးသော "စာပေဗိမာန်ဆု"ကို ပြည်ထောင်စု ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန (PPD) ၏ "စာပေဗိမာန်"သည် ၇၅ နှစ်ပြည့် စိန်ရတုနှစ်ပတ်လည်သို့ ရောက်ရှိလာပြီဖြစ်သည်။

"စာပေဗိမာန်"ဟု ယခုအချိန်အထိ အများသူငါ မှတ်မှတ်ထင်ထင် ခေါ်ဝေါ်သုံးစွဲနေကြသော်လည်း မူလဘူတမှာ"မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း" (Burma Translation Society) ဖြစ်သည်။ ပြည်လမ်း ဟံသာဝတီအိုင်းရှိ (SORRENTO VILLA) သို့ရုံးပြောင်းရွှေ့ပြီးနောက် "စာပေဗိမာန်"အင်္ဂလိပ်လို (Palace of Literature)ဟူ၍ ခေါ်ဆိုကြသည်။ သို့သော်လည်း နောက်ပိုင်းတွင် "စာပေဗိမာန်"၊ အင်္ဂလိပ်လို (Sarpay Beikman) ဟူ၍ ယခုအချိန်တိုင်အောင် စွဲစွဲမြဲမြဲ ခေါ်ဝေါ်သုံးစွဲနေကြပါတော့သည်။

စာပေဗိမာန်၏ နောက်ခံသမိုင်းအကျဉ်းချုပ်နှင့် နှစ်အလိုက် ထင်ရှားခဲ့သော လှုပ်ရှားမှုအကျဉ်းချုပ်

၁၉၄၇ ခုနှစ် ဇွန်လ ၇ ရက်တွင် SORRENTO VILLA အဆောက်အအုံတွင် ကျင်းပသည့် ပြန်လည်ထူထောင်ရေးကွန်ဖရင့်၌ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားသည့် မိန့်ခွန်းတွင် "ဘာသာပြန်ဌာနအကြီးကြီးတစ်ခုကို ဖွင့်ရမည်"ဟု ပါရှိခဲ့သည်။ သို့ဖြင့် သြဂုတ်လ ၂၆ ရက်တွင် ဝန်ကြီးချုပ်ဦးနု ဦးဆောင်ပြီး "မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း" (Burma Translation Society) ကို တည်ထောင်သည်။ စက်တင်ဘာလတွင် အသင်း၏ရည်ရွယ်ချက် (၁၄) ချက်ကိုရေးဆွဲပြီး ဝန်ကြီးချုပ်ဦးနုက ဥက္ကဋ္ဌတာဝန်ယူ၍ အုပ်ချုပ်မှုကောင်စီဝင် ၁၁ ဦး စုစုပေါင်း ၁၂ ဦးဖြင့် ဖွဲ့စည်းခဲ့သည်။ နောင်တွင် ၁၅ ဦးအထိ ဖြစ်လာခဲ့သည်။ ဒီဇင်ဘာလတွင် စာတည်း

ဘာသာပြန်ဆိုခဲ့သည်။ ဇွန်လတွင် "စာပေဗိမာန် လစဉ်စာစောင်"ကို အခမဲ့ထုတ်ဝေဖြန့်ချိခဲ့သည်။ ဧရိယာတွင် စာအုပ်စီမံကိန်း အဖွဲ့ငယ်၏ အကြံပေးချက်အရ လူထုအလင်းစာစဉ်၊ လူထုအိတ်ဆောင်စာစဉ်၊ လူထုတက္ကသိုလ်စာစဉ်ဟူ၍ စာစဉ်သုံးမျိုး စတင်ထုတ်ဝေခဲ့သည်။

လူထုအလင်းစာစဉ်ဆိုသည်မှာ မြန်မာစာဖတ်သူတိုင်း ကမ္ဘာ့ဗဟုသုတ ကမ္ဘာ့ယဉ်ကျေးမှု အရပ်ရပ်ကို ဖတ်ရှုနားလည်နိုင်စေရန် လွယ်ကူရှင်းလင်းသော စကားအသုံးအနှုန်းများဖြင့် အစီအစဉ်အတိုင်း ပြုစုရေးသားထုတ်ဝေသည့် စာအုပ်မျိုးဖြစ်သည်။ လူထုအိတ်ဆောင်စာစဉ်ဆိုသည်မှာလောလောဆယ် စာရေးဆရာ မင်းအောင်၏ "မိုးအောက်မြေပြင်" ဝတ္ထုကရရှိခဲ့ပြီး ဆုငွေမှာ ကျပ်တစ်ထောင် ဖြစ်သည်။

၁၉၅၀ ပြည့်နှစ်တွင် ဝေါဟာရဘဏ်လုပ်ငန်းကို စတင်လုပ်ကိုင်သည်။ ၁၉၅၁ ခုနှစ်တွင် နှစ် ၅၀ စာစဉ်တွဲများ (ကမ္ဘာ့ရေးရာ၊ ယဉ်ကျေးမှုရေးရာ၊ လူမှုရေးရာ) ကို ဟော်လန်နိုင်ငံတွင် ပုံနှိပ်ထုတ်ဝေသည်။ သိပ္ပံစာစဉ်များနှင့် အသက်မွေးမှုဆိုင်ရာ ကျောင်းသုံးစာအုပ်များ ထုတ်ဝေသည်။ ၁၉၅၂ ခုနှစ်တွင် (TCA) နိုင်ငံခြားထောက်ပံ့မှု အကူအညီအရ ကျပ်ငွေ ရှစ်သိန်းကျော်တန်ဖိုးရှိသော ပုံနှိပ်စက်များကို အမေရိကန်အစိုးရထံမှ ရရှိခဲ့သည်။ "ပြည်တော်သာစာစဉ်"ကိုထုတ်ဝေသည်။ "စာပေဗိမာန်မဂ္ဂဇင်း"ကို စတင်ထုတ်ဝေသည်။

၁၉၅၁ ခုနှစ်အတွက် စာပေဗိမာန်ဆုကို သုံးဆုသတ်မှတ်သည်။

(က) ကာလပေါ်ဝတ္ထုဆု ဆုငွေ (၁၀၀၀/-)

(ခ) ဘာသာပြန်ဆု ဆုငွေ(၇၅၀/-)

(ဂ) စာပဒေသာဆု ဆုငွေ(၁၀၀၀/-) တို့ ဖြစ်သည်။

၁၉၅၃ ခုနှစ်တွင် ကုန်သည်လမ်းနှင့် ၃၇ လမ်းထောင့်ရှိ မြေနေရာတွင် စာပေဗိမာန်အဆောက်အအုံအသစ်ကို အုတ်မြစ်ချသည်။ ၁၉၅၄ ခုနှစ်တွင် မြန်မာ့စွယ်စုံကျမ်းအတွဲ(၁)ကို ထုတ်ဝေသည်။ ယဉ်ကျေးမှုဆိုင်ရာ ဗျော်ပွဲရွှင်ပွဲများ ပြုလုပ်နိုင်ရန် "ဖိုဒ့်"ဖောင်ဒေးရှင်းက အကူအညီပေးသည်။ ၁၉၅၅ ခုနှစ်တွင် ပညာသင်ကြားခွင့်မရသော မြို့နေ လူကြီးလူငယ်များအတွက် "ပြည်သူ့လက်စွဲစာစဉ်" ထုတ်ဝေသည်။ မေလတွင် ကုန်သည်လမ်းနှင့် ၃၇ လမ်း စာပေဗိမာန်အဆောက်အအုံသစ်ကို မြို့တွင်းရုံးခွဲအဖြစ် တိုးချဲ့ဖွင့်လှစ်သည်။ အဆောက်အအုံ၏ ကာလတန်ဖိုးမှာ ငွေကျပ် ၁၈၁၀၀၀၀ ဖြစ်သည်။ အင်ဂျင်နီယာ "မစ္စတာဟူစိန်" ဆိုသူက အဆောက်အအုံဒီဇိုင်းရေးဆွဲပြီး ဆောက်လုပ်ရေးလုပ်ငန်းရှင် "မစ္စတာယူစွပ်" အဖွဲ့က ဆောက်လုပ်ခဲ့သည်။ ဧရိယာတွင် အထွေထွေပညာပေးသင်တန်းများ ဖွင့်လှစ်ပြီး စာအုပ်ထုတ်ဝေရေး သုတေသနကို ဖွင့်လှစ်သည်။ ၁၉၅၆ ခုနှစ်တွင် ယူနက်စကို (UNESCO)၏ အစီအစဉ်ဖြင့် ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းကြီးဖြစ်လာစေရန် ထုတ်လုပ်မှုဌာနကို သီးခြားဖွင့်လှစ်သည်။ မတ်လတွင် စာပေဗိမာန်စာကြည့်တိုက်ကို ဖွင့်လှစ်သည်။ ဧပြီလတွင် သတင်းစာအတတ်ပညာသင်တန်းများ ဖွင့်လှစ်သည်။

၁၉၅၇ ခုနှစ်တွင် ကျောင်းသုံးစာအုပ် ထုတ်ဝေရေးဌာနကို အသစ်ပြန်ဖွဲ့စည်းပြီး အထက်တန်းစာအုပ်များအပြင် တက္ကသိုလ်ကျောင်းသုံး စာအုပ်များကိုပါ ပုံနှိပ်ထုတ်ဝေသည်။ အောက်တိုဘာလတွင် "စာဖတ်ပရိသတ်အသစ်များ တိုးပွားရန်အတွက် ပုံနှိပ်ထုတ်ဝေခြင်း" ခေါင်းစဉ်ဖြင့် ယူနက်စကို ဒေသဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ကျင်းပသည်။ သီရိလင်္ကာ၊ ပါကစ္စတန်၊ အိန္ဒိယနှင့် မြန်မာနိုင်ငံတို့မှ ကိုယ်စားလှယ်များက တက်ရောက်ဆွေးနွေးကြသည်။ ၁၉၅၈ ခုနှစ် ဧန်နဝါရီလတွင် ကျေးလက်နေပြည်သူလူထုအတွက် "ပြည်သူ့လက်စွဲစာစဉ်"ကို ထုတ်ဝေသည်။ ၁၉၅၉ ခုနှစ်တွင် "စာပေဗိမာန်မဂ္ဂဇင်း" ထုတ်ဝေမှုကို ရပ်ဆိုင်းသည်။ "ကလေးစာစဉ်" စာအုပ်များကို ထုတ်ဝေသည်။ ၁၉၆၀ ပြည့်နှစ်တွင် "လူထုတက္ကသိုလ်စာစဉ်"ကို "ပြည်သူ့လက်စွဲစာစဉ်"အမည်ဖြင့် ပြောင်းလဲထုတ်ဝေသည်။ စာပေဗိမာန်စာအုပ်အသင်းကို တည်ထောင်သည်။ ပြည်သူ့လက်စွဲစာစဉ်များကို ၂၅ ပြားတန်အစားပြား ၅၀ တန်နှင့် ၁ ကျပ်တန် ထုတ်ဝေသည်။

၁၉၆၂ ခုနှစ်တွင် "စာပေဗိမာန်ဆု"ကို "အနုပညာဆိုင်ရာ စာပေဆု" ဟု ပြောင်းလဲသတ်မှတ်သည်။ ၁၉၆၃ ခုနှစ်တွင် "အနုပညာဆိုင်ရာ စာပေဆု"ကို ပုံနှိပ်ပြီး စာမူနှင့် ပုံမနှိပ်ရသေးသည့် စာမူများကိုပါ ယှဉ်ပြိုင်ခွင့်ပြုခဲ့သည်။ သြဂုတ်လ ၂၂ ရက်တွင် စာပေဗိမာန်ကို ပြန်ကြားရေးဝန်ကြီးဌာန၏ လက်အောက်သို့ လွှဲပြောင်းဖွဲ့စည်းသည်။ စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့ ဥပဒေကိုပြဋ္ဌာန်းသည်။

၁၉۶۷ ခုနှစ် အောက်တိုဘာလတွင် ဝေါဟာရဘဏ်စာအုပ် နှစ်တွဲ ထုတ်ဝေသည်။ အဆိုပါစာအုပ်များတွင် ဘာသာရပ် ၂၄ မျိုး၊ ဝေါဟာရပေါင်း ၆၆၀၀၀ ကျော် ပါဝင်သည်။ ၁၉۶۹ ခုနှစ်တွင် "အနုပညာဆိုင်ရာ စာပေဆု" ကို "အမျိုးသားစာပေဆု" ဟူ၍ အမည်ပြောင်းလဲ ချီးမြှင့်သည်။ မေလ ၂ ရက်တွင် စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့ကို ဖွဲ့စည်းသည်။ ၁۹۷۰ ခုနှစ်တွင် "အမျိုးသားစာပေဆု" အပြင် "စာပေဗိမာန်စာမူဆု" ကိုပါ ပေးအပ်ချီးမြှင့်ပြီး သီးခြားစီခွဲခြား၍ စီစဉ်ကျင်းပသည်။ ဧန်နဝါရီလ ၄ ရက်တွင် ရွှေသွေးဂျာနယ်ကို စတင်ထုတ်ဝေသည်။ ၁۹۷၂ ခုနှစ် ဒီဇင်ဘာလတွင် နိုင်ငံတကာ စာအုပ်နှစ်ပြပွဲနှင့် စာပေနှီးနှောဖလှယ်ပွဲများ ကျင်းပသည်။ **စာမျက်နှာ ၉ သို့ ❍**

"၁၉၄၇ ခုနှစ် ဇွန်လ ၇ ရက်တွင် SORRENTO VILLA အဆောက်အအုံတွင် ကျင်းပသည့် ပြန်လည်ထူထောင်ရေးကွန်ဖရင့်၌ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားသည့် မိန့်ခွန်းတွင် "ဘာသာပြန်ဌာနအကြီးကြီးတစ်ခုကို ဖွင့်ရမည်"ဟု ပါရှိခဲ့သည်။ သို့ဖြင့် သြဂုတ်လ ၂၆ ရက်တွင် ဝန်ကြီးချုပ်ဦးနု ဦးဆောင်ပြီး "မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း" (Burma Translation Society) ကို တည်ထောင်သည်။ စက်တင်ဘာလတွင် အသင်း၏ရည်ရွယ်ချက်(၁၄)ချက်ကိုရေးဆွဲပြီး ဝန်ကြီးချုပ်ဦးနုက ဥက္ကဋ္ဌတာဝန်ယူ၍ အုပ်ချုပ်မှုကောင်စီဝင် ၁၁ ဦး စုစုပေါင်း ၁၂ ဦးဖြင့် ဖွဲ့စည်းခဲ့"

❍ စာမျက်နှာ ၈ မှ

၁၉၇၃ ခုနှစ် ဇူလိုင်လတွင် "သုတပဒေသာ ဘာသာပြန်စာစောင်"ကို တစ်အုပ်သာ ထုတ်ဝေခဲ့သည်။ ထို့နောက် လေးလတစ်ကြိမ်၊ သုံးလတစ်ကြိမ်၊ နှစ်လတစ်ကြိမ် ထုတ်ဝေခဲ့ပြီး ၂၀၀၀ ပြည့်နှစ် ဇွန်လမှစ၍ ယနေ့အထိ လစဉ်ထုတ်ဝေသည်။

၁၉၇၅ ခုနှစ် ဖေဖော်ဝါရီလတွင် ဂျပန်နိုင်ငံ တိုကျိုမြို့ ယူနက်စကိုဆိုင်ရာ အာရှယဉ်ကျေးမှု ဌာန၊ ယူနက်စကိုအမျိုးသားကော်မရှင်၊ မြန်မာနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ယူနက်စကို အမျိုးသားကော်မရှင်တို့ ပူးပေါင်းစီစဉ်သည့် "စာအုပ်ထုတ်ဝေရေးသင်တန်း" ဖွင့်လှစ်သည်။ မတ်လတွင် "စာနယ်ဇင်းတိုင်း ခေတ်သမိုင်း" ပြပွဲကျင်းပသည်။

၁၉၇၇ ခုနှစ်တွင် မြန်မာ့စွယ်စုံကျမ်း၏ နောက်ဆုံးတွဲ အတွဲ ၁၅ (ဌ-အွန်) ကို ထုတ်ဝေသည်။ ၁၉၇၈ ခုနှစ်တွင် မြန်မာ့စွယ်စုံကျမ်း ၁၅ တွဲ၏ နောက်ဆက်တွဲ အဖြည့်မှတ်တမ်းများအဖြစ် တစ်နှစ်တစ်ကြိမ်ထုတ် "မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်" ကို စတင်ထုတ်ဝေသည်။ ၁၉၉၂ ခုနှစ်တွင် စာပေဗိမာန် ဥပဒေအဖွဲ့ကို ဖျက်သိမ်းသည်။ ၁၉၉၃ ခုနှစ်တွင် ပခုက္ကူဦးအုံးဖေစာပေဆုကို စတင်ချီးမြှင့်သည်။

၂၀၀၀ ပြည့်နှစ် ဇွန်လမှစတင်၍ သုတပဒေသာ စာစောင်ကို တစ်လတစ်ကြိမ်ပြောင်းလဲထုတ်ဝေသည်။ ၂၀၀၁ ခုနှစ်တွင် တစ်သက်တာစာရေးခြင်းနှင့် နိုင်ငံအကျိုးပြု အဖွဲ့အစည်းများတွင် စာပေဆိုင်ရာနှင့် အနုပညာဆိုင်ရာလုပ်ငန်းများ အလေးထားဆောင်ရွက်ခဲ့ပြီး လေးစားထိုက်သော စာပေလက်ရာ အများအပြား ရေးသားပြုစုထားသည့် ဆရာကြီး၊ ဆရာမကြီးများအား ဂုဏ်ပြုချီးမြှောက်သောအားဖြင့် "အမျိုးသားစာပေတစ်သက်တာဆု" ကို တီထွင်ပြီး စတင်ချီးမြှင့်ရာ ၂၀၀၁ ခုနှစ်အတွက် အမျိုးသား စာပေတစ်သက်တာဆုကို "ဆရာကြီးပါရဂူ" က ချီးမြှင့်ခြင်းခံရသည်။

၂၀၀၃ ခုနှစ်တွင် ပြည်လမ်း စာပေဗိမာန်ပုံနှိပ်စက်ရုံ၏ SORRENTO VILLA အဆောက်အအုံ အပါအဝင် စာပေဗိမာန်ပုံနှိပ်စက်ရုံ၏ အဆောက်အအုံမှန်သမျှကို စက်ရုံမှူးက ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၏ ဒုတိယ အထွေထွေမန်နေဂျာထံ လွှဲပြောင်းပေးအပ်ခဲ့သည်။ စာပေဗိမာန်ပုံနှိပ်စက်ရုံကို အောင်ဆန်းသို့ ပြောင်းရွှေ့သည်။

၂၀၁၅ ခုနှစ် ဇူလိုင်လ ၂၆ ရက်တွင် " စာပေဗိမာန် စာပေစကားဝိုင်း" (ဝတ္ထုရှည် အနှစ်သာရများ)ကို ကျင်းပသည်။ ၂၀၁၆ ခုနှစ် ဇူလိုင်လ ၂၉ ရက်တွင် စာပေဗိမာန်အဆောက်အအုံ (၃၇) လမ်း၌ စာပေဗိမာန် စာအုပ်အရောင်းဆိုင် (ဆိုင်ခွဲ)ကို စတင်ဖွင့်လှစ်သည်။ စက်တင်ဘာလ ၁၄ ရက်တွင် စာပေဗိမာန်နှင့် ထွန်းဖောင်ဒေးရှင်းဘဏ်တို့ ပူးပေါင်း၍ မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ပြုစု ထုတ်ဝေရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ပထမဆုံးအကြိမ် ကျင်းပသည်။

၂၀၁၇ ခုနှစ် သြဂုတ်လ ၂၆ ရက်တွင် စာပေဗိမာန်နှစ်(၇၀)ပြည့်အထိမ်းအမှတ် အခမ်းအနားကို ကုန်သည်လမ်းနှင့် (၃၇)လမ်းထောင့်ရှိ စာပေဗိမာန် အဆောက်အအုံတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ သြဂုတ်လတွင် စာပေဗိမာန် နှစ်(၇၀)ပြည့် အထိမ်းအမှတ်စာစောင်နှင့် သုတပဒေသာပေါင်းချုပ် စာအုပ်ကို ထုတ်ဝေသည်။ အောက်တိုဘာလ ၇ ရက်မှ ၁၄ ရက်အထိ စာပေဗိမာန်စာတည်းများ စွမ်းဆောင်ရည်မြှင့်တင်သင်တန်း ဖွင့်လှစ်သည်။ ဒီဇင်ဘာလတွင် အမျိုးသားစာပေ တစ်သက်တာဆုတွင် စာပေပညာရှင်နှင့် စာရေးဆရာဟူ၍ ဆုနှစ်ဆု သတ်မှတ်လျက် စတင်ချီးမြှင့်သည်။

၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်၏ စာပေဆုချီးမြှင့်ငွေများကို တိုးမြှင့်ရာ အမျိုးသားစာပေတစ်သက်တာဆုကို ကျပ်သိန်း ၅၀၊ အမျိုးသားစာပေဆုကို ကျပ် ၂၅ သိန်း၊ စာပေဗိမာန်ပထမဆုကို ကျပ် ၁၀ သိန်း၊ ဒုတိယဆုကို ကျပ် ၇ သိန်း၊ တတိယဆုကို ကျပ် ၅ သိန်း ချီးမြှင့်သည်။

ယာယီမြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်းတိုက် ပါမောက္ခ ဒေါက်တာလှဘူး၏အိမ်ကိုတွေ့ရစဉ်။

၂၀၁၈ ခုနှစ် ဇူလိုင်လ ၇ ရက်တွင် စာရေးဆရာမကြီး ဒေါ်ကြန် (မကြန်) အသက် (၁၀၀)ပြည့် မွေးနေ့ အထိမ်းအမှတ်အခမ်းအနားကို စာပေဗိမာန်တွင် ကျင်းပသည်။ ဒီဇင်ဘာလ ၃ ရက်တွင် မြန်မာဂန္ဓဝင် အတွဲ ၁၀၀ စာစဉ် ဝတ္ထုရှည် (အတွဲ ၁၊ ၂၊ ၃) ထုတ်ဝေခြင်း စာအုပ်မိတ်ဆက်ပွဲ အခမ်းအနားကို ဆူးလေရှန်ဂရီလာဟိုတယ်တွင် ကျင်းပခဲ့သည်။ ဒီဇင်ဘာလ ၂၁ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့်ပူးပေါင်း၍ ၂၀၁၇ ခုနှစ်အတွက် အမျိုးသားစာပေဆုရ စာရေးဆရာကြီးများနှင့် စာပေစကားဝိုင်းပြုလုပ်လျက် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ခဲ့သည်။

၂၀၁၉ ခုနှစ် ဧပြီလ ၃ ရက်တွင် စင်ကာပူနိုင်ငံ Book Council၊ MBAPS တို့နှင့် ပူးပေါင်း၍ "နယ်နိမိတ်များပေါင်းကူးခြင်း အရှေ့တောင်အာရှ စာပေစီမံကိန်း (မြန်မာ) စာပေဆွေးနွေးပွဲ" ကျင်းပသည်။ သြဂုတ်လ ၂၇ ရက်မှ စက်တင်ဘာလ ၁ ရက်အထိ ဂျပန်နိုင်ငံ ရှန်တီစေတနှ၁ဝန်ထမ်းအဖွဲ့ (SVA) နှင့်ပူးတွဲ၍ "ကလေးစာပေဖွံ့ဖြိုးရေးအလုပ်ရုံဆွေးနွေးပွဲ"ကို ကျင်းပခဲ့သည်။ စက်တင်ဘာလ ၁၉ ရက်တွင် စာပေဗိမာန်တွင် အသုံးပြုသော ဓာတ်လှေကားမှာ သက်တမ်းရှည်လာ၍ အသုံးပြုရန် မရတော့သဖြင့် တန်ဖိုးငွေကျပ် ၃၇၈၅၀၀၀ ကျသင့်သည့် ခေတ်မီဓာတ်လှေကားအသစ်ကို စာပေဗိမာန် ရုံး၌ တပ်ဆင်ခဲ့ပြီး စတင်လည်ပတ်အသုံးပြုသည်။ နိုဝင်ဘာလ ၂၇ ရက်တွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ဆူးလေရှန်ဂရီလာဟိုတယ်၌ ၂၀၁၈ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ချီးမြှင့်ပွဲ အခမ်းအနား ကျင်းပသည်။ ဒီဇင်ဘာလ ၂၈ ရက်တွင် "မြန်မာဂန္ဓဝင် အတွဲ ၁၀၀ စာစဉ်" ဝတ္ထုရှည် (အတွဲ ၄၊ ၅၊ ၆) ထုတ်ဝေခြင်း စာအုပ်မိတ်ဆက်ပွဲအခမ်းအနားကို Sky Star Hotel ၌ ကျင်းပသည်။ ၂၀၁၈ ခုနှစ်အတွက် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရာတွင် အပြောစကားဖြင့် ရေးသားသည့်စာအုပ်များ ရွေးချယ်ခွင့်ပြုခြင်း၊ ကဗျာဆုအတွက် အစဉ်အလာ ကဗျာနှင့်အတူ ခေတ်ပေါ်ကဗျာဟူ၍ ဆုနှစ်မျိုး ရွေးချယ်ခွင့်ပြုခဲ့သည်။ စာပေဗိမာန်စာမူဆု၊ ဘာသာပြန်စာမူဆုတွင် ယခင်ဘာသာရပ်တစ်ခုကိုသာ ပြဋ္ဌာန်းချီးမြှင့်ခဲ့ရာမှ ဘာသာပြန် (ရသ) ဟူ၍ ထပ်တိုးကာ ဘာသာပြန်ဘာသာရပ်နှစ်ခု အဖြစ် ပြဋ္ဌာန်း၍ တိုးမြှင့်ချီးမြှင့်သည်။

၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁၈ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ပူးတွဲလျက် ၂၀၁၈ ခုနှစ်အတွက် အမျိုးသားစာပေဆုရ စာရေးဆရာကြီးများနှင့် စာပေစကားဝိုင်း (ပထမပိုင်း) ကို ရိုက်ကူးထုတ်လွှင့်ခဲ့သည်။ သြဂုတ်လ ၂၁ ရက်တွင် ရသစာတမ်း (အက်ဆေး) စာပေဖွံ့ဖြိုးရေး စာတမ်းဖတ်ပွဲကို စာပေဗိမာန်ခန်းမ၌ ကျင်းပပြုလုပ်၍ အခမ်းအနားကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV)က Live ထုတ်လွှင့်ပြသခဲ့သည်။ သြဂုတ်လမှ စက်တင်ဘာလအတွင်း စာပေဗိမာန်စာတည်းများ စွမ်းဆောင်ရည်မြှင့်တင်ရန်အတွက် အပတ်စဉ် "လက်တွေ့ဘာသာပြန်ခြင်း" သင်တန်း ကျင်းပသည်။ သြဂုတ်လတွင် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာနနှင့် ထွန်းဖောင်ဒေးရှင်းတို့ ပူးတွဲဆောင်ရွက်မည့် မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ပုံနှိပ်ထုတ်ဝေခြင်းဆိုင်ရာနားလည်မှုစာချွန်လွှာ(MoU) ကို လက်မှတ်ရေးထိုးခဲ့သည်။

၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်တွင် အမျိုးသားစာပေတစ်သက်တာဆုကို ကျပ်သိန်း ၁၀၀၊ အမျိုးသားစာပေဆုကို ကျပ်သိန်း ၃၀၊ စာပေဗိမာန်စာမူဆု ပထမဆု ၁၅ သိန်း၊ ဒုတိယဆု ၁၀ သိန်း၊ တတိယဆု ၇ သိန်း တိုးမြှင့်ချီးမြှင့်မည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ကြေညာခဲ့သည်။ ဒီဇင်ဘာလတွင် လစဉ်ထုတ်ဝေသည့် "သုတပဒေသာစာစောင်" ကို "သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်" ဟူ၍ လူငယ်များအတွက် ပညာပေးဆောင်းပါးများ ထည့်သွင်းပြီး အမည်ပြောင်း၍ ထုတ်ဝေသည်။ ဒီဇင်ဘာလ ၄ ရက်တွင် ၂၀၂၀ ပြည့်နှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်ကို မြဝတီမီဒီယာစင်တာ ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

စာတည်းအဖွဲ့ဝင်များက အမျိုးသားစာပေ တစ်သက်တာဆု ရရှိကြသော စာရေးဆရာ၊ ဆရာမကြီး ၃၄ ဦး၏ အတ္ထုပ္ပတ္တိဆောင်းပါးများကို နေ့စဉ် သတင်းစာများတွင်ရေးသားခဲ့ပြီး ယင်းဆောင်းပါးများကို စုစည်းလျက် ဒီဇင်ဘာလတွင် "အမျိုးသား စာပေတစ်သက်တာဆုရ စာပေပညာရှင်များ၏ စာပေနှင့်ဘဝအကြောင်း တစ္ဆေတစောင်း (၂၀၀၁-၂၀၁၃)" စာအုပ် အဖြစ် ထုတ်ဝေခဲ့သည်။ ဒီဇင်ဘာလ ၁ ရက်တွင် ယာယီမြန်မာနိုင်ငံတော် ဘာသာပြန်စာပေအသင်းတိုက် ပါမောက္ခ ဒေါက်တာလှဘူး၏အိမ်ကို ရောက်ရှိ၍ ကျင်းပမည်ဖြစ်သည်။

စာပေဆုနှင်းသဘင်

မြန်မာစာပေနှင့်စပ်လျဉ်း၍ မှတ်တိုင်တစ်ခုမှာ ကောဇာသက္ကရာဇ် ၁၃၀၆ ခုနှစ် (၁၉၄၄ ခုနှစ်) နတ်တော်လဆန်း (၁) ရက်ကို အစိုးရနှင့် ပြည်သူတို့၏ စာဆိုတော်နေ့အဖြစ် သတ်မှတ်ကျင်းပနိုင်ခဲ့ခြင်းဖြစ်သည်။ ရှေးမြန်မာဘုရင်များ လက်ထက်ကလည်း နတ်တော်လတွင် စာဆိုပညာရှိတို့အား ချီးမြှောက်လေ့ရှိခဲ့သည့် အစဉ်အလာကို ဆက်လက်ယူဆောင်ခြင်းဖြစ်သည်။

၁၉၄၄ ခုနှစ်က စတင်လျက် နတ်တော်လဆန်း ၁ ရက်နေ့တိုင်း ကျင်းပခဲ့သည့် "စာဆိုတော်နေ့" အခမ်းအနားမှာလည်း ယခုတိုင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ကျင်းပလျက်ရှိသည်။ စာဆိုတော်နေ့ ရာသီအတွင်း စာပေဆိုင်ရာ အခမ်းအနားများ၊ စာပေဟောပြောပွဲများ၊ သက်ကြီးစာဆိုများကို ကန်တော့ခြင်း အခမ်းအနားများ စသည်ဖြင့် နှစ်စဉ်ကျင်းပလျက်ရှိပါသည်။

စာပေဗိမာန်သည် ၁၉၄၈ ခုနှစ်မှစ၍ နှစ်စဉ် နတ်တော်လဆန်း (၁) ရက် စာဆိုတော်နေ့တွင် စာပေဆုများကို ချီးမြှင့်ခဲ့ပါသည်။ ၁၉၄၈ ခုနှစ်တွင် တစ်နှစ်အတွင်း ထုတ်ဝေခဲ့သော လုံးချင်းဝတ္ထုစာအုပ်များထဲမှ အကောင်းဆုံးတစ်အုပ်ကို ရွေးချယ်၍ "စာပေဗိမာန် ကာလပေါ်ဝတ္ထုဆု" ဟူသော အမည်ဖြင့် ဆုချီးမြှင့်ပြီး ၁၉၆၂ ခုနှစ်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် တော်လှန်ရေးအစိုးရ ပြန်ကြားရေးဝန်ကြီးဌာန စာပေဗိမာန်အဖွဲ့က "အနုပညာဆိုင်ရာဆု" ဟူသောအမည်ဖြင့် စတင်ချီးမြှင့်သည်။ ဆုရွေးချယ်ရန်အတွက် ဘာသာရပ်ကိုးမျိုး သတ်မှတ်ခဲ့ပါသည်။

၁၉၆၃ ခုနှစ်တွင် အနုပညာဆိုင်ရာဆုဟူသော အမည်ဖြင့်ပင် ပုံနှိပ်ပြီးစာအုပ်နှင့် ပုံမနှိပ်ရသေးသော လက်ရေးစာမူများပါ ပူးတွဲ၍ ပြိုင်ပွဲဝင်ရသော စနစ်ကိုကျင့်သုံးကာ ဆုများချီးမြှင့်ခဲ့သည်။ ၁၉၆၅ ခုနှစ်တွင် အမျိုးသားစာပေဆုဟူ၍ အမည်ပြောင်းလိုက်ပြီး ဆုအရေအတွက်မှာ ဘာသာရပ် ၁၀ မျိုးဖြစ်လာသည်။

၁၉၆၉ ခုနှစ်တွင် ပြိုင်ပွဲဝင် ယှဉ်ပြိုင်ရသော စနစ်ကိုဖျက်သိမ်း၍ ပြက္ခဒိန်တစ်နှစ်အတွင်း ထုတ်ဝေခဲ့သော စာအုပ်များထဲမှ အကောင်းဆုံး တစ်အုပ်ကိုရွေးချယ်၍ ဆုပေးသောစနစ်သို့ပြောင်းလဲ ကျင့်သုံးခဲ့သည်။ ဆုကို "အမျိုးသားစာပေဆု" အမည်နှင့်ချီးမြှင့်ပြီး ဘာသာရပ် ၁၁ မျိုး ဖြစ်လာသည်။ ၁၉၈၀ ပြည့်နှစ်တွင် အမျိုးသားစာပေဆု၌ ဘာသာရပ် ၁၃ မျိုး ဖြစ်လာခဲ့သည်။ ၁၉၆၉ ခုနှစ်တွင် အမျိုးသားစာပေဆုကို စနစ်ပြောင်းလဲချီးမြှင့်ပြီး နောက် စာမူများကို သီးခြားပြိုင်ပွဲခေါ်ယူပြီး စာပေဗိမာန်စာမူဆုဟူ၍ ဘာသာရပ် ၁၁ မျိုးကို ချီးမြှင့်ခဲ့ပါသည်။

၁၉၈၈ ခုနှစ်တွင် ရန်ကုန်မြို့၌ ဆူပူမှုအရေးအခင်းကာလနှင့် ကြုံကြိုက်နေသဖြင့် အမျိုးသားစာပေဆုပေးပွဲ အခမ်းအနား မကျင်းပဖြစ်ဘဲ ၁၉၈၇ ခုနှစ်နှင့် ၁၉၈၈ ခုနှစ်အတွက် အမျိုးသားစာပေဆုများကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရလက်ထက် ၁၉၈၉ ခုနှစ်တွင် တပေါင်းတစည်းတည်း ချီးမြှင့်ခဲ့သည်။

၂၀၁၇ ခုနှစ်မှ စတင်လျက် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရာတွင် အပြောစကားဖြင့် ရေးသားသည့် စာအုပ်များ စိစစ်ရွေးချယ်ခွင့်ပြုခြင်း၊ ကဗျာဆုကို အစဉ်အလာကဗျာဆုနှင့် ခေတ်ပေါ်ကဗျာဆု မခွဲခြားဘဲ ကဗျာဆုတစ်ဆုတည်း သတ်မှတ်ခြင်း၊ ရသစာတမ်း (အက်ဆေး)ဆုနှင့် ရည်ညွှန်းစာပေဆု (၂) ဆု တိုးချဲ့ချီးမြှင့်ရန်နှင့် အမျိုးသားစာပေ တစ်သက်တာဆု ရွေးချယ်ရေးတွင် အဖွဲ့ဝင်အများစု၏ ဆန္ဒအရ စာရေးဆရာတစ်ဦးနှင့် စာပေပညာရှင် တစ်ဦး သတ်မှတ်ရွေးချယ်ခြင်းတို့ကို မူဝါဒ၊ စည်းမျဉ်းစည်းကမ်းများ ပြန်လည် ညှိနှိုင်းသတ်မှတ်လျက် ဆုံးဖြတ်ခဲ့ကြပါသည်။

စာမျက်နှာ ၁၀ သို့ ❍

စာပေဗိမာန် (၇၅)နှစ်ပြည့် စိန်ရတုအထိမ်းအမှတ် (ဒုတိယနေ့) စာပေဟောပြောပွဲ ကျင်းပ

ရန်ကုန် သြဂုတ် ၂၄

ပြန်ကြားရေး ဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်(၇၅) နှစ်ပြည့် စိန်ရတု အထိမ်းအမှတ် (ဒုတိယနေ့) စာပေဟောပြောပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ကျောက်တံတားခရိုင်ကုန်သည်လမ်းနှင့် (၃၇) လမ်းထောင့်ရှိ စာပေဗိမာန်ခန်းမ၌ ဆက်လက်ကျင်းပရာ ဟောပြောပွဲသို့ စာရေးဆရာကြီးများ၊ ဆရာမကြီးများ၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ စာပေဝါသနာရှင်များ၊ စာပေချစ်မြတ်နိုးသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန် စာတည်းမှူးချုပ် ဦးတိုးကျော်က စာပေဗိမာန် (၇၅)နှစ်ပြည့် စိန်ရတုအခမ်းအနား ကျင်းပရန်အတွက် ဆောင်ရွက်နေမှုများနှင့် စာပေဟောပြောပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နံနက်ပိုင်း စာပေဟောပြောပွဲကို ကျင်းပရာ“အဆင့်အတန်းမြင့်သော စွယ်စုံကျမ်းပြုစုထုတ်ဝေခြင်း” ခေါင်းစဉ်ဖြင့် ဆရာဦးအေးကျော်မင်း(မြန်မာစာ၊ မြန်မာစကား သုတေသီ)၊ ဆရာဦးကျော်ဦး (ပါရမီစာပေ)၊ ဆရာဦးခင်စိုး (စိုးစိုး-ပန်းတောင်း) တို့က ဟောပြောကြပြီး မွန်းလွဲပိုင်း စာပေဟောပြောပွဲတွင် “စာပေဗိမာန် အဓွန့်ရှည်တည်တံ့ခိုင်မြဲရေး” ခေါင်းစဉ်ဖြင့် ဆရာဦးမောင်လှိုင် (မောင်ဆွေငယ်)၊ ဆရာမ ဒေါ်ချိုချိုတင် (မစန္ဒာ)၊ ဆရာဦးညွန့်ဟံ (ကြူတော) တို့က ဟောပြောကြသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်အောင်က ကျေးဇူးတင်စကားပြောကြားသည်။

ယနေ့ကျင်းပသည့် စာပေဟောပြောပွဲသည် ၁၉၄၇ ခုနှစ် သြဂုတ် ၂၆ ရက်တွင် စတင်တည်ထောင်ခဲ့သည့် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၏ စာပေဗိမာန် (၇၅)နှစ်ပြည့် စိန်ရတုအထိမ်းအမှတ် ဂုဏ်ပြုကျင်းပခြင်းဖြစ်ပြီး အဆိုပါ စာပေဗိမာန် (၇၅)နှစ်ပြည့် စိန်ရတုအခမ်းအနားကို သြဂုတ် ၂၆ ရက်တွင် စာပေဗိမာန်၌ ခမ်းနားထည်ဝါစွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)

ဗော်ဘီမြို့နယ်၌ Mobile Payment အသုံးပြု၍ ချေးငွေထုတ်ပေးခြင်း စတင်ဆောင်ရွက်

ဗော်ဘီ သြဂုတ် ၂၄

ရန်ကုန်တိုင်းဒေသကြီး ဗော်ဘီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် မြစ်မ်းရောင်ကျေးရွာ

စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မြစ်ကျိုးကျေးရွာအုပ်စု အမောက်ဝဲကျေးရွာ၌ Mo Money Mobile Payment အသုံးပြု၍ ချေးငွေထုတ်ယူခြင်းအစီအစဉ်ကို ယမန်နေ့က အဆိုပါကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြစ်မ်းရောင်စီမံကိန်းကျေးရွာများရှိ ကျေးလက်နေပြည်သူများ ဒစ်ဂျစ်တယ်ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို လက်လှမ်းမီစေရန်၊ အုပ်ချုပ်မှုဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများကို လျှော့ချနိုင်စေရန်၊ Mobile Financial Payment စနစ်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ Mobile Phone အသုံးပြု၍ ချေးငွေထုတ်ယူခြင်းအစီအစဉ်ကို ဆောင်ရွက်ပေးခြင်းဖြစ်ပြီး ချေးငွေထုတ်ယူရာတွင်လည်း စိုက်ပျိုးရေးဆောင်ရွက်သူ ၅၄ ဦး၊ မွေးမြူရေးဆောင်ရွက်သူနှစ်ဦး၊ အရောင်းအဝယ်ဆောင်ရွက်သူ ခြောက်ဦးနှင့် အသက်မွေးဝမ်းကျောင်း ဆောင်ရွက်သူခြောက်ဦး စုစုပေါင်း ၆၈ ဦးတို့က ငွေကျပ် ၂၉၄ သိန်းကို ချေးယူခဲ့ကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ဝင်ခွင့် လျှောက်ထားရန်ခေါ်ယူခြင်း

၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပထမနှစ်သင်တန်းတက်ရောက်ရန် ဝင်ခွင့်လျှောက်လွှာများကို ၂၆-၈-၂၀၂၂ ရက် (သောကြာနေ့) မှစ၍ ကျောင်းသားရေးရာဌာန ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ ဧရာဝတီမြို့နယ်၊ နေပြည်တော်သို့လိပ်မူ၍ စာတိုက်သေတ္တာအမှတ် ၁၅၀၅၀ (သို့မဟုတ်) Email လိပ်စာ student-affairs@yau.edu.mm သို့ တိုက်ရိုက်လျှောက်ထားနိုင်ပါသည်။ လျှောက်လွှာပုံစံများကို မြန်မာ့အလင်းသတင်းစာ၊ ကြေးမုံသတင်းစာနှင့် တက္ကသိုလ် website www.yau.edu.mm/event တို့တွင် ကြေညာထားမည်ဖြစ်ပါသည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်

ပန်းတနော်မြို့နယ်၌ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှုအခြေခံသင်တန်းဖွင့်

ပန်းတနော် သြဂုတ် ၂၄

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ စီစဉ်မှုဖြင့် လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှုအခြေခံသင်တန်း (၁/၂၀၂၂)ကို သြဂုတ် ၂၂ရက်နံနက် ၉နာရီကထိန်းကလားကုန်းကျေးရွာ ချမ်းမြေရတနာဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အခမ်းအနားတွင် စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးကျော်ကျော်သက်က လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲနေပြီဖြစ်ရာ တောင်သူများ လယ်ယာလုပ်ငန်းခွင်များတွင် စက်ကိရိယာများအသုံးပြုခြင်းဖြင့် အချိန်ကုန်၊ ငွေကုန်သက်သာမည်ဖြစ်ကြောင်းနှင့် သင်တန်းစည်းမျဉ်းများကို ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာကြသည့် သင်တန်းသားများက သိရှိလိုသည်များ မေးမြန်းခဲ့သည်။

အဆိုပါသင်တန်းတွင် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ ထွန်စက်ကြီး၊ လက်တွန်းထွန်စက်တို့၏ ဖွဲ့စည်းတည်ဆောက်ပုံနှင့် အဓိကအစိတ်အပိုင်းများ၊ မောင်းနှင်နည်းနှင့် ထိန်းသိမ်းကြီခိုင်နည်း၊ ထွန်ယက်ကိရိယာများ၏ အခြေခံသိမှတ်စရာများနှင့် ထွန်ယက်နည်း၊ ရိတ်သိမ်းခြွေလှေ့စက်၏ ဖွဲ့စည်းတည်ဆောက်ပုံနှင့် အခြေခံသိမှတ်စရာများ၊ ကောက်စိုက်စက်၏ အခြေခံသိမှတ်စရာများ စသည့်အကြောင်းအရာများကို သင်တန်းသား ၃၀ တို့အား သြဂုတ် ၂၂ ရက်မှ စက်တင်ဘာ ၂ ရက်အထိ ပန်းတနော်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ ကျွမ်းကျင်နည်းပြများဖြင့် စာတွေ့လက်တွေ့ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

ပြည့်ဖြိုးကျော်(ပြန်/ ဆက်)

❍ **စာမျက်နှာ ၉ မှ**

၂၀၁၉ ခုနှစ်တွင် ဘာသာပြန် (ရသ) ဘာသာရပ်တိုးသဖြင့် ယခုအခါ ဘာသာရပ် ၁၄ မျိုးအတွက် ဆုချီးမြှင့်လျက်ရှိသည်။

၂၀၂၀ ပြည့်နှစ် အမျိုးသားစာပေဆုမှ စတင်လျက် ကဗျာဆုကို ဂန္ဓဝင်ကဗျာနှင့် ခေတ်ပေါ်ကဗျာဆုဟူ၍ နှစ်ဆုခွဲခြားချီးမြှင့်ခဲ့ရာ ဘာသာရပ်အမျိုးအစား ၁၉ မျိုးထိ ချီးမြှင့်လျက်ရှိပြီ ဖြစ်သည်။ အမျိုးသားစာပေတစ်သက်တာဆုကို ငွေကျပ်သိန်း ၅၀ မှ ငွေကျပ်သိန်း ၁၀၀၊ အမျိုးသားစာပေဆုကို ငွေကျပ် ၂၅ သိန်းမှ ငွေကျပ်သိန်း ၃၀ တိုးမြှင့်ချီးမြှင့်နေပြီဖြစ်သည်။

နိုင်ငံတော်အစိုးရက စဉ်ဆက်မပြတ်ပံ့ပိုးကူညီခြင်း

နိုင်ငံတော်အစိုးရသည် ၂၀၀၁ ခုနှစ်တွင် မြန်မာစာပေအကျိုးကို ဘဝတစ်သက်တာပတ်လုံး စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ပြီး မိမိကျွမ်းကျင်ရာ စာပေများကို တစိုက်မတ်မတ် ရေးသားခဲ့သည့် စာရေးဆရာကြီး၊ စာရေးဆရာမကြီးများကို အမျိုးသားစာပေတစ်သက်တာဆုအဖြစ် တီထွင်ချီးမြှင့်ခဲ့သည်။ နှစ်စဉ် စာရေးဆရာကြီးတစ်ဦး၊ နှစ်ဦးသို့မဟုတ် သုံးဦးအထိ ချီးမြှင့်ခဲ့သည်။ အမျိုးသားစာပေတစ်သက်တာဆုကို ပထမဦးဆုံး ချီးမြှင့်ခံခဲ့ရသည့်စာပေပညာရှင်ကြီးမှာ ဆရာကြီး ဦးလှကြိုင် (စာရေးဆရာကြီးပါရဂူ) ဖြစ်သည်။ ၂၀၂၁ ခုနှစ်အထိ စာပေပညာရှင် စုစုပေါင်း ၃၄ ဦးကို ချီးမြှင့်ခဲ့ပြီး ဖြစ်သည်။

၂၀၁၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံအတွင်းရှိ သုတ၊ ရသ ရေးသားလျက်ရှိသော စာပေအနုပညာရှင်များ ပိုမိုလွတ်လပ်စွာ ဖန်တီးတွေးခေါ် ရေးဖွဲ့နိုင်ရန်နှင့် ရသမြောက်သောစာပေများ ပေါ်ထွက်လာစေရန်အတွက် စာပေစိစစ်ရေးမူဝါဒကို ဖြေလျှော့ပေးခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနကို ဖျက်သိမ်းပေးခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် နိုင်ငံတော်သမ္မတက စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင်အဖွဲ့အစည်းများအတွက် ဖောင်ဒေးရှင်းများထူထောင်ရန် ငွေကျပ်သိန်း ၅၀၀ စီ ထောက်ပံ့ပေးခဲ့သည်။ စာပေအနုပညာရှင်များ၏ ဘဝရပ်တည်ရေးနှင့် အနုပညာလုပ်ငန်းများ အောင်မြင်ဖွံ့ဖြိုးစေရေးအတွက်သာမက စာဆိုတို့၏လက်ရာများကို ထိန်းသိမ်းကာကွယ်စေရေးအတွက် စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေကို ၂၀၁၉ ခုနှစ်တွင် ပြဋ္ဌာန်းပေးခဲ့ပြီးဖြစ်သည်။

စာဆိုဗိမာန်

ယခုအခါတွင် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်အရ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနသည် ခေတ်အဆက်ဆက် ရဟန်းစာဆို၊ လူစာဆိုတို့၏ လက်ရာများ၊ အတ္ထုပ္ပတ္တိများကို မျိုးဆက်သစ်များ လေ့လာရန် မော်ကွန်းမှတ်တမ်းတင်မည့်လုပ်ငန်းများ၊ စာပေအနုပညာရှင်များ၊ စာပေဝါသနာရှင်များအတွက် လူမှုစီးပွားအကျိုးပြုနိုင်ရန် ရည်ရွယ်ပြုလုပ်သည့် စာဆိုဗိမာန်စီမံကိန်းကို စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ မင်းလာတောင်ညွှန့်မြို့နယ်ရှိ မြေတိုင်း ရပ်ကွက် အမှတ် ၁၈-A၊ မြေကွက်အမှတ် ၂၉ ပေါ်တွင် စာဆိုဗိမာန်အဆောက်အအုံကြီးကို တည်ဆောက်တော့မည်ဖြစ်သည်။

အဆိုပါ စာဆိုဗိမာန်အဆောက်အအုံကြီးပြီးစီးသွားပါက ပြည်တွင်းသာမက ပြည်ပက စာပေပညာရှင်များပါ လာရောက်၍ စာပေလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ခေတ်အဆက်ဆက် ထင်ရှားကျော်ကြားခဲ့သော စာပေပညာရှင်ကြီးများ၏ မှတ်တမ်းမှတ်ပုံနှင့် စာပေလက်ရာများကို လေ့လာတွေ့ရှိနိုင်တော့မည်ဖြစ်သည်။

စာဆိုဗိမာန်ကြီးကို မြေအကျယ်အဝန်း ၂ ဒသမ ၂ ဧကပေါ်တွင် ဆောက်လုပ်ထားရှိမည်ဖြစ်ပြီး ပန်းခြံ၊ ကားရပ်နားရာနေရာ စသည်တို့ ပါရှိမည်ဖြစ်သည်။ စာပေဆိုင်ရာ ဆွေးနွေးပွဲများ၊ စာပေဟောပြောပွဲများ၊ စာပေဆိုင်ရာ မူပိုင်ခွင့်ကိစ္စ၊ စာအုပ်ထုတ်ဝေရေးကိစ္စ၊ ဘာသာပြန်ကိစ္စ အစရှိသည်ဖြင့် စာပေလုပ်ငန်းများကိုလည်း စိတ်အေးချမ်းစွာ ဆောင်ရွက်နိုင်တော့မည်ဖြစ်သည်။

မြန်မာအဘိဓာန် စာအုပ်တွင် -

စာပေ - ကို “အကြောင်းအရာ၊ အဖြစ်အပျက်၊ အတွေးအခေါ်တို့ကို ရသမြောက်အောင်၊ သုတပွားအောင် ရေးဖွဲ့ထားသည့်စာ” ဟူ၍ လည်းကောင်း၊ ဗိမာန် - ကို “မွန်မြတ်သောအဆောက်အအုံ” ဟူ၍လည်းကောင်း၊ နိဗ္ဗာန် - ကို “ဒုက္ခခပ်သိမ်းချုပ်ငြိမ်းရာ” ဟူ၍လည်းကောင်း အသီးသီးအဓိပ္ပာယ်ဖွင့်ဆိုထားသည်။

စာပေဗိမာန်သည် နိုင်ငံတော်လွတ်လပ်ရေးမရမီကတည်းက အမျိုးသားရေးနှင့်အတူ ပေါက်ဖွားလာပြီး နိုင်ငံနှင့်လူမျိုးကိုအကျိုးပြုသော စာပေအဖွဲ့အစည်းကြီး ဖြစ်သည်။ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သော အဖွဲ့အစည်းကြီးတစ်ခုလည်း ဖြစ်သည်။

စာပေဗိမာန်ကြောင့် အမှောင်မျက်စိများအလင်းပေါက်သွားခဲ့သည်မှာ ထောင်သောင်းမက ရှိပေလိမ့်မည်။ လွတ်လပ်ရေးရရန်အတွက် အမျိုးသားရေးတွင် နား၊ မျက်စိပွင့်သွားကြသည်မှာ သိန်းသန်းမက ရှိပေလိမ့်မည်။ တိုင်းပြည်ပြန်လည်ထူထောင်ရေးအတွက် စိတ်ရောကိုယ်ပါနှစ်ပြီး ကြိုးစားအားထုတ်ခဲ့သူများ ဒုနဲ့ဒေး ရှိပေလိမ့်မည်။ စာပေဗိမာန်သည် အမှောင်ကိုခွင်း၍ အလင်းကိုဆောင်ခဲ့သည်မှာ နှစ်ပေါင်း (၇၅) နှစ်တိုင် ရှိခဲ့ပြီဖြစ်သည်။

အမှန်တကယ်တော့ မြန်မာတစ်မျိုးသားလုံးအတွက် မြန်မာ့စာပေနှင့် ကမ္ဘာ့စာပေများကို လူတန်းစားမရွေး လေ့လာဖတ်ရှုနိုင်ရန်အတွက် “စာပေဗိမာန်” သည် စာပေပညာ၏ ဒုက္ခခပ်သိမ်းချုပ်ငြိမ်းရာဖြစ်သော “စာပေနိဗ္ဗာန်” သို့ လမ်းညွှန်ပို့ဆောင်ပေးနေသည်ဟု ဂုဏ်ပြုရေးသားမော်ကွန်းတင်လိုက်ရပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၉)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ အမေး၊ အဖြေများ

(ယမန်နေ့မှအဆက်)

သူရိယနေ့စဉ်သတင်းဌာနမှ သတင်းထောက် ဒေါ်သဇင်ဦးက ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲနှင့် ပတ်သက်ပြီး နှစ်ဖက်စလုံးကို မေးခွန်းထုတ်လိုပါကြောင်း၊ နှစ်ဖက်စလုံးဆိုသည့်နေရာတွင် ပထမဦးဆုံးအနေဖြင့် NLD ပါတီက တာဝန်ရှိပုဂ္ဂိုလ်များကို သတင်းစာရှင်းလင်းပွဲမှ မေးခွန်းထုတ်လိုကြောင်း၊ ပြီးခဲ့သည့် NLD အစိုးရလက်ထက်တွင် ကျင်းပခဲ့သည့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲအပြီးတွင် တပ်မတော်ဘက်မှ မဲစာရင်းမှားယွင်းမှုများရှိနေကြောင်း၊ မဲသမားမှုများဖြစ်နေကြောင်းကို ထုတ်ပြန်ချက်များ ထုတ်ပြန်ခဲ့ကြောင်း၊ ထို့နောက် သတင်းစာရှင်းလင်းပွဲများပြုလုပ်ပြီးသတိပေးခဲ့ကြောင်း၊ ယင်းမဲသမားမှုများနှင့်ပတ်သက်ပြီး သက်ဆိုင်ရာပုဂ္ဂိုလ်များကို ဖြေရှင်းပေးရန် အကြိမ်ကြိမ်တောင်းဆိုခဲ့ကြောင်း၊ အကယ်၍ ယင်းမဲသမားမှုများမဖြေရှင်းဘဲ အစိုးရဖွဲ့ပြီး နိုင်ငံတော်အာဏာကို အတင်းအဓမ္မရယူခဲ့မည်ဆိုလျှင် တပ်မတော်အနေဖြင့် မဖြစ်မနေမလွှဲသာ မရှောင်သာ အာဏာထိန်းခြင်း (သို့မဟုတ်) အာဏာသိမ်းခြင်းများ တစ်ခုခုလုပ်နိုင်သည်ဟု သိပါလျက်နှင့် ယင်းမဲသမားမှုများကို မည်သည့်အတွက်ကြောင့် ပြန်လည်မဖြေရှင်းပေးခဲ့ပါသလဲ၊ နောက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရကို မေးခွန်းထုတ်လိုသည်မှာ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး မဲစာရင်းမသမားမှုများ၊ မဲစာရင်းမှားယွင်းမှု အားလုံးကို ယနေ့အချိန်အထိတာဝန်ရှိပုဂ္ဂိုလ်များက ဖြေရှင်းပေးခြင်းမရှိသေးကြောင်း၊ လက်ရှိရွေးကောက်ပွဲကော်မရှင်အနေဖြင့် စုံစမ်းစစ်ဆေးသည့်အခါ မဲစာရင်းမှားယွင်းမှုများသည် သာမန်သဘောရိုးမှားယွင်းခြင်းမျိုးမဟုတ်ဘဲ စနစ်တကျ အကွက်ကျကျ ကြိုတင်စီစဉ်ထားသည့် မဲလိမ်မဲခိုးမဲညစ်မှုများဖြစ်သည်ကို စိစစ်ဖော်ထုတ်ပြီးဖြစ်ကြောင်း၊ ထိုလုပ်ရပ်သည် မိမိတို့မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲသမိုင်းတစ်လျှောက်လုံးတွင် အဆိုးရွားဆုံး၊ အညစ်ပတ်ဆုံးမဲခိုးမှုဟုပြောရမည်ဖြစ်ကြောင်း၊ ယင်းကိုနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် ယနေ့အချိန်အထိ မူလအတိုင်းမပြောင်းလဲဘဲ မဲမသမားမှုဟုသုံးနှုန်းနေသည်ကိုတွေ့ရကြောင်း၊ မဲခိုးမဲလိမ်သည်ကို မဲခိုးမဲလိမ်ခြင်းဟု မပြောရလောက်အောင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအနေဖြင့် မည်သည့်အခက်အခဲများရှိနေသည်ကို သိလိုပါကြောင်း မေးမြန်းသည်။

ဗိုလ်ချုပ်ဇော်မင်းထွန်းက ၂၀၂၀ ပြည့်နှစ်

ဒေါ်သဇင်ဦး
သူရိယနေ့စဉ်
သတင်းဌာန

ဦးကျော်မျိုးမင်း
NP News
သတင်းဌာန

နိုဝင်ဘာလ ရွေးကောက်ပွဲအပြီးတွင် မဲမသမားမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ရွေးကောက်ပွဲတွင်ဝင်ခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ကိုယ်တိုင်ကဦးမဲဆန္ဒနယ်တွင် ဖြစ်ခဲ့သည့် မဲဆန္ဒစာရင်းများကို လာပြကြောင်း၊ ယင်းကဲ့သို့ဖြစ်စဉ်များကို တပ်မတော်သို့ အကြောင်းကြားလာကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ၎င်းတို့ကို မဲစာရင်းများစစ်ဆေးပေးနိုင်ရန် တောင်းခံခဲ့ကြောင်း၊ မီဒီယာများမြင်သည့်အတိုင်း မိမိတို့သာ သတင်းစာရှင်းလင်းပွဲပြုလုပ်ရကြောင်း၊ မဲစာရင်းများပေးရန် ထုတ်ပြန်ချက်များကို ထုတ်ပြန်ခဲ့ကြောင်း၊ မဲစာရင်းများကိုတောင်းသော်လည်း မဲစာရင်းများကို မပေးနိုင်ဘူးဟု ငြင်းကြောင်း၊ ဥပဒေထဲတွင်မပါဘူးဟု ငြင်းသည့်အတွက် ဥပဒေထဲတွင်ပါပြီးသားဖြစ်ကြောင်း၊ မဲဆန္ဒရှင်မည်သူမဆို တောင်းလျှင် ၂၅ ကျပ်ပေးပြီး တောင်း၍ရကြောင်း၊ မပေးသည့်အတွက်ကြောင့် နောက်တစ်ခါ မိမိတို့ကစာရင်းများအရပြန်လည်၍တိုက်ဆိုင်စစ်ဆေးကြောင်း၊ မိမိတို့အားလုံးသတိပြုရမည်မှာ အချက်နှစ်ချက်ကို ထောက်ပြလိုကြောင်း။

လက်ရေးမူဖြင့် စာတစ်စောင်တွေ့မည်ဖြစ်

နံပါတ်တစ်အချက်က ဇန်နဝါရီလကုန်ခါနီး မီဒီယာများပေါ်တွင်လည်း လက်ရေးမူဖြင့် စာတစ်စောင်တွေ့မည်ဖြစ်ကြောင်း၊ အကြီးအကဲများကိုယ်တိုင် လက်ရေးဖြင့်ရေးပြီး လက်မှတ်ထိုးပြီး ပို့လိုက်ခြင်းဖြစ်ကြောင်း၊ ယင်းအချိန်တွင် နိုင်ငံတော်သမ္မတဖြစ်သူထံနှင့် ကျန်သည့်အကြီးအကဲများထံသို့ ထိုစာရောက်ရှိကြောင်း၊ ထိုစာထဲတွင် အချက်သုံးချက်ကို ရှင်းရှင်းလင်းလင်းပြောထားကြောင်း၊ နံပါတ်တစ်အချက်က မဲမသမားမှုများ၊ မဲစာရင်းလွဲမှားမှုများဖြစ်နေကြောင်း၊ ယင်းမဲစာရင်းများကို တပ်မတော်၊ အစိုးရ၊ ကြားနေအဖွဲ့အစည်းပါသည့် အဖွဲ့ဖွဲ့ပြီး စစ်ပေးရန်၊ နံပါတ်နှစ်အချက်က မဲစာရင်းစစ်နေသည့်အချိန်တွင် လွှတ်တော်ကိုမခေါ်ဘဲ ခေတ္တဆိုင်းငံ့ထားရန်၊ နံပါတ်သုံးအချက်က စစ်ဆေးပြီးလျှင် ဥပဒေအတိုင်း ဆက်လုပ်သွားမည်ဖြစ်ကြောင်း၊ မိမိတို့ဝင်ရောက်ပတ်သက်မည့်ကဏ္ဍာ မပါဝင်ကြောင်း၊ ထိုအချိန်တွင် မီဒီယာများအားလုံးလည်း သတိပြုမိမည်ဖြစ်ကြောင်း၊ တချို့နေရာများတွင် မဲစာရင်းများ စစ်ဆေးရန် ကွန်ပျူတာများ ယူလာခြင်းများတွေ့ရကြောင်း၊ ကျောင်းများတွင် ကွန်ပျူတာများစုပြီး ဖေဖော်ဝါရီ ၁ ရက်မတိုင်ခင် သုံး၊ လေးရက်အလိုတွင် မဲစာရင်းများ စစ်ဆေးရန် အသံများထွက်လာကြောင်း၊ ထို့နောက် တစ်ရက်၊ နှစ်ရက် အလိုတွင် ပြန်ပျောက်သွားကြောင်း၊ ၎င်းတို့အသိုင်းအဝိုင်းတွင် လွှတ်တော်ကို ခေတ္တခေါ်ပြီး လွှတ်တော်ဖွင့်ခြင်းပြုလုပ်ပြီး မဲစာရင်းစစ်ဆေးရန် နှစ်ပတ်ခန့်ဆိုင်းငံ့ပြီး မဲစာရင်းစစ်မည်ဟုပြောပြီး ပျောက်သွားကြောင်း။

မဲလိမ်မဲခိုးသည့်ပါတီဆိုပြီး သမိုင်းတွင်သွားမည်

လွှတ်တော်ကျင်းပပြီး နိုင်ငံတော်၏အာဏာ၊ မဲလိမ် မဲခိုးခြင်းကို ၎င်းတို့ပဲယူမည်ဟု လုပ်သည့်အချိန်တွင် ဖေဖော်ဝါရီ ၁ ရက် ကိစ္စဖြစ်လာကြောင်း၊ ၎င်းတို့အနေဖြင့် မဲစာရင်းစစ်ဆေးရန် အုပ်စုနှစ်စုကွဲနေကြောင်း၊ အချိန်တန်လျှင် မည်သူကမည်သို့ ဖြစ်သည်ကို ထုတ်ပြောမည်ဖြစ်ကြောင်း၊ မည်သူက မည်သည့်နေရာတွင် မဲစာရင်းစစ်ဆေးလိုကြောင်း၊ မည်သူက မဲစာရင်းမစစ်ဆေးလိုကြောင်း၊ တိတိကျကျပြောရလျှင် ၎င်းတို့ပါတီထဲတွင်ရှိနေသည့်သူများအနေဖြင့် ၎င်းတို့ပါတီ၏သိက္ခာအရ စစ်ဆေးလိုကြောင်း၊ သို့သော် အစိုးရအဖွဲ့ထဲတွင် ရောက်နေသည့်သူများက မဲစာရင်းများကိုစစ်ဆေးမခံလိုကြောင်း၊ အဘယ်ကြောင့်ဆိုသော် ထိုမဲမသမားမှုများကို ၎င်းတို့ညွှန်ကြားချက်ဖြင့် ၎င်းတို့ကိုယ်တိုင်လုပ်ခဲ့သည့်အတွက် မဲစာရင်းစစ်လိုက်လျှင် မဲမသမားမှုများတွေ့ရမည်ဖြစ်ကြောင်း၊ စစ်လိုက်၍တွေ့လျှင် ထိုပါတီသည် မြန်မာနိုင်ငံတွင် နိုင်ငံရေးအရ လုံးဝလုပ်စားမရ ရမည်မဟုတ်ကြောင်း၊ မဲလိမ်မဲခိုးသည့်ပါတီဆိုပြီး သမိုင်းတွင်သွားမည်ဖြစ်ကြောင်း။

နိုင်ငံရေးယဉ်ကျေးမှုအရ မိမိတို့အစိုးရသည် မဲမသမားမှုဟု သုံးခြင်းဖြစ်

အကြောင်းခြင်းရာအရပြောရလျှင် ယင်းအချိန်တွင် တပ်မတော်ကို ပြောနေသည့်စကားများသည် တပ်မတော်ကို အာဏာမသိမ်းသိမ်းအောင်၊ ဇာတ်နာအောင်လုပ်သည်ဟု ယူဆကြောင်း၊ အာဏာမသိမ်းသိမ်းအောင် ဆွဲနေသည်ဟု ယူဆရကြောင်း၊ "သိမ်းရဲသိမ်းကြည့်ပါလား၊ သိမ်းရင်အားလုံးနဲ့တွေ့မယ်" စသဖြင့်ပြောကြကြောင်း၊ မဲလိမ်မဲခိုးမှုကြောင့် ဖြစ်သွားလျှင် နိုင်ငံရေးပါတီတစ်ရပ်အနေဖြင့် ရပ်တည်ခွင့်၊ သိက္ခာပိုင်းဆိုင်ရာ အဖတ်ဆယ်၍ မရနိုင်သည့် အကြောင်းအရာများကို တပ်မတော်ဆိုသည့် ဟင်းခပ်ဇွန်းကို မဖြစ်မနေ ခပ်မိအောင်လုပ်ပြီး အဖတ်ဆယ်သည်ဟု မိမိမြင်ကြောင်း၊ နံပါတ်နှစ်အချက် မဲမသမားမှုဟု သုံးစွဲခဲ့ကြောင်း၊ ယခုအချိန်အထိလည်း နိုင်ငံတော်အကြီးအကဲအနေဖြင့်လည်း မဲမသမားမှုဟု သုံးစွဲကြောင်း၊ သို့သော် တပ်မတော်သည် Institution တစ်ခုဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် လွတ်လပ်ရေးစတင်ကြိုးပမ်းစဉ်ကာလကတည်းက ပေါ်ပေါက်လာသည့် အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း၊ ယင်းအဖွဲ့အစည်းတစ်ခုအနေဖြင့် ပြည်သူလူထုကပေါက်ဖွားလာသည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်ကြောင်း၊ နိုင်ငံရေးယဉ်ကျေးမှုအရ မိမိတို့အစိုးရသည် မဲမသမားမှုဟု သုံးခြင်းဖြစ်ကြောင်း၊ သို့သော် မဲမသမားမှုများသည် မည်သည့်အဓိပ္ပာယ်လဲဆိုသည်ကို အားလုံးသိပြီးဖြစ်ကြောင်း၊ ယဉ်ကျေးမှုအရ မိမိတို့သုံးနှုန်းနေခြင်းဖြစ်သည်ဟု ပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ **သူရိယနေ့စဉ်သတင်းဌာနမှ သတင်းထောက် ဒေါ်သဇင်ဦး**က ပြည်သူများ လက်ရှိရင်ဆိုင်တွေ့ကြုံနေရသည့် အကြမ်းဖက်မှုကိစ္စရပ်များ ချုပ်ငြိမ်းရန် အကြံပြုလိုကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ပြီးခဲ့သည့်တရားခွင်တွင် NUG / CRPH ကို မသိဘူးဟု ထွက်ဆိုခဲ့သည့်သတင်းများ ထွက်ပေါ်နေကြောင်း၊ သို့သော် တပ်မတော်က အာဏာထိန်းစကာလတွင် NLD ပါတီနာယကဦးဝင်းထိန်ကိုယ်တိုင် ဒေါ်အောင်ဆန်းစုကြည်၏ ပြည်သူ့ပန်ကြားချက်ဆိုသည့်စာသည် ဒေါ်အောင်ဆန်းစုကြည်၏ အာဘော်စစ်စစ်ဖြစ်ကြောင်း၊ ၎င်းအသက်ဖြင့်ရင်းပြီး အာမခံသည်ဟု မီဒီယာများကို ထုတ်ပြန်ခဲ့ခြင်းရှိကြောင်း၊ ယင်းစာတွင် ပါသည့်စာအရ တပ်မတော်အာဏာသိမ်းခြင်းကို ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် လက်မခံဘဲ တစ်ခဲနက်ဆန့်ကျင်ကြရန် ၎င်း၏တိုက်တွန်းချက်အရ NLD မှ NUG/ CRPH/PDF ဆိုသည့် အဖွဲ့အစည်းအသီးသီး ဆင့်ကဲဆင့်ကဲ ပေါက်ဖွားမွေးဖွားလာခြင်းရှိကြောင်း၊ သို့သော် တရားခွင်တွင် ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် NUG/ CRPH/ PDF ကို မသိဘူးဆိုသည့် စကားလုံးတစ်လုံးနှင့် မိမိတို့နိုင်ငံတွင် လက်ရှိရင်ဆိုင်နေရသည့် နိုင်ငံရေးအကျပ်အတည်းများ၊ အခက်အခဲများ၊ အကြမ်းဖက်ကိစ္စရပ်များသည် လုံလောက်မှုမရှိသည်ကိုတွေ့ရကြောင်း၊ ထို့ကြောင့် ဒေါ်အောင်ဆန်းစုကြည်၏ သဘောထားမှတ်ချက် NUG /CRPH /PDF များ၏အပေါ်တွင် ၎င်းအနေဖြင့် ထောက်ခံလျှင် ထောက်ခံကြောင်း၊ ကန့်ကွက်လျှင်လည်း ကန့်ကွက်ကြောင်း၊ အသိအမှတ်ပြုလျှင်လည်း အသိအမှတ်ပြုကြောင်း စသည့် ၎င်း၏သဘောထားမှတ်ချက်ရှုပ်သံကို မိမိတို့ မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ့နိုင်ငံများကပါ ရှုပ်သံမှတ်တမ်းအနေဖြင့် ချပြရန် အစီအစဉ် ရှိ /မရှိ သိလိုပါကြောင်း မေးမြန်းသည်။

ဗိုလ်ချုပ်ဇော်မင်းထွန်းက ယင်းကိစ္စများသည် ကြိုတင်ပြောနိုင်သည့် အကြောင်းအရာများမဟုတ်ကြောင်း၊ သို့သော် နိုင်ငံရေးတွင် မဖြစ်နိုင်ဘူးဟူ၍ မရှိသကဲ့သို့ ဖြစ်လာချိန်တန်လျှင် ဖြစ်လာလိမ့်မည်ဟု ပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

NP News သတင်းဌာနမှ အယ်ဒီတာချုပ် ဦးကျော်မျိုးမင်းက ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် EAO အဖွဲ့ (၁၀)ဖွဲ့နှင့်တွေ့ဆုံခဲ့ပြီး ရလဒ်ကောင်းများရရှိခဲ့သည်ဟု သတင်းစကားများ ကြားရကြောင်း၊ သြဂုတ် ၁၆ ရက် ညပိုင်းက ပြောကြားခဲ့သည့် မိန့်ခွန်းတွင်လည်း ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ နားလည်သူများက လာရောက်ပြီး နားမလည်သည့်သူများအနေဖြင့် ဘေးမှကန့်လန့်ပြောဆိုမှုများ ရှိသည်ဟုပြောသည်ကိုတွေ့ရကြောင်း၊ မကြာမီကာလအတွင်း လာရောက်ဆွေးနွေးခဲ့သော EAOအဖွဲ့ (၁၀)ဖွဲ့နှင့် တွေ့ဆုံသွားမည်ဆိုသည့် သတင်းစကားကိုလည်း ကြားသိရကြောင်း၊ ငြိမ်းချမ်းရေးဆွေးနွေးမည့်အဖွဲ့မှာ (၁၀)ဖွဲ့ရှိပြီး ဆွေးနွေးခြင်းမပြု၊ တပ်မတော်ကို မယုံကြည်ဘဲ အပြုတ်တိုက်မည်ဟု

စာမျက်နှာ ၁၂ သို့ ❖

> **"ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ မတက်ရောက်သော EAO အဖွဲ့များကို ပြောလိုသည်မှာ ယခုအချိန်သည် ငြိမ်းချမ်းရေးအတွက် အကောင်းဆုံးအချိန်ဖြစ်သည်ဟု ပြောလိုကြောင်း၊ အဘယ်ကြောင့်ဆိုသော် အုပ်ချုပ်မှုအာဏာနှင့်ပတ်သက်၍ တပ်မတော်ကအစိုးရဖြစ်ပြီး အခြေခံဥပဒေကိုကျော်လွန်၍ တရားဥပဒေကို ပြဋ္ဌာန်း၍မရကြောင်း၊ သို့သော် အချို့သောတရားဥပဒေပြဋ္ဌာန်းချက်များ ဆောင်ရွက်ချိန်တွင် ပုဒ်မ-၄၂၉ အရ ဆောင်ရွက်ခွင့်ရှိသည်မှာ တပ်မတော်သာဖြစ်ကြောင်း၊ တရားစီရင်ရေးတွင်လည်း ကိုယ်တိုင်သော်လည်းကောင်း၊ အပ်နှင်းထားသူကသော်လည်းကောင်း ဆောင်ရွက်ပေးနိုင်သည့် အခြေအနေများရှိကြောင်း၊ ထို့ကြောင့် ယခုအချိန်သည် ငြိမ်းချမ်းရေးဆွေးနွေးရန် အကောင်းဆုံးအချိန်ဖြစ်ပြီး တစ်ဖွဲ့တည်းဖြင့် အပြီးအပြတ်ဆွေးနွေးနိုင်သည့်အချိန်၊ အာမခံချက်ပေးနိုင်သည့်အချိန်ဖြစ်"**

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၅-၈-၂၀၂၂

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၂၄၉၀	၂၅၄၀	၂၅၃၀	၂၅၀၀	၂၅၃၅	၂၅၆၀	၂၅၄၅	၂၅၂၅	၂၆၁၅	၂၆၃၀	၂၅၃၀	၂၅၄၀	၂၅၇၅	၂၅၇၅	၂၅၇၅	၂၇၉၅	၂၉၈၅
95 Ron	၂၅၇၀	၂၆၁၅	၂၆၁၅	၂၅၈၀	၂၆၁၅	၂၆၃၅	၂၆၂၅	၂၆၀၀	၂၆၉၅	၂၇၁၀	၂၆၀၅	၂၆၂၅	၂၆၅၀	၂၆၅၀	၂၆၅၅	၂၈၇၅	၃၀၅၀
HSD (500 ppm)	၃၀၅၅	၃၁၀၅	၃၀၉၅	၃၀၆၅	၃၁၀၀	၃၁၂၅	၃၁၂၀	၃၀၉၀	၃၂၀၅	၃၂၀၀	၃၀၉၅	၃၁၀၀	၃၁၄၀	၃၁၄၀	၃၁၄၀	၃၃၆၀	၃၄၈၀
HSD (50 ppm)	၃၁၃၅	၃၁၈၅	၃၁၈၀	၃၁၄၅	၃၁၈၀	၃၂၀၅	၃၂၀၀	၃၁၇၀	၃၂၈၅	၃၂၈၀	၃၁၇၅	၃၁၈၅	၃၂၂၀	၃၂၂၀	၃၂၂၀	၃၄၄၀	၃၅၁၅
HSD (10 ppm)	၃၁၃၅	၃၁၈၅	၃၁၈၀	၃၁၄၅	၃၁၈၀	၃၂၀၅	၃၂၀၀	၃၁၇၀	၃၂၈၅	၃၂၈၀	၃၁၇၅	၃၁၈၅	၃၂၂၀	၃၂၂၀	၃၂၂၀	၃၄၄၀	၃၅၁၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၃၇၉	၂၄၆၀
95 Ron	၂၄၅၅	၂၅၃၇
HSD (500 ppm)	၂၉၃၀	၃၀၁၉
HSD (50 ppm)	၃၀၀၆	၃၀၉၆
HSD (10 ppm)	၃၀၀၆	၃၀၉၆

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

❖ စာမျက်နှာ ၁၁ မှ

ကြွေးကြော်နေသည့်အဖွဲ့က တစ်ဖက်ရှိပါကြောင်း၊ အပြုတ်တိုက်မည်ဆိုသည့် အဖွဲ့များကို မည်သည့် သတင်းစကားများ ပြောကြားလိုသည်ကို သိလိုကြောင်းနှင့် ဒြိမ်းချမ်းရေးဆွေးနွေးမည့်အဖွဲ့(၁၀)ဖွဲ့ကို မည်သည့်သတင်းစကားများ ပြောကြားလိုသည်ကို သိလိုကြောင်း၊ ထို့ပြင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် EAO အဖွဲ့များနှင့် တွေ့ဆုံသကဲ့သို့ နိုင်ငံရေးပါတီများနှင့်လည်း တွေ့ဆုံမည်ဟုဆိုသည့် သတင်းများကိုလည်း ကြားသိနေရသောကြောင့် ထိုသတင်းမှာ အမှန်တကယ် ဟုတ်၊ မဟုတ်နှင့် အမှန်တကယ်ဖြစ်ပါက မည်သည့်အချိန်ခန့်တွင် တွေ့ဆုံမည်ကိုသိလိုကြောင်း မေးမြန်းသည်။

EAO(၁၀)ဖွဲ့နှင့် ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေးနိုင်ရေး ဆက်လက်ဆောင်ရွက်

ဗိုလ်ချုပ်ဧော်မင်းထွန်းက EAO(၁၀)ဖွဲ့နှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး ထိုအဖွဲ့များနှင့် ဒုတိယအကြိမ် ထပ်မံတွေ့ဆုံဆွေးနွေးနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ တွေ့ဆုံခဲ့ပြီးဖြစ်သည့် EAO(၁၀)ဖွဲ့က ပြောကြားခဲ့သည့် အကြံပြုချက်များ၊ လိုလားချက်များ၊ တိုက်တွန်းချက်များ ရှိကြောင်း၊ ထိုအကြောင်းအရာများနှင့်ပတ်သက်၍ မိမိတို့အစိုးရအနေဖြင့် အလေးအနက်ထား မှတ်သား၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ဒုတိယအကျော့တွင်လည်း ဗိုလ်ချုပ်မှူးကြီး ပြောခဲ့သကဲ့သို့ EAO အဖွဲ့များ အနေဖြင့် လုပ်ချင်သည့်ကိစ္စများရှိကြောင်း၊ မိမိတို့အနေဖြင့် လုပ်နိုင်သည့်ကိစ္စများရှိကြောင်း၊ လုပ်ချင်သည့်ကိစ္စနှင့် လုပ်နိုင်သည့်ကိစ္စကြားထဲ၌ လုပ်သင့်သည့်ကိစ္စများ ထွက်ပေါ်လာမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် EAO အဖွဲ့များနှင့် အစွမ်းကုန်ပွင့်လင်းစွာ ဆွေးနွေးပြီးဖြစ်ကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်တည်ဆောက်ရေး အတွက် လိုအပ်သည်များနှင့် ၎င်းတို့၏ လိုလားချက်များကို ဆွေးနွေးကြကြောင်း၊ ယခုလက်ရှိအခြေအနေ အရ အဆိုပါစနစ်ကို ကျင့်သုံးနိုင်သည့်အရာများတွင် အခြေခံဥပဒေကို ပြင်ပြီးမှသာလျှင် ကျင့်သုံးနိုင်မည့် အရာများရှိသကဲ့သို့ အခြေခံဥပဒေကိုမပြင်မီ ကျင့်သုံးနိုင်မည့်အရာများလည်း ရှိကြောင်း၊ ကျင့်သုံးနိုင်သည်များကို လက်တွေ့စတင်ကျင့်သုံးမည်ဟု ပြောပြီးဖြစ်ကြောင်း၊ အခြေခံဥပဒေနှင့်ပတ်သက်၍ လွှတ်တော်ထဲတွင် ပြင်ရမည့်အချက်များကို တပ်မတော်အနေဖြင့် ကတိပေးပြီးဖြစ်ကြောင်း၊ နောင်ဖြစ်ပေါ်လာမည့် လွှတ်တော်တွင် အထက်ပါ အချက်များနှင့်ပတ်သက်၍ အဆိုပြုချက်များ တင်သွင်းရာ၌ တပ်မတော်က အပြည့်အဝထောက်ခံမည်ဟု ပြောပြီးဖြစ်ကြောင်း၊ အထက်ပါလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ဒြိမ်းချမ်းရေးအတွက် အကောင်းဆုံးအချိန်ဖြစ်

တတိယအချက်အနေဖြင့် ဒေသဖွံ့ဖြိုးရေးအတွက် မိမိတို့လုပ်ဆောင်ပေးရမည့်ကိစ္စများ ရှိကြောင်း၊ လုပ်ဆောင်ပေးရမည့်ကိစ္စများကို အတတ်နိုင်ဆုံးကြိုးစား၍ ပြည့်ပြည့်ဝဝဆောင်ရွက်ပေးမည်ဟု ပြောချင်ကြောင်း၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ မတက်ရောက်သော EAO အဖွဲ့များကို ပြောလိုသည်မှာ ယခုအချိန်သည် ငြိမ်းချမ်းရေးအတွက် အကောင်းဆုံးအချိန်ဖြစ်သည်ဟု ပြောလိုကြောင်း၊ အဘယ်ကြောင့်ဆိုသော် အုပ်ချုပ်မှုအာဏာနှင့် ပတ်သက်၍ တပ်မတော်ကအစိုးရဖြစ်ပြီး အခြေခံဥပဒေကို ကျော်လွန်၍ တရားဥပဒေကို ပြဋ္ဌာန်း၍မရကြောင်း၊ သို့သော် အချို့သော တရားဥပဒေပြဋ္ဌာန်းချက်များ ဆောင်ရွက်ချိန်တွင် ပုဒ်မ-၄၂၉ အရ ဆောင်ရွက်ခွင့်ရှိသည်မှာ တပ်မတော်သာဖြစ်ကြောင်း၊ တရားစီရင်ရေးတွင်လည်း ကိုယ်တိုင်သော်လည်းကောင်း၊ အပ်နှင်းထားသူကသော်လည်းကောင်း ဆောင်ရွက်ပေးနိုင်သည့် အခြေအနေများရှိကြောင်း၊ ထို့ကြောင့် ယခုအချိန်သည် ငြိမ်းချမ်းရေးဆွေးနွေးရန် အကောင်းဆုံးအချိန်ဖြစ်ပြီး တစ်ဖွဲ့တည်းဖြင့် အပြီးအပြတ်ဆွေးနွေးနိုင်သည့်အချိန်၊ အာမခံချက်ပေးနိုင်သည့် အချိန်ဖြစ်ကြောင်း၊ ရန်စမှုများနှင့်ကြွေးကြော်မှုများကိုလည်း တွေ့ရကြောင်း၊ ထိုအချက်များမှာ ၎င်းတို့အယူအဆနှင့် ၎င်းတို့ ဖြစ်နိုင်ကြောင်း၊ မိမိတို့အနေဖြင့် လက်နှစ်ဖက်ကို ကိုင်ဆွဲထားကြောင်း၊ တစ်ဖက်မှာ ၂၀၂၂ ခုနှစ်အတွင်း ငြိမ်းချမ်းရေးကို အဆင့်တစ်ခုအထိ ရအောင်လုပ်မည်ဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ်အတွင်း ငြိမ်းချမ်းရေးဆွေးနွေးနိုင်ရန် အမြဲတမ်းတံခါးဖွင့်ထားကြောင်း၊ ထိုအချက်နှင့်အညီ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်များကို ထိခိုက်လာသည့်လုပ်ငန်းမှန်သမျှကို မိမိတို့အနေဖြင့် တုံ့ပြန်ဆောင်ရွက်သွားရန်ရှိသည်ဟု ပြောလိုကြောင်း။

ယခုလတ်တလောတွင် နိုင်ငံရေးပါတီများနှင့် တွေ့ဆုံရန် အစီအစဉ်မရှိသေးကြောင်း၊ နိုင်ငံရေးပါတီများနှင့် ပထမဦးဆုံး တွေ့ဆုံမည့်အဖွဲ့အစည်းမှာ UEC ဖြစ်ကြောင်း၊ UEC အနေဖြင့် နိုင်ငံရေးပါတီများနှင့်တွေ့ဆုံရန် ရေးဆွဲထားသည့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအသစ်ရှိကြောင်း၊ နောင်လာမည့် ရွေးကောက်ပွဲကို PR စနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်သော်လည်း PR စနစ်ကို အလုံးစုံပြုလုပ်မည်မဟုတ်ဘဲ ပြုလုပ်နိုင်မည့်လွှတ်တော်တစ်ရပ်သို့မဟုတ် နှစ်ရပ်ကိုသာ PR စနစ် ပြုလုပ်မည်ဖြစ်ကြောင်း၊ ရည်မှန်းထားသည်ကိုပြောခြင်းဖြစ်ကြောင်း၊ အားလုံးကို PR စနစ် လုပ်မည်မဟုတ်ကြောင်း၊ UEC နှင့် ဆွေးနွေးပြီး ယခုကိစ္စများပြီးစီးပါက နိုင်ငံရေးပါတီများနှင့် တွေ့ဆုံဆွေးနွေးခြင်းသည် မဖြစ်မနေ ပြုလုပ်ရမည့်လုပ်ငန်းစဉ်ဖြစ်ကြောင်း၊ လုပ်ငန်းစဉ်များပြီးဆုံးသည့်အချိန်တွင်ဖြစ်စေ၊ လုပ်ငန်းစဉ်များ စတင်ဆောင်ရွက်သည့်အချိန်တွင်ဖြစ်စေ တွေ့ဆုံနိုင်လိမ့်မည်ဟု ပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

(ဆက်လက်ဖော်ပြပါမည်)

ဓနုဖြူမြို့၌ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲ ကျင်းပ

ဓနုဖြူ သြဂုတ် ၂၄

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် အထက(၂) ဓနုဖြူ ပညာဦးဗိမာန်ခန်းမ၌ လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက ကျင်းပသည်။

အခမ်းအနားတွင် အထက (၂)ဓနုဖြူမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ချိုချိုငြိမ်းနှင့် အမျိုးသမီးရေးရာအဖွဲ့အတွင်းရေးမှူး ဒေါ်မြင့်မြင့်ကျော်တို့က အမှာစကား ပြောကြားကြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မေစိုးက လူငယ်နှင့် ရည်မှန်းချက်၊ စာတတ်ဖို့သာမက ပညာတတ်ဖို့ပါ ကြိုးစားကြ ခေါင်းစဉ်များဖြင့် ဟောပြောသည်။

ဆက်လက်၍ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးဝင်းမင်းစိုးက စားသုံးသူကာကွယ်ရေး အသိပညာပေး ဟောပြောခြင်း၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ မြို့နယ်အားကစားမှူး ဦးအောင်ဇော်လင်းက လူငယ်နှင့်ခေါင်းဆောင်မှု ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ပြီး ကျောင်းအုပ်ဆရာမကြီးထံ အားကစားပစ္စည်းများ ပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနက ခြင်းအလှခတ်ပြသပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အသိပညာပေးနံရံကပ်စာစောင်များ ပြသ၍ မြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှ ကျောင်းမုန့်ဈေးတန်းအား စစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ထိုင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးက ဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာအား ရာထူးတာဝန်များ ဆိုင်းငံ့

ဗန်ကောက် သြဂုတ် ၂၄

ထိုင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးက ဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာအား ရာထူးတာဝန်များ ဆိုင်းငံ့ခဲ့ကြောင်း ယနေ့ သတင်းများအရ သိရသည်။

ပရာယွတ်ချန်အိုချာသည် ၎င်း၏ရာထူးသက်တမ်းနှင့်ပတ်သက်ပြီး တရားရုံးက စီရင်ချက်ချမှတ်ခြင်းမပြုမီအချိန်အထိ ရာထူးတာဝန်များကို ထမ်းဆောင်ရမည်မဟုတ်ကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးက ဆိုသည်။

ဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာ၏ ရာထူးသက်တမ်းသည် သက်တမ်းကုန်လွန်သွားပြီဖြစ်ကြောင်း ၎င်း၏အတိုက်အခံပါတီများက ဆိုသည်။

ဝန်ကြီးချုပ်၏ ရာထူးသက်တမ်းအပေါ် ပြန်လည်သုံးသပ်ရန် တောင်းဆိုထားသည့် အတိုက်အခံပါတီများ၏အသနားခံစာကို ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးက လက်ခံရရှိခဲ့ကြောင်း သိရသည်။ ထို့ပြင် အဆိုပါရာထူးသက်တမ်းကာလနှင့်ပတ်သက်ပြီး သက်သေခံချက်တစ်စုံတစ်ရာကို ၁၅ ရက်တွင်း တင်သွင်းရန် ဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာအား တရားရုံးက အမိန့်ထုတ်ထားကြောင်း သိရသည်။

ထိုင်းနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဝန်ကြီးချုပ်သည် ၎င်း၏ရာထူးအာဏာကို ရုစ်နှစ်အထိသာ တာဝန်ထမ်းဆောင်ခွင့်ရှိသည်။ ပရာယွတ်သည် ၂၀၁၄ ခုနှစ်မှစပြီး နိုင်ငံတော်၏ ရာထူးအာဏာများကို စတင်ထမ်းရွက်လျက်ရှိရာ ယခုအချိန်တွင် ရုစ်နှစ်တာကာလ ကုန်ဆုံးသွားပြီဖြစ်ကြောင်း အတိုက်အခံပါတီများက ဆိုသည်။

သို့သော် ပရာယွတ်သည် ၂၀၁၉ ခုနှစ်အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည့်အတွက် သူ၏ရာထူးသက်တမ်းသည် ၂၀၁၉ ခုနှစ်မှသာစတင်ခဲ့ခြင်းကြောင့် ၂၀၂၇ ခုနှစ်အထိ တာဝန်ထမ်းဆောင်နိုင်ကြောင်း နိုင်ငံရေးလေ့လာသူအချို့က ဆိုသည်။

လက်ရှိတွင် ဒုတိယဝန်ကြီးချုပ် ပရာဝတ်ဝေါင်ဆူဝန်က ယာယီဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းရွက်နိုင်ဖွယ်ရှိပြီး နိုင်ငံ၏အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ရမည်ဖြစ်ကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။ ဝန်ကြီးချုပ်၏ ရာထူးသက်တမ်းအပေါ် စီရင်ချက်ချမှတ်မည့်နေ့ရက်ကို တရားရုံးက အတိအကျကြေညာခြင်းမရှိသေးပေ။

ကိုးကား- အင်နန်အိတ်ချ်ကေ
ဘာသာပြန်- အောင်ကျော်ကျော်

အမေရိကန်နိုင်ငံ၌ မျောက်ကျောက်ရောဂါကူးစက်ခံရသူ ၁၅၀၀၀ ကျော်ရှိလာ

လော့စ်အိန်ဂျလိစ် သြဂုတ် ၂၄

အမေရိကန်နိုင်ငံ၌ မျောက်ကျောက်ရောဂါ ကူးစက်ခံရသူ ၁၅၀၀၀ ကျော်ရှိလာကြောင်း အမေရိကန် ကူးစက်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာမှ ထုတ်ပြန်သည့် နောက်ဆုံး အချက်အလက်များအရ သိရသည်။

အမေရိကန်နိုင်ငံ၌ သြဂုတ် ၂၂ ရက်တွင် မျောက်ကျောက်ရောဂါကူးစက်ခံရသူဦးရေ ၁၅၄၃၃ ဦးရှိလာခြင်း ဖြစ်ကြောင်း အဆိုပါ အမေရိကန် ကူးစက်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

အမေရိကန်နိုင်ငံ၌ နယူးယောက်သည် မျောက်ကျောက်ရောဂါ ကူးစက်ခံရသူ ၂၉၁၀ ဖြင့် အများဆုံးဖြစ်ပြီး ၎င်းနောက်တွင် ကာလီဖိုးနီးယားက ၂၆၆၃ ဦး၊ ဖလော်ရီဒါက ၁၅၈၈ ဦး စသည်ဖြင့် ကူးစက်မှုရှိခဲ့ကြောင်း သိရသည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ကာကွယ်ဆေးအလုံအလောက် မဝယ်ယူနိုင်မှု၊ ရောဂါဖြစ်ပွားမှုကို ထိန်းချုပ်ရန်အတွက် စမ်းသပ်မှုများပြုလုပ်ရန် ပျက်ကွက်မှုများအပါအဝင် မျောက်ကျောက်ရောဂါ ဖြစ်ပွားမှုကို တုံ့ပြန်နိုင်စွမ်းမရှိမှုတို့ကြောင့် ဝေဖန်မှုများ ခံရလျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် အမေရိကန်နိုင်ငံသည် မျောက်ကျောက်ရောဂါဖြစ်ပွားမှုတွင် ကမ္ဘာပေါ်၌ တတိယအများဆုံး နိုင်ငံဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏အချက်အလက်များအရ သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်

ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၅၀ ထပ်မံသေဆုံး

မနီလာ သြဂုတ် ၂၄

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၅၀ ထပ်မံသေဆုံးခဲ့သည့်အတွက် အဆိုပါရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၆၁၄၇၆ ဦးရှိကြောင်း ဖိလစ်ပိုင်နိုင်ငံကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၅၈၀ ထပ်မံတွေ့ရှိခဲ့ရာ ရောဂါ ကူးစက်ခံရသူပေါင်း ၃၈၆၄၀၃၄ ဦးရှိကြောင်း သိရသည်။

လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ဆဲလူနာ ၃၀၂၄၀ ရှိသည်။

အဆိုပါ ရောဂါထပ်မံ ကူးစက်ခံရသူများအနက် ၁၂၁ ဦးသည် မြို့တော် မနီလာမှ တွေ့ရှိရခြင်းဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်တွင် နေ့စဉ် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု အရေအတွက် ၃၉၀၀၄ ဦးဖြင့် စံချိန်တင်ခဲ့သည်။

လူဦးရေ သန်း ၁၁၀ ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ပြည်သူ ၇၂ ဒသမ ၃ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အပြည့်အဝ ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန်- အောင်ကျော်ကျော်

Pfizer ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးက ကလေးငယ်များအား ၇၃ ဒသမ ၂ ရာခိုင်နှုန်း ရောဂါကာကွယ်ပေးနိုင်

ဘာလင် သြဂုတ် ၂၄

Pfizer ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးသည် အသက် ခြောက်လမှ လေးနှစ်အရွယ်ရှိ ကလေးငယ်များအား ၇၃ ဒသမ ၂ ရာခိုင်နှုန်း ရောဂါကာကွယ်ပေးနိုင်ကြောင်း သုတေသနပြုချက်များအရ သိရသည်။

Pfizer ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးပမာဏ ၃ မိုက်ခရိုဂရမ်ကို သုံးကြိမ်ခွဲ၍ ထိုးနှံပြီးနောက် ၎င်းကာကွယ်ဆေးသည် ကလေးငယ်များအား ထိရောက်စွာ ကာကွယ်ပေးနိုင်သည်ကို တွေ့ရှိရကြောင်း ဧပြီလနည်းပညာကုမ္ပဏီ BioNTech တည်ထောင်သူ အူဂါဆာဟင်က ပြောကြားသည်။ ကလေးငယ်များအား ၎င်းကာကွယ်ဆေးထိုးနှံပေးသည့်အချိန်က ကမ္ဘာပေါ်တွင် အိုမီခရွန် BA.2 ဗီဇပြောင်းဗိုင်းရပ်စ် ပြန့်ပွားနေသည့် အချိန်ဖြစ်ကြောင်း သိရသည်။

ဂျာမနီဇီဝ နည်းပညာကုမ္ပဏီ BioNTechနှင့် အမေရိကန်ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်း Pfizerတို့သည် ၎င်းအသက်အရွယ်ရှိ ကလေးငယ်များအား အိုမီခရွန် ဗီဇပြောင်းဗိုင်းရပ်စ် BA.4နှင့် BA. 5 တို့မှ ကာကွယ်ပေးနိုင်သည့် ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးကိုလည်း ထုတ်လုပ်နေကြောင်း သိရသည်။ ယခုလက်ရှိအချိန်တွင် ၎င်းကာကွယ်ဆေးများကို အမေရိကန်အစားအစာနှင့်ဆေးဝါးကွပ်ကဲရေးဌာနမှ သုံးစွဲခွင့်တောင်းခံထားပြီး အကယ်၍ ခွင့်ပြုချက်ရရှိခဲ့ပါက ကာကွယ်ဆေးအရေအတွက် အများအပြားကို ထုတ်လုပ်ဖြန့်ဖြူးမည်ဖြစ်သောကြောင့် ဆောင်းရာသီတွင် မိသားစုများကိုဗစ်-၁၉ရောဂါ ကူးစက်ခြင်းမှ ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း Pfizerမှ တာဝန်ရှိသူ အယ်လ်ဘတ်က ပြောကြားသည်။

ဂျာမနီနိုင်ငံရှိ အသက် ၅နှစ်မှ ၁၁နှစ်အရွယ်ရှိ ကလေးငယ်များ၏ ၂၂ဒသမ ၆ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တစ်ကြိမ်ထိုးနှံပြီးခဲ့ပြီး အရွယ်ရောက်ပြီးသူများ၏ ၈၅ ဒသမ ၃ ရာခိုင်နှုန်းမှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၃၉၃၃၉ ဦး ထပ်မံတွေ့ရှိ

ဆိုးလ် သြဂုတ် ၂၄

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၃၉၃၃၉ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၂၅၅၈၈၆၇ ရှိလာကြောင်း တောင်ကိုရီးယားကျန်းမာရေး အာဏာပိုင်များကယနေ့တွင် ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများအနက် ၄၅၆ ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများ အနက်မှ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ကျန်ရှိသူများသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်း သိရသည်။

ထို့ပြင် တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၆၃ ဦးထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူစုစုပေါင်း ၂၆၂၂၄ ဦးရှိလာကြောင်း တောင်ကိုရီးယားကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက်သည် တောင်ကိုရီးယားနိုင်ငံ တစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း၏ သုညဒသမ ၁၂ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်

သာစည်မြို့နယ်၌ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ဒေသဖွံ့ဖြိုးရေးတွေ့ဆုံဆွေးနွေး

သာစည် သြဂုတ် ၂၄

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ဒေသဖွံ့ဖြိုးရေးတို့အတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဦးဆောင်ပြီး မြို့နယ်အဆင့်ဌာနဆိုင်ရာများပါဝင်သော စစ်ကြောင်းကြီးငါးကြောင်းနှင့် လှိုင်းတက်ကျေးရွာအုပ်စုဒေသခံပြည်သူတို့သည် သြဂုတ် ၂၃ ရက်က အဆိုပါကျေးရွာရှိ ရွှေဘုံသာမဏ္ဍာရုံ၌ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်က အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဗိုလ်မှူးတေဇမြင့်က နိုင်ငံရေးအခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် ဦးတည်ချက် (၉) ရပ်တို့ကို အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကိုရှင်းလင်းဆွေးနွေးသည်။ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများက မိမိဌာနအလိုက် ဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးပြီး ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့ကြသည်။

ပေးအပ်

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ မိတ္ထီလာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဇော်ဦးနှင့်အဖွဲ့ဝင်များက လာရောက်ကြည့်ရှုအားပေးပြီး ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ One Stop Service ဖြင့် ဆောင်ရွက်ပေးသော နိုင်ငံသား ထံ ပေးအပ်ခဲ့ကြောင်း သိရသည်။ စိစစ်ရေးကတ်ပြားများကို ပြည်သူများ

မြို့နယ်(ပြန်/ဆက်)

သုတဝေဖြာသိရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာမျှဝေမှု အစီအစဉ် လူရွှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်မည်

နေပြည်တော် သြဂုတ် ၂၄

သုတဝေဖြာသိရိဂေဟာမိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ်(၈၀)ကို သြဂုတ် ၂၆ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ကိုဗစ်–၁၉ ဆိုင်ရာ အသိပညာမျှဝေမှုအစီအစဉ်ကို အစီအစဉ်တင်ဆက်သူ နေသူရနှင့် ဖြူဖြူခိုင်တို့က တင်ဆက်ကြမည်ဖြစ်ပြီး လူရွှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို သြဂုတ် ၂၆ ၊ ၂၇ နှင့် ၂၈ ရက်တို့တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ညနေ ၆ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

ဇီးကုန်းမြို့နယ်၌ ပဲတီစိမ်းစိုက်တောင်သူများအား နိုင်ငံတော်ပံ့ပိုးငွေ ကန်ထရိုက်လယ်ယာစနစ်ဖြင့် စိုက်ပျိုးမည့်လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ဇီးကုန်း သြဂုတ် ၂၄

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်၌ ပဲတီစိမ်းစိုက်တောင်သူများအား နိုင်ငံတော်ပံ့ပိုးငွေ ကန်ထရိုက်လယ်ယာ(CF) စနစ်ဖြင့် စိုက်ပျိုးမည့်လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်အောင်က အဖွင့်အမှာစကား ပြောကြားရာတွင် မြို့နယ်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကုန်ထုတ်လုပ်မှုများ တိုးတက်ရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ယခင်နှစ်က ဆောင်းသီးနှံ ပဲတီစိမ်း လျာထားဧက ၆၄၂ ဧကမှ အမှန်တကယ် စိုက်ဧက ၁၅၉၉၂ ဧကအထိ တိုးတက်စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ယခုအခါ နိုင်ငံတော်မှ ပံ့ပိုးမှု(CF)စနစ်ဖြင့် ပဲတီစိမ်းစိုက်တောင်သူများအား အကျိုးတူပံ့ပိုးကူညီ ဆောင်ရွက်ပေးမည်ဖြစ်ရာ အသင်းအဖွဲ့များ ဖွဲ့စည်း၍ လုပ်ငန်း အဆင်ပြေချောမွေ့ရန် ဆောင်ရွက်ကြစေလိုကြောင်း၊ တောင်သူများ လိုအပ်သော မျိုးကောင်းမျိုးသန့်များကို စိုက်ပျိုးရေးဦးစီးဌာနမှ ကူညီဆောင်ရွက် ပေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍မြို့နယ်သမဝါယမ၊ စိုက်ပျိုးရေး၊ မြေစာရင်းဦးစီးဌာနတို့မှ သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ တက်ရောက်လာသော တောင်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တင့်ဆွေ(ပြန်ဆက်)

(၃၈)ဖြာ မင်္ဂလာအစီအစဉ် ဆန်းသစ်တင်ဆက်မှု မြန်မာ့ရုပ်မြင်သံကြား၌ ဆက်လက်ပြသမည်

နေပြည်တော် သြဂုတ် ၂၄

လူငယ်လူရွယ်များနှင့် ကလေးငယ်များ ယဉ်ကျေးလိမ္မာစေရန်နှင့် အသိပညာဗဟုသုတ တိုးပွားစေရန်အပြင် ဇာတ်သဘင်ကြို့ကျ်နှစ်သက်ကြသည့် မိဘပြည်သူများအတွက် "(၃၈)ဖြာ မင်္ဂလာအစီအစဉ်" ဆန်းသစ်တင်ဆက်မှုကို မေ ၂၁ ရက်မှစတင်၍ အပတ်စဉ်(စနေနေ့) တိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ည ၈ နာရီသတင်းအပြီးတွင် ထုတ်လွှင့်ပြသလျက်ရှိသည်။

အဆိုပါ (၃၈)ဖြာမင်္ဂလာအစီအစဉ်များအနက် ဘဝတိုးတက်ရေးအတွက် အဆုံးအမများစွာပါဝင်သည့် **ဗဟုသစ္စာ (အကြားအမြင် ဗဟုသုတနှင့် ပြည့်စုံခြင်း)**နှင့် **ဝီရတီပါပါ (မကောင်းမှုမှ ကိုယ်နှုတ်တို့ဖြင့် အထူးရှောင်ကြဉ်ခြင်း)** အစီအစဉ်ကို သြဂုတ် ၂၇ ရက် (စနေနေ့) ည ၉ နာရီတွင် ဆက်လက်ပြသမည်ဖြစ်သည်။

ယင်းအစီအစဉ်တွင် ရွှေနန်းတင်မျိုးဆက် သဘင်ပညာရှင် ဦးနန်းဝင်းရေးသားပူဇော်ပြီး ရန်ကုန်ရူဝံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ သော်သော်နန်းဝင်း (ရွှေနန်းသဘင်)၊ ထက်မြတ်အောင်၊ ရန်ရှင်းမောင်၊ ပန်းကဗျာ၊ တိုးတက်၊ နန်းအိမ်ဦးနှင့် သဘင်ပညာရှင်များ၊ အနုပညာရှင်များ ပါဝင်တင်ဆက်မှု ၂၇–၈–၂၀၂၂ (စနေနေ့)၊ ည (၉) နာရီ ON MRTV HD

ဂီတစာဆိုမောင်ကြေးမုံ အမှတ်တရတေးဂီတ ဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြား၌ ပြသမည်

နေပြည်တော် သြဂုတ် ၂၄

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ **ဂီတစာဆိုမောင်ကြေးမုံ အမှတ်တရ တေးဂီတဖျော်ဖြေပွဲ (ပွဲစဉ် – ၂)** ကို Friday Night Show တင်ဆက်မှုအဖြစ် သြဂုတ် ၂၆ ရက် (သောကြာနေ့) ည ၉ နာရီခန့်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းအစီအစဉ်တွင် The Friends တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နေအောင်၊ လွမ်းပို၊ ဂျင်းနီ၊ ရွှေဖြူ၊ ချိုမီမီဇော်၊ မြတ်နိုးစံ၊ မို့မို့ကျော်လွင်၊ ရွှေပန်းချီနှင့် ယွန်းနဒီပိုင်တို့က သီဆိုဖျော်ဖြေကြမည်ဖြစ်သည်။ ထိုသို့တင်ဆက်မှုကို သြဂုတ် ၂၈ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ကြံခင်းမြို့နယ်၌ သဘာဝရေပြင် (ဧရာဝတီမြစ်) အတွင်းသို့ ငါးသားပေါက်ကောင်ရေသုံးသိန်း ငါးမျိုးစိုက်ထည့်

ကြံခင်း သြဂုတ် ၂၄

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနက ကြံခင်းမြို့နယ်၌ သဘာဝရေပြင်(ဧရာဝတီမြစ်)အတွင်းသို့ ငါးသားပေါက်ကောင်ရေ သုံးသိန်း မျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ကြံခင်းမြို့နယ် ဆုံလဲအုပ်စု ဆိပ်သာမက်သနော စက်ရုံဆိပ်ကမ်း၌ ကျင်းပသည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ခြင်းကို မြန်အောင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးလှိုင်၊ မြန်အောင်ခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုရဲမှူးကြီး မြင့်ကျော်၊ ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးဌာနမှူး ဦးမြသိန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များတက်ရောက်၍ သဘာဝရေပြင်(ဧရာဝတီမြစ်)အတွင်းသို့ ငါးမြစ်ချင်းငါးသားပေါက်ကောင်ရေသုံးသိန်း မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

*** CDM မှ**

ထိုသို့ သဘောထားထုတ်ပြန်ပြီးနောက်ပိုင်းတွင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၃၁၅၆ ဦး၊ ရေးဖွင့်ထားသည့်အမှုများကို ပိတ်သိမ်းရန် ဆက်သွယ်လာသူ ၁၀၀၉ ဦး၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်သူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၂၃၁ ဦး ပြန်လည်ဝင်ရောက်လာပြီးဖြစ်သည်။ အဆိုပါ ပြန်လည်ဝင်ရောက်လာသူများကို စနစ်တကျ လက်ခံပေးခြင်း၊ မိဘရပ်ထံ ပြန်လည်အပ်နှံခြင်းများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ယခုအခါတွင် ပြန်လည်ဝင်ရောက်လာသူများနှင့် ပြန်လည်ဝင်ရောက်လိုသူများ များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများကို ကျယ်ကျယ်ပြန့်ပြန့်၊ ပိုမိုလက်ခံ ဆက်သွယ်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ကျယ်ကျယ်ပြန့်ပြန့်၊ ပိုမိုလက်ခံနိုင်ရေး လုပ်ဆောင်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများကို နယ်စပ်ဒေသအသီးသီးတွင် ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်လက်ခံသကဲ့သို့ နီးစပ်ရာမြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့ အသီးသီးတို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အဆင့်မြင့်စစ်မှူထမ်းဟောင်းအိမ်ရာ(မန္တလေး)တွင် နေထိုင်မည့်စစ်မှူထမ်းဟောင်းအဖွဲ့ဝင်များနှင့် နိုင်ငံတော်နှင့်တပ်မတော်အတွက် အသက်ပေးလှုံ့ခဲ့ရသည့် တပ်မတော်သားများ၏ မိသားစုဝင်များကို (ပဉ္စမအကြိမ်) တိုက်ခန်းသော့၊ နေထိုင်ခွင့်ကတ်ပြားများနှင့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်

နေပြည်တော် သြဂုတ် ၂၄

အဆင့်မြင့်စစ်မှူထမ်းဟောင်းအိမ်ရာ(မန္တလေး)တွင် နေထိုင်ကြမည့် စစ်မှူထမ်းဟောင်းအဖွဲ့ဝင်များနှင့် နိုင်ငံတော်နှင့် တပ်မတော်အတွက် အသက်ပေးလှုံ့ခဲ့ရသည့် တပ်မတော်သားများ၏ မိသားစုဝင်များကို (ပဉ္စမအကြိမ်) နေအိမ်တိုက်ခန်းသော့၊ နေထိုင်ခွင့်ကတ်ပြားပေးအပ်ခြင်းနှင့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်ပွဲကို ယနေ့တွင် အဆိုပါအိမ်ရာရှင်းလင်းဆောင်ခ် ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် တာဝန်ရှိသူများ၊ စစ်မှူထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ပေးအပ်

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးက အဆင့်မြင့်စစ်မှူထမ်းဟောင်းအိမ်ရာ(မန္တလေး)တွင် နေထိုင်ကြမည့် စစ်မှူထမ်းဟောင်းအဖွဲ့ဝင်များနှင့် နိုင်ငံတော်နှင့် တပ်မတော်အတွက် အသက်ပေးလှုံ့ခဲ့ရသည့် တပ်မတော်သားများ၏ မိသားစုဝင်များကို (ပဉ္စမအကြိမ်) နေအိမ်တိုက်ခန်းသော့၊ နေထိုင်ခွင့်ကတ်ပြားများနှင့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်ရာ စစ်မှူထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များက လက်ခံရယူကြပြီး တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူများက အဆင့်မြင့်စစ်မှူထမ်းဟောင်းအိမ်ရာ (မန္တလေး) တိုက်ခန်းသစ်များအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အိမ်ရာတိုက်ခန်းများကို လိုက်လံကြည့်ရှုကြသည်။

အဆိုပါ အဆင့်မြင့်စစ်မှူထမ်းဟောင်းအိမ်ရာ(မန္တလေး)စီမံကိန်းကို ၂၀၁၅ ခုနှစ် မတ် ၃၁ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ယနေ့အထိ အရာရှိကြီးနေအိမ်တိုက်ခန်း ၂၈ ခန်း၊ အရာရှိငယ်နေအိမ် တိုက်ခန်း ၉၆ ခန်း၊ အခြားအဆင့်နေအိမ်တိုက်ခန်း ၄၅၉ ခန်း စုစုပေါင်း ၅၈၃ ခန်းကို နေထိုင်ခွင့်ရရှိသူများအား လွှဲပြောင်းနေရာချထားပြီးဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

တပ်မတော် တပ်ရင်း/တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်

နေပြည်တော် သြဂုတ် ၂၄

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်း အပေါ်ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားပင် ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံး ရဲဘော်စိတ်အပြည့်ထားရှိပြီး အထက်အောက်ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ်ရှိရန် လိုအပ်ကြောင်း တပ်မတော်အကြီးအကဲမှ လမ်းညွှန်မှာကြားထားသည်ဖြစ်ရာ အုပ်ချုပ်မှုညီညွတ်မျှတစေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်းစိတ်ဓာတ် (Commander Spirit)၊ ဖခင်သဖွယ်စိတ်ဓာတ် (Fatherly Spirit)တို့ဖြင့် ကွပ်ကဲအုပ်ချုပ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်နှင့် တြိဂံဒေသတိုင်းစစ်ဌာနချုပ်တို့မှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများသို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ ပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ လက်ရေတစ်ပြင်တည်း သုံးဆောင်ခဲ့ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှ တပ်မတော်အရာရှိကြီးများကလည်း ၎င်းတို့၏ ကွပ်ကဲမှုများအလိုက် တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ သုံးဆောင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် သြဂုတ် ၂၄

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းတို့ကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုတို့အပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ရွှေမင်းဝံရပ်ကွက်နေ ညီလွင်(ခ)ကိုညီသည် ၎င်းအသုံးပြုသည့် “Ko Myo” Facebook အကောင့်၊ ရှမ်းပြည်တော် (တောင်ပိုင်း) တောင်ကြီးမြို့နယ် အေးသာယာမြို့ အမှတ်(၁၀)ရပ်ကွက်နေ ထွန်းထွန်းဦးသည် ၎င်းအသုံးပြုသည့် “Htun Htun Oo” Facebook အကောင့်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့နယ် ဟိုမွန်ရပ်ကွက်နေ စည်သူအောင်နှင့် ဈေးရပ်ကွက်နေ နိုင်ကိုဦးတို့သည် ၎င်းတို့အသုံးပြုသည့် “Sithu Aung” Facebook အကောင့်နှင့် “Naing Ko Oo” Facebook အကောင့်၊ ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တောက်တဲ့ရိုးကျေးရွာနေ ကျော်ဇင်ထွန်း(ခ) ကြီးကြီးသည် ၎င်းအသုံးပြုသည့် “Kyaw Zin Htun” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာနေ လှထွန်းသည် ၎င်းအသုံးပြုသည့် “Hla Tun” Facebook အကောင့်၊ ကရင်ပြည်နယ် ဘားအံမြို့နယ် အမှတ်(၂)ရပ်ကွက်နေ ဇင်နွယ်စိုးသည် ၎င်းအသုံးပြုသည့် “Zin Nwe Soe” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းတို့ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှု ဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းတို့ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ထိထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

ဓာတ်ခွဲနမူနာစုစုပေါင်း ၈၀၆၀ စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၆၃ ဦးတွေ့ရှိ

ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၄-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၃-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၄-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၀၆၀) အား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၆၃) ဦးတွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၇၈) ရာခိုင်နှုန်းရှိပါသည်။ ယနေ့တွေ့ရှိသော ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၆၃) ဦးအနက် (၄၀) (၆၃.၄၉) ရာခိုင်နှုန်းမှာ ပြည်ပမှဝင်ရောက်လာသူများအား ဓာတ်ခွဲစစ်ဆေးရာမှ တွေ့ရှိခြင်းဖြစ်ပြီး (၂၃) ဦး (၃၆.၅၁) ရာခိုင်နှုန်းမှာ ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများ ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၆၉၁,၈၅၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၄,၈၁၁) ဦးရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၄၀) ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၃,၃၅၅) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၇) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၃-၈-၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၃၃၁,၇၀၄) ဦး နှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၃၁၈,၅၃၅) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာများအနက်မှ သံသယဖြစ်ဖွယ် ဓာတ်ခွဲနမူနာများအား ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်းရောဂါပိုး စစ်ဆေးခြင်းလုပ်ငန်းကို

ဓာတ်ခွဲအတည်ပြုလူနာသစ် တွေ့ရှိမှုအခြေအနေ (၂၄-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ဓာတ်ခွဲအတည်ပြုလူနာသစ်တွေ့ရှိမှု	လူနာသစ် (ဦးရေ)	ရာခိုင်နှုန်း
ပြည်ပမှဝင်ရောက်လာသူများ	(၄၀) ဦး	(၆၃.၄၉) %
ပြည်တွင်းတွင်ကူးစက်ဖြစ်ပွားသူများ	(၂၃) ဦး	(၃၆.၅၁) %
စုစုပေါင်း	**(၆၃) ဦး**	**(၁၀၀) %**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးမှု (၂၃-၈-၂၀၂၂ ရက်နေ့အထိ)

အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း	၃၀,၃၃၁,၇၀၄
အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း	၆,၃၁၈,၅၃၅

ဆောင်ရွက်လျက်ရှိရာ ပြည်ပမှ ဝင်ရောက်လာသူများနှင့် ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများတွင် အိုမီခရွန် မျိုးရိုးဗီဇပြောင်းရောဂါပိုး BA.4၊ BA.5၊ BA.2.75 နှင့် BA.2.76 တို့ ကူးစက်မှုများရှိနေကြောင်း တွေ့ရှိရပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားခြင်းအားဖြင့် ရောဂါကူးစက်ဖြစ်ပွားမှု၊ ရောဂါပြင်းထန်မှုနှင့် သေဆုံးမှုတို့ကို လျော့ချပေးနိုင်သည်ဖြစ်ရာ အသက် ၅ နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သည့်အပြင် အသက် ၁၈ နှစ်နှင့်အထက် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပြီးစီးမှုကာလ ၆ လ ရှိနေသော ပြည်သူများသည်လည်း ထပ်ဆောင်းကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထပ်မံထိုးနှံရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

စဉ်	နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
၁။	အမေရိကန်	၉၅၅၃၇၉၉၄	၉၁၀၀၇၁၀၇	၁၀၆၆၄၁၆
၂။	အိန္ဒိယ	၄၄၃၆၁၉၅	၄၃၇၄၄၃၀၁	၅၂၇၄၅၂
၃။	ပြင်သစ်	၃၄၃၈၇၆၁၂	၃၃၈၀၆၄၂၆	၁၅၃၇၀၅
၄။	ဘရာဇီး	၃၄၃၁၁၃၂	၃၃၂၁၉၆၄၃	၆၈၂၉၄၁
၅။	ဂျာမနီ	၃၁၉၂၁၅၇၈	၃၀၉၁၀၄၀၀	၁၄၆၇၉၇
၆။	ဗြိတိန်	၂၃၄၆၀၇၈၇	၂၃၁၃၈၆၈၁	၁၈၇၀၁၈
၇။	တောင်ကိုရီးယား	၂၂၅၈၈၆၄၀	၂၀၃၅၇၄၆၀	၂၆၂၂၄
၈။	အီတလီ	၂၁၆၉၆၂၄၂	၂၀၇၆၉၂၂၀	၁၇၄၉၃၁
၉။	ရုရှား	၁၉၂၂၁၆၀၂	၁၈၃၇၀၆၁၂	၃၈၃၇၅၉
၁၀။	ဂျပန်	၁၇၅၁၉၂၄၈	၁၅၄၁၈၉၈၉	၃၇၅၉၄

အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

စဉ်	နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
၁။	ဗီယက်နမ်	၁၁၃၉၂၈၅၉	၁၀၁၀၄၁၈၀	၄၃၁၀၈
၂။	အင်ဒိုနီးရှား	၆၃၂၉၁၄၃	၆၁၂၃၃၄၂	၁၅၇၄၃၈
၃။	မလေးရှား	၄၇၆၂၅၅၂	၄၆၉၀၈၃၅	၃၆၁၆
၄။	ထိုင်း	၄၆၃၉၂၆၁	၄၅၈၉၃၂၁	၃၂၁၁
၅။	ဖိလစ်ပိုင်	၃၈၆၄၀၃၄	၃၇၇၂၃၁	၆၁၄၇၆
၆။	စင်ကာပူ	၁၈၂၂၁၈၇	၁၇၄၂၄၀၅	၁၅၈၄
၇။	မြန်မာ	၆၁၄၈၁၁	၅၉၃၃၅၅	၁၉၄၃၇
၈။	ဘရူနိုင်း	၂၁၅၂၈	၂၁၄၆၃၉	၂၂၅
၉။	လာအို	၂၁၃၅၀၂	၂၀၈၃၄၄	၇၅၇
၁၀။	ကမ္ဘောဒီးယား	၁၃၇၄၈၂	၁၃၄၂၄၄	၃၀၅၆

အလုံမြို့နယ် အ.ထ.က(၇) ကျောင်းတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပေး

ရန်ကုန် သြဂုတ် ၂၄

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာသန်းသန်းထွေး၊ ဒေါက်တာမေသီရိနှင့် သူနာပြုသားဖွားဆရာမများနှင့် ကျန်းမာရေးဝန်ထမ်းများသည် သြဂုတ် ၂၃ ရက်နံနက် ၉ နာရီခွဲမှစတင်ကာ အလုံမြို့နယ် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသားကျောင်းသူ ၁၃၃ ဦးတို့အား ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးသည်။

ကာကွယ်ဆေးထိုးရာသို့ အလုံခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဇာနည်လွင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆန်းထွန်းနှင့်အဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးကြပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်သိဂီနှင့် မိဘဆရာအသင်းမှတာဝန်ရှိသူများက ပါဝင်ကူညီကြကြောင်း သိရသည်။

မောင်မောင် (လျှပ်စစ်)

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် ဝန်ထမ်းများသက်သာချောင်ချိရေးအတွက် ချီးမြှင့်ပေးမှုများ

တိမ်စင်ကြယ်

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့ဝန်ထမ်းများသည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိကြပါသည်။ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်၏အုပ်ချုပ်မှုယန္တရားအောင်မြင်စေရေးအတွက် အဓိကအခန်းကဏ္ဍမှ တာဝန်ယူဆောင်ရွက်ပေးနေကြသူများဖြစ်ကြပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်ဆိုသည့်အတိုင်း နိုင်ငံ့တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများအား ထိုက်သင့်သည့် ချီးမြှင့်မှုများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

နိုင်ငံ့ဝန်ထမ်း(အမြဲတမ်း)များအား ဝတ်စုံစရိတ်ချီးမြှင့်ခြင်း

ရှေးယခင်အဆက်ဆက်က နိုင်ငံ့ဝန်ထမ်းများသည် ဝတ်စုံစရိတ်ခံစားခွင့်မရရှိခဲ့ပါ။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် နိုင်ငံ့ဝန်ထမ်းများအတွက် စရိတ်ချီးမြှင့်ငွေ တိုးမြှင့်ရရှိခံစားနိုင်စေရန်နှင့် နိုင်ငံ့ဝန်ထမ်းများအားလုံး ဝန်ကြီးဌာန၊ အဖွဲ့အစည်းအလိုက် တူညီဝတ်စုံများ ဝတ်ဆင်နိုင်စေရန် ရည်ရွယ်၍ ၂၀၂၂ ခုနှစ်၊ ဇွန်လမှ စတင်ပြီး တစ်ဦးလျှင် ကျပ် ၃၀၀၀၀ နှုန်းဖြင့် တစ်နှစ်လျှင် တစ်ကြိမ် ခံစားခွင့်ပြုခဲ့ပါသည်။

နိုင်ငံ့ဝန်ထမ်း(အမြဲတမ်း)များအား အိမ်ငှားစရိတ်ချီးမြှင့်ခြင်း

ထို့ပြင် နိုင်ငံ့ဝန်ထမ်း(အမြဲတမ်း)များအတွက် အိမ်ငှားစရိတ်ကိုလည်း ၂၀၂၂ ခုနှစ်၊ သြဂုတ်လမှစတင်၍ လစဉ်ချီးမြှင့်ပေးခဲ့ပါသည်။ နိုင်ငံ့ဝန်ထမ်းများ နေထိုင်ရေးအဆင်ပြေစေရန် အစိုးရအိမ်ရာတွင် အခမဲ့နေထိုင်ခွင့်မရသော ဝန်ထမ်းများနှင့် မိမိအစီအစဉ်ဖြင့် နေထိုင်သော ဝန်ထမ်းများအား အိမ်ငှားစရိတ်ချီးမြှင့်ပေးခြင်းဖြင့် နိုင်ငံ့ဝန်ထမ်းများ၏ အကျိုးခံစားခွင့် ပိုမိုရရှိစေရန် ရည်ရွယ်၍ နိုင်ငံတော်မှ ဆောင်ရွက်ပေးခြင်းဖြစ်ပါသည်။ အိမ်ငှားစရိတ်အဖြစ် ယေဘုယျအားဖြင့် အိမ်ထောင်သည်ဖြစ်ပါက မူရင်းလစာ၏ ၈%၊ လူပျိုအပျိုဖြစ်ပါက မူရင်းလစာ၏ ၄% ဖြင့် သတ်မှတ်ချက်များနှင့်အညီ ခံစားခွင့်ပြုခဲ့ပါသည်။

ပညာရေးဝန်ထမ်းများအတွက် ချီးမြှင့်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်မှုဖြင့် ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များနှင့် ကောလိပ်များ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့အောက်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်များ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ ဖွံ့ဖြိုးရေးတက္ကသိုလ်များနှင့် ဒီဂရီကောလိပ်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ စိုက်ပျိုးရေးသိပ္ပံကျောင်းများ၊ စိုက်ပျိုးရေးတက္ကသိုလ်နှင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအောက်ရှိ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိဆေးတက္ကသိုလ်များနှင့် ဆေးနီးနွယ်တက္ကသိုလ်များ၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များ၊ ကောလိပ်များနှင့် သင်တန်းကျောင်းများ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များ၊ ကောလိပ်များနှင့် သိပ္ပံကျောင်းများ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ကောလိပ်များတွင် သင်ကြားရေးပိုင်းတာဝန်ထမ်းဆောင်နေသော ဆရာ ဆရာမများအတွက် အမြင့်ဆုံးရရှိသည့်ဘွဲ့အတွက် ချီးမြှင့်ငွေကို ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ စတင်၍ အောက်ပါအတိုင်း ခံစားခွင့်ပြုခဲ့ပါသည်-

(က) ပါရဂူဘွဲ့ ကျပ် ၃၀,၀၀၀/-
(ခ) မဟာဒဿန/ မဟာဘွဲ့၊ မဟာသုတေသနဘွဲ့ ကျပ် ၂၅,၀၀၀/-
(ဂ) ဘွဲ့လွန်ဒီပလိုမာ ကျပ် ၁၀,၀၀၀/-

ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများ၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ကောလိပ်များ၊ သိပ္ပံများ၊ စာသင်ကျောင်းများတွင် လတ်တလော တာဝန်ထမ်းဆောင်မှုလိုအပ်ချက်အရ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လတွင် အထူးကိစ္စရပ်အနေဖြင့် တာဝန်ထမ်းဆောင်နေသော ဆရာ ဆရာမ ၃၃၃၈၈၅ ဦးအား တစ်ဦးလျှင် ကျပ် ၃၀၀၀၀ နှုန်းဖြင့် ချီးမြှင့်ပေးခဲ့ပါသည်။

ထို့ပြင် ပညာရေးဝန်ကြီးဌာနအပါအဝင် ဝန်ကြီးဌာနကိုးခုနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့ရှိ တက္ကသိုလ်၊ ကောလိပ်၊ မူလတန်းကျောင်း၊ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်းတို့မှ ကျောင်းအုပ်ကြီးများအား အုပ်ချုပ်မှုဆိုင်ရာစရိတ် (Administrative Fees) အဖြစ် ကနဦးလစာ၏ ၁၀ % အား ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစတင် ခံစားခွင့်ပြုခဲ့ပါသည်။

ပညာရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်သည့် တိုင်းရင်းသားစာပေသင်ကြားရေး အထောက်အကူပြု ဆရာ၊ ဆရာမများအား လစဉ်ချီးမြှင့်ငွေအဖြစ် တစ်လလျှင် ကျပ် ၁၃၀၀၀၀ သို့လည်းကောင်း၊ တိုင်းရင်းသားစာပေသင် ဆရာ၊ ဆရာမများအား တစ်လလျှင် ကျပ် ၆၀၀၀၀ သို့လည်းကောင်း တိုးမြှင့်ခံစားခွင့်ပြုခဲ့ပါသည်။

ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသည် နိုင်ငံတော်၏ ပညာရေးကဏ္ဍ လိုအပ်ချက်များအား တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်ရန်နှင့် ဝေးလံခေါင်သီ၍ ဖွံ့ဖြိုးမှုမရှိသေးသည့် တိုင်းရင်းသားဒေသများရှိ ကလေးသူငယ်များ၏ လူနေမှုဘဝမြှင့်တင်နိုင်ရန်အတွက် ရည်ရွယ်၍ ဖွင့်လှစ်ထားခြင်းဖြစ်ပါသည်။ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများတွင် ပညာသင်ကြားပေးလျက်ရှိသော ဆရာ၊ ဆရာမများအတွက် လစဉ်ချီးမြှင့်ငွေကို အောက်ပါအတိုင်း တိုးမြှင့်ပေးခဲ့ပါသည်-

(က) မူလတန်း ကျပ် ၅၇,၀၀၀/-
(ခ) အလယ်တန်း ကျပ် ၆၄,၅၀၀/-
(ဂ) အထက်တန်း ကျပ် ၇၀,၅၀၀/-

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနတွင် အချိန်ပိုင်းတာဝန်ထမ်းဆောင်ရန် နိုင်ငံ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူထားသော ဆရာ၊ ဆရာမများအတွက် ရာထူးအဆင့်အလိုက် သင်ကြားရက်တစ်ရက်လျှင် ချီးမြှင့်ငွေနှုန်းထားများကိုလည်း အောက်ပါအတိုင်း တိုးမြှင့်ပေးခဲ့ပါသည်-

(က) ပါမောက္ခ ကျပ် ၁၀,၀၀၀/-
(ခ) တွဲဖက်ပါမောက္ခ ကျပ် ၈,၀၀၀/-
(ဂ) ကထိက ကျပ် ၆,၀၀၀/-
(ဃ) လက်ထောက်ကထိက ကျပ် ၄,၈၀၀/-

ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ခြင်း

ကျန်းမာရေးဝန်ကြီးဌာနမှ ဆေးပညာရပ်ဆိုင်ရာဘွဲ့အလိုက် ချီးမြှင့်ငွေကို ၂၀၂၁ ခုနှစ်၊ ဧပြီလမှစ၍ အောက်ပါအတိုင်း ခံစားခွင့်ပြုခဲ့ပါသည်-

(က) ဒီပလိုမာဘွဲ့ ကျပ် ၁၀,၀၀၀/-
(ခ) Fellowship/Membership ကျပ် ၂၀,၀၀၀/-
(ဂ) မဟာသိပ္ပံဘွဲ့ ကျပ် ၂၅,၀၀၀/-
(ဃ) ပါရဂူဘွဲ့ ကျပ် ၃၀,၀၀၀/-

ထို့ပြင် ဆေးရုံများတွင် ညတာဝန်ထမ်းဆောင်သည့် ဝန်ထမ်းများအား ညစာစားစရိတ် တစ်ရက်လျှင် ကျပ် ၁၅၀၀ နှုန်းဖြင့် ၂၀၂၁ ခုနှစ်၊ ဧပြီလမှစ၍ ချီးမြှင့်ပေးခဲ့ပါသည်။

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့အောက်ရှိ ဆေးဘက်ဆိုင်ရာဝန်ထမ်းများအတွက်ကိုလည်း အထက်ပါကျန်းမာရေးဝန်ကြီးဌာနနှုန်းထားများအတိုင်း ချီးမြှင့်ခဲ့ပါသည်။

ကျန်းမာရေးဝန်ကြီးဌာနတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များတွင် အဓိကပါဝင်ထိတွေ့တာဝန်ထမ်းဆောင်လျက်ရှိသော အရာထမ်း၊ အမှုထမ်းများအား Special Allowance (အထူးကိစ္စချီးမြှင့်ငွေ)အဖြစ် ဝန်ထမ်းတစ်ဦးလျှင် တစ်လ ကျပ် ၅၀၀၀၀ အား ၂၀၂၁ ခုနှစ်၊ ဇူလိုင်လမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ ချီးမြှင့်ပေးခဲ့ပါသည်။

ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ထမ်းဆောင်စဉ် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ကျန်းမာရေးဝန်ထမ်းများအား အောက်ပါအတိုင်း ချီးမြှင့်ငွေပေးအပ်ခဲ့ပါသည်-

(က) ကိုဗစ်ရောဂါကြောင့် သေဆုံးသူ ဝန်ထမ်း(၁၁)ဦးအတွက် တစ်ဦးလျှင် ကျပ် ၃,၀၀၀,၀၀၀/-
(ခ) ကိုဗစ်ရောဂါကူးစက်ခံရသူဝန်ထမ်း (၃,၀၀၀)ဦးအတွက် တစ်ဦးလျှင် ကျပ် ၂၀၀,၀၀၀/-

ကာကွယ်ရေးဝန်ကြီးဌာနမှ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်နေသော ဆေးဝန်ထမ်းတပ်ဖွဲ့ဝင် ကျန်းမာရေးဝန်ထမ်းများအား Special Allowance (အထူးကိစ္စ ချီးမြှင့်ငွေ)အဖြစ် တစ်ဦးလျှင် တစ်လကျပ် ၅၀၀၀၀ နှုန်းဖြင့် ၂၀၂၁ ခုနှစ်၊ သြဂုတ်လမှ ဒီဇင်ဘာလအထိ ချီးမြှင့်ပေးခဲ့ပါသည်။

ထိုနည်းတူ ကိုဗစ်-၁၉ ကာကွယ်၊ တားဆီး၊ ထိန်းချုပ်ရေးဆိုင်ရာ ကိစ္စရပ်များကို အထူးတာဝန်တစ်ရပ်အဖြစ်သတ်မှတ်၍ နေ့စဉ်ရုံးပိတ်ရက်မရှိ တာဝန်ထမ်းဆောင်နေသော Core Group အဖွဲ့ဝင် နိုင်ငံ့ဝန်ထမ်းများအား တစ်ဦးလျှင် တစ်လ ကျပ် ၅၀၀၀၀ နှုန်းဖြင့် ၂၀၂၁ ခုနှစ်၊ ဧပြီလမှ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလအထိ ချီးမြှင့်ပေးခဲ့ပါသည်။

သင်တန်းကျွေးမွေးစရိတ်

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်တို့တွင် ဖွင့်လှစ်သော သင်တန်းများအတွက် သင်တန်းသားတစ်ဦးလျှင် တစ်ရက် ကျပ် ၁၀၀၀ နှုန်းဖြင့် ကျွေးသည့် သင်တန်းအား ကျပ် ၁၅၀၀ နှုန်းဖြင့်လည်းကောင်း၊ ကျပ် ၁၅၀၀ နှုန်းဖြင့် ကျွေးသည့် သင်တန်းအား ကျပ် ၁၈၀၀ နှုန်းဖြင့် လည်းကောင်း၊ ကျပ် ၂၅၀၀ နှုန်းဖြင့် ကျွေးသည့် သင်တန်းအား ကျပ် ၂၈၀၀ နှုန်းဖြင့်လည်းကောင်း ၂၀၂၂ ခုနှစ်၊ ဧပြီလမှစ၍ တိုးမြှင့်ခဲ့ပါသည်။

ဘဏ္ဍာဝန်ထမ်းများအား ချီးမြှင့်ခြင်း

အများပြည်သူအလုပ်ပိတ်ရက်အဖြစ် သတ်မှတ်ထားသည့်ကာလအတွင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ နိုင်ငံပိုင်ဘဏ်လေးခုတွင် တာဝန်ထမ်းဆောင်ခဲ့သော ဘဏ်ဝန်ထမ်း ၉၅၉၃ ဦးအား Special Allowance (အထူးကိစ္စချီးမြှင့်ငွေ)အဖြစ် တစ်ဦးလျှင် ကျပ် ၃၀၀၀၀ ကို ၂၀၂၁ ခုနှစ်၊ သြဂုတ်လအတွက် ချီးမြှင့်ပေးခဲ့ပါသည်။

တာဝန်ထမ်းဆောင်စဉ် သေဆုံး/ ကျဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့သူ နိုင်ငံ့ဝန်ထမ်း/ ပြည်သူ့ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ခြင်း

ထို့ပြင် ၁-၂-၂၀၂၁ ရက်နေ့မှ ၁၀-၁၂-၂၀၂၁ ရက်နေ့အတွင်း နိုင်ငံတော်တာဝန်ထမ်းဆောင်စဉ် သေဆုံး/ကျဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့သည့် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူ့ဝန်ထမ်းများအား ဂုဏ်ပြုငွေချီးမြှင့်ခြင်းကို ဆောင်ရွက်ခဲ့ပါသည်။ သေဆုံး/ကျဆုံး နိုင်ငံ့ဝန်ထမ်း ၂၂၄ ဦးအတွက် တစ်ဦးလျှင် ကျပ် ၁၀ သိန်း၊ ပြည်သူ့ဝန်ထမ်း ၂၆၃ ဦးအတွက် တစ်ဦးလျှင် ကျပ် ၈ သိန်း၊ ထိခိုက်ဒဏ်ရာရ နိုင်ငံ့ဝန်ထမ်း ၅၃၀ အတွက် တစ်ဦးလျှင် ကျပ် နှစ်သိန်း၊ ပြည်သူ့ဝန်ထမ်း ၁၆၉ ဦးအတွက် တစ်ဦးလျှင် ကျပ် တစ်သိန်းနှုန်းဖြင့် ဂုဏ်ပြုချီးမြှင့်ခဲ့ပါသည်။

လုံခြုံရေးအသုံးစရိတ်

ပြည်ထဲရေးဝန်ကြီးဌာနမှ ရှေ့တန်းလုံခြုံရေးတာဝန် ထမ်းဆောင်လျက်ရှိသော ရဲတပ်ဖွဲ့ဝင်များအတွက် လုံခြုံရေးအသုံးစရိတ်အဖြစ် တစ်လလျှင် တစ်ဦးအတွက် ကျပ် ၃၀၀၀၀ နှုန်းဖြင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှစတင်၍လည်းကောင်း၊ ပြည်သူတို့၏ လုံခြုံရေးနှင့် အသက်အိုးအိမ်စည်းစိမ်ကို သက်စွန့်ကြိုးပမ်းကာကွယ်စောင့်ရှောက်နေသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား လက်ရှိလစာအပြင် ပင်ပန်းကြမ်းတမ်းမှုနှင့် သက်စွန့်တာဝန်စရိတ် (Hardship and Risk Allowance)အား တစ်ဦးလျှင် တစ်လ ကျပ် ၁၀၀၀၀ နှုန်းဖြင့် ၂၀၂၂ ခုနှစ်၊ သြဂုတ်လမှစတင်၍လည်းကောင်း ခံစားခွင့်ပြုခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိသော နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများနှင့် တာဝန်ထမ်းဆောင်ဆဲနိုင်ငံ့ဝန်ထမ်းများအား တစ်ဦးလျှင် ကျပ် ၁၅၀၀၀ နှုန်းဖြင့် ချီးမြှင့်ခဲ့ပါသည်။

ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်းရှိ မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်တို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများနှင့် ချင်းပြည်နယ် ပလက်ဝမြို့နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအတွက် အဆိုပါဒေသရှိ လက်ရှိအခြေအနေအရ မူရင်းလစာ၏ နှစ်ဆကို အထူးကိစ္စရပ်အနေဖြင့် ဆက်လက်ခံစားခွင့်ပြုလျက်ရှိပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၏ လက်ရှိအခြေအနေအရ နိုင်ငံ့ဝန်ထမ်းများအား လစာတိုးမြှင့်ပေးခြင်းကို ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးသည့်အချိန်တွင် နိုင်ငံ့ဝန်ထမ်းများ၏ သက်သာချောင်ချိရေးနှင့် နိုင်ငံ့ဝန်ထမ်းများ၏ ခံစားခွင့်များ တိုးမြှင့်ရရှိရေးတို့ကို အလေးထားဆောင်ရွက်ပေးလျက်ရှိပါသည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရ၏ နိုင်ငံ့ဝန်ထမ်းများအပေါ် အသိအမှတ်ပြုမှုနှင့် ထားရှိသည့် စေတနာကို တုံ့ပြန်သည့်အနေဖြင့် နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံ့အကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးထမ်းရွက်ကြပါစေကြောင်း ဆန္ဒပြုတိုက်တွန်းအပ်ပါသည်။ ။

မြန်မာ့ရိုးရာစကားပုံ ပုံပြင်များ

မင်းသက်တင်

အကြံကောင်းတော့တစ်သက်

"မုဆိုးကြီး မုဆိုးကြီးရေ"

ခေါ်သံတိုးတိုးလေးကြားလိုက်ရလို့ မုဆိုးကြီးက ဘေးဘီကို လိုက်ရှာကြည့်နေတယ်။ သစ်ရွက်ခြောက်တွေကြားက ကြွက်မကလေးကို မုဆိုးကြီးမတွေ့သေး။

"မုဆိုးကြီးရေ ဒီမှာပါ။ ဒီကခေါ်နေတာပါ၊ ဒီနားက ဒီနားက"

"သြော် ကြွက်ကလေးပဲ။ ငါ့ကိုခေါ်တာ မင်းကိုး၊ ဘာများ အကူအညီ လိုလို့လဲ"

ကြွက်မကလေးက အသံကုန်ဟစ်ပြီးအော်ပြောလိုက်တော့ မှာသာ မုဆိုးကြီးကမြင်တွေ့သွားပြီး မုဆိုးကြီး ပြန်ပြောလိုက်တဲ့ စကားသံကြောင့် ကြွက်မကလေးဟာ အားတက်သွားကာ ဆက်ပြောလေတယ်။

"ဒီလိုပါ၊ မုဆိုးကြီးကို နေ့တိုင်း ရွှေစတစ်စပေးပါ့မယ်။ အဲဒါကို ရောင်းချပြီးတော့ ရတဲ့အသပြာတွေထဲက တစ်ဝက်ကို မုဆိုးကြီးယူပေါ့။ ကျန်တစ်ဝက်နဲ့ အမဲသားဝယ်ပြီး ကျွန်မကိုပေးပါလား၊ အဆင်ပြေပါ့မလား၊ အကူအညီတောင်းတာပါ မုဆိုးကြီးကို ခိုင်းတယ်လို့ သဘောမထားပါနဲ့နော်"

ရွှေကိုမမြင်ဘူးလေတဲ့ မုဆိုးကြီးကတော့ ဝမ်းသာအားရ သဘောတူလိုက်သတဲ့။

ဖြစ်စဉ်က ဟိုးရှေးရှေးတုန်းအခါက ဗာရာဏသီပြည်မှာ အလွန်ချမ်းသာကြွယ်ဝတဲ့ သူကြွယ်ဇနီးမောင်နှံ ရှိတယ်ကွယ်။ ပျော်ရွှင်စွာနဲ့ နှစ်ပေါင်းများစွာအတူတကွနေထိုင်လာရာက တစ်နေ့မှာတော့ သူကြွယ်လင်သားဖြစ်သူမှာ ရုတ်တရက်ကွယ်လွန်သွားရှာတယ်။ သူကြွယ်ဇနီးဖြစ်သူလည်း နောက်ထပ်အိမ်ထောင်မပြုဘဲနေထိုင်လာတာပေါ့။ ပစ္စည်းဥစ္စာတွေကို မလျော့ပါးအောင်ထိန်းသိမ်းစောင့်ရှောက်ရင်း မကြာမတင်မှာ သူလည်း ကွယ်လွန်ရပြန်တယ်။

သူကြွယ်မဟာ အလွန်တွယ်တာမက်မောတဲ့ သူ့ရဲ့ပစ္စည်းဥစ္စာတွေကို ချန်ထားရစ်ခဲ့ရတာကိုအစွဲကြီးပြီး ဥစ္စာစောင့်ကြွက်မကလေးဖြစ်နေရရှာတော့တယ်။ သူကြွယ်ဇနီးမောင်နှံကွယ်လွန်သွားကြတဲ့အခါ သားသမီးလည်းမရှိတော့ အိမ်မှာအမှုလုပ်အစေအပါးတွေကလည်း ဆင်းရဲသော်လည်း သီလစောင့်သိကာ သူတစ်ပါးဥစ္စာကို မယူင၊ကြဘဲ ရေကြည်ရာမြက်နုရာသို့ ထွက်ခွာသွားကြလေတယ်။ ဒီလိုနဲ့ ထိန်းသိမ်းမှုမရှိတဲ့အဆုံး အိမ်ကြီးကလည်း ယိုယွင်းပျက်စီးကာ ချုံနွယ်တွေဖုံးအုပ်လာရတော့တာပေါ့။ တောကြီးမျက်မည်းဖြစ်လာတော့ လူသူအရောက်အပေါက် နည်းလာတော့တယ်။ ဥစ္စာစောင့်ကြွက်မကလေးကတော့ "ငါ့ပစ္စည်းတွေ၊ ငါ့ဥစ္စာတွေ"ဆိုတဲ့ အတွေးနဲ့ ဆက်လက်စောင့်ထိန်းရင်း တစ်ခါတစ်ရံ အနီးအနားက ဖြတ်သွားဖြတ်လာတွေ့နေရတဲ့ မုဆိုးကြီးကို မိတ်ဆွေဖွဲ့လိုက်တာပေါ့။

"ရော့ရော့ ကြွက်မလေးရေ၊ မင်းမှာထားတဲ့ အမဲသားရပါပြီ"

နောက်တစ်နေ့မှာ မုဆိုးကြီးက အမဲသားလာပေးရာ ကြွက်မကလေးကလည်း ပင်ပန်းကြီးစွာအစာမရှာရတော့လို့ ဝမ်းသာနေလေရဲ့။ ဒီလိုနဲ့ အချိန်ကြာလာတဲ့အခါ မုဆိုးကြီးလည်း ဝင်ငွေရပြီး စီးပွားရေးချောင်လည်လာလို့ စိတ်ချမ်းသာရာရပြီး မုဆိုးကြီးနဲ့ ကြွက်မကလေးတို့လည်း မိတ်ရင်းဆွေရင်းတွေဖြစ်လာရတော့တာပေါ့ကွယ်။

ကြွက်မကလေးဟာ ပျော်ရွှင်စွာနေထိုင်သွားလာရင်း စိတ်အေးနေရရာမှ ကြောင်တစ်ကောင်ရဲ့ဖမ်းဆီးခြင်းကို ခံလိုက်ရတဲ့အခါ ကြွက်မကလေးက အလျင်အမြန်အသနားခံရင်း မရဲတရဲပြောဆိုလိုက်တယ်။

"ကိုရွှေကြောင်ကြီး ကျွန်မကို သတ်စားရင်တစ်နပ်စာသာ စားရပါလိမ့်မယ်။ ကျွန်မကိုလွှတ်ပေးရင် နေ့တိုင်းကို အမဲသားစားရပါစေ့မယ်"

"ဟယ် တယ်ဆိုတဲ့စကားပါလား၊ စိတ်ဝင်စားစရာပဲ။ ငါ့ကို လှည့်စားတာတော့ မဟုတ်တန်ကောင်းပါဘူးနော်။ ဒါနဲ့ မဟုတ်မှန်ရင်တော့ တွေ့တဲ့နေရာ တစ်ခါတည်း ဝါးစားပစ်မှာနော"

"စိတ်ချပါ ကိုရွှေကြောင်ကြီးရယ်၊ နံနက်တိုင်းဒီနေရာမှာသာ စောင့်နေပါ၊ အမဲသားလာပို့ပါ့မယ်"

ဥစ္စာစောင့် ကြွက်မကလေးဟာ ကတိတည်တယ်ကွယ့်။ နေ့စဉ်နေ့တိုင်း အမဲသားတစ်ဝက်ကို ကြောင်ကြီးကို ခွဲဝေပေးနေရလို့ အစာဝဝလင်လင်မစားရတော့ဘူးပေါ့။ ဒီလိုနဲ့ အစားအဆင်းရဲခံကာ ကိုယ့်အသက်ကို မွေးမြူနေရပေမယ့် မကြာခင်မှာပဲ အခြားကြောင်ကြီးတစ်ကောင်ရဲ့ ခုန်အုပ်ဖမ်းဆီးတာကို ခံလိုက်ရပြန်တယ်။ ဒီအခါမှာလည်း ရှေးကနည်းအတိုင်း ကြောင်ကြီးကို မက်လုံးပေးကာ အသက်ရှင်ခွင့်ယူရပြန်လေတယ်။

"အင်း ကြောင်ကြီးနှစ်ကောင်ကို အမဲသားတွေထပ်ခွဲဝေပေးနေရလို့ သုံးပုံတစ်ပုံစာပဲ ငါစားရပါတော့လား။ တတ်နိုင်ပါဘူးလေ အသက်ရှင်သန်ရေးအတွက် အစာကိုလျှော့စားရမှာပေါ့"

ဥစ္စာစောင့်ကြွက်မကလေးဟာ ဖြစ်စဉ်ကိုသုံးသပ်ရင်း အသက်ရှင်သန်နေရေးတွေးကာ ဝမ်းနည်းနေလေရဲ့။ စိတ်သောကရောက်နေစဉ်ကာလတွေမှာပဲ တတိယအကြိမ်၊ စတုတ္ထအကြိမ်အနေနဲ့ တောကြောင်ကြီးတွေရဲ့ ဖမ်းဆီးခြင်းကို ထပ်မံခံရပြန်လေရာ ရှေးရှေးကနည်းအတိုင်းပင် တောကြောင်ကြီးတွေကို မက်လုံးပေးလို့ အသက်ရှင်သန်ခွင့်ရရှိအောင် ကြွက်မကလေးခမျာ ကြိုးစားရပြန်လေတယ်။

ဒီလိုဖြစ်စဉ်တွေကြောင့် ကြွက်မကလေးဟာ အသက်ဘေးကိုင့်ကာ ကတိတည်နေရတဲ့အခါ အမဲသားကို ကြောင်ကြီးတွေကို ခွဲဝေပေးနေရတာနဲ့တင် သူ့အတွက်အစာကမဝရေစာသာစားနေရတော့တာပေါ့ကွယ်။

"ကြွက်မလေး အမဲသားတွေ နေ့တိုင်းစားနေရတာတောင် အရင်ထက်ပိုပိုပိန်လှီလာပါလား။ ဘာများဖြစ်လို့လဲ၊ ကျန်းမာရေးမကောင်းဘူးလား"

မုဆိုးကြီးက အထူးအဆန်းဖြစ်နေလို့ မေးလေရာ ကြွက်မကလေးကလည်း မိတ်ဆွေစစ်ဖြစ်တဲ့ မုဆိုးကြီးကို အမှန်အတိုင်းဖွင့်ပြောလိုက်သတဲ့။ ဒီအခါ မုဆိုးကြီးက အကြံဉာဏ်ကောင်းကိုပေးကာ လျှို့ဝှက်ထွက်ပေါက်ပါတဲ့ ဖန်အုပ်ဆောင်းတစ်ခုဖန်တီးပေးလိုက်တယ်။ ကြွက်မကလေးလည်း ဖန်အုပ်ဆောင်အတွင်းမှာ အမဲသားကို စိတ်ကြိုက်စားနေရာ ကြောင်ကြီးတွေ၊ တောကြောင်ကြီးတွေက သူတို့ကိုဝေစုမပေးတော့လို့ဒေါသထွက်ကာ မစူးစမ်းဘဲ ကြွက်မကလေးကိုခုန်အုပ်တဲ့အခါ ဖန်အုပ်ဆောင်းနဲ့တိုက်မိပြီး နှလုံးကွဲကာ သေပွဲဝင်ရလေတော့တယ်။

မစူးစမ်းမဆင်ခြင်တဲ့ကြောင်ကြီးတွေအားလုံး သေဆုံးကုန်တဲ့အတွက် ကြွက်မကလေးနဲ့ မုဆိုးကြီးတို့လည်း အကြံကောင်းခဲ့လို့ တစ်သက်တာသောကင်းစွာနဲ့ ပျော်ရွှင်စွာနေထိုင်သွားကြရတော့သတဲ့ကွယ်။

တိုင်းရင်းသားရိုးရာစကားထာဉာဏ်စမ်းများ

တက္ကသိုလ်သျှင်ရတနာ

ကချင်ရိုးရာစကားထာ

ရှေးလွန်လေပြီးသောအခါက ရာမည၊တိုင်းရှိ ကျေးလက်ရွာလေးတစ်ရွာတွင် ဗညားနှင့်လဂန်းအိမ်တို့ သူငယ်ချင်းနှစ်ဦးရှိလေသည်။ သူတို့သည် ရွာဦးကျောင်းတွင် ကျောင်းအိပ်ကျောင်းစားဖြင့် ပညာသင်ယူနေကြသူများဖြစ်ပြီး မွန်တိုင်းရင်းသားတို့ဖြစ်ကြသည်။

သူတို့နှစ်ဦးသည် လိမ္မာရေးခြားရှိကာ ကျောင်းထိုင်ဆရာတော်ကြီး၏ဆုံးမသွန်သင်မှုများကို တစ်သဝေမတိမ်းလိုက်နာလျက်ပညာကိုကြိုးစားသင်ယူကြသူများလည်းဖြစ်သည်။

ရွာဦးကျောင်းဆရာတော်ကြီးသည်မွန်အမျိုးသားဆရာတော်ကြီးဖြစ်သဖြင့် မွန်စာပေနှင့်ဓလေ့ရိုးရာများ၊ မွန်တိုင်းရင်းသားယဉ်ကျေးမှု၊ မွန်ရိုးရာသမိုင်းကြောင်းတို့နှင့် တိုင်းရင်းသားသွေးချင်းတို့၏ ပုံပြင်၊ စကားပုံ၊ ဝတ္ထုကဗျာ၊ တိုင်းရင်းသားရိုးရာ စကားထာဉာဏ်စမ်းများကို သင်ကြားပို့ချရာတွင် ထင်ရှားလှသည်။

ဗညားနှင့် လဂန်းအိမ်တို့မှာလည်း တိုင်းရင်းသားသွေးချင်းတို့၏ စကားထာဉာဏ်စမ်းပဟေဠိများကို နှစ်သက်ကြသူများဖြစ်ရာ အားလပ်ချိန်များတွင် ဉာဏ်စမ်းရင်း ဆော့ကစားလေ့ရှိသည်။

"ဗညားရေ အဆင်သင့်ဖြစ်ရင် ဉာဏ်စမ်းကစားရအောင်"

"ကောင်းပြီလေ၊ ပဟေဠိတွေ မေးချင်နေပြီဆိုပါတော့"

"အေးလေကွာ မေးချင်ပြီ"

"မေးချင်သပဆိုလည်း မေးတော့လေ လဂန်းအိမ်ရာ"

ဘုန်းကြီးကျောင်း၏တောင်ဘက် မန်ကျည်းပင်ကြီးအောက်ရှိ မျက်ခင်းစိမ်းစိမ်းများပေါ်တွင် လဲလျောင်းလိုက်ရင်း ဗညားက ပြန်ပြောလိုက်သည်။

"မေးပြီနော်၊ 'အပင် စပါးကြီး၊ အသီး သင်းခွေချပ်၊ အရွက် တရုတ်အပ်'ဆိုတာ ဘာများလဲ။ ဖြေပေးပါ"

"လဂန်းအိမ်ရာ မင်းမေးခွန်းကလည်း ဘာကြီးလဲကွာ၊ အပင်တွေရော၊ အရွက်တွေရော ဆိုတော့"

"ဗညားရေ မင်းမဖြေနိုင်ရင် ပန်းပေးလေ၊ အဖြေကရှိပြီးသား" လဂန်းအိမ်၏စကားအဆုံးမှာ ဗညားတစ်ယောက် ခေါင်းကုတ်ရင်း ထပ်မံစဉ်းစားရပြန်သည်။

"မြန်မြန်ဖြေကွာ အချိန်စေ့တော့မယ်။ တိုင်းရင်းသားရိုးရာစကားထာ ဉာဏ်စမ်းတွေထဲကပဲ သူငယ်ချင်းရေ မင်းကို အောက်လိုင်းပေးလိုက်ပြီနော်"

"ဟာ သိသွားပါပြီ သိသွားပါပြီ၊ သူငယ်ချင်းရာ။ ကချင်တိုင်းရင်းသားရိုးရာစကားထာ ဉာဏ်စမ်းထဲကမဟုတ်လား။ အဖြေကတော့ 'ထင်းရှူးပင်'ပါတဲ့ဗျာ၊ အဲဒါကိုရှင်းပြရရင် အပင်က စပါးကြီးမြွေ ပုံသဏ္ဌာန်ရှိပြီး အသီးက သင်းခွေချပ် အကောင်ပုံသဏ္ဌာန်ရှိတယ်။ အရွက်က ထိပ်ဖျားရှူးပြီး အဝတ်ချုပ်အပ်သဏ္ဌာန်ရှိတာကို ဆိုလိုတာပေါ့သူငယ်ချင်းရာ"

ဗညားက ရယ်ကာမောကာဖြင့် အဖြေကိုပြောလိုက်သည်။

"မှန်ပါ့ကွာ၊ မှန်ပါ့။ ဒီတစ်ခါလည်း ငါပဲဆက်မေးဦးမယ်"

"မေးပါဗျာ"

"မေးပြီနော်၊ 'လိုဏ်ဂူထဲမှာ စပါးဖျာ' တဲ့။ အဲဒါဘာဖြစ်မလဲ၊ ဉာဏ်ကြီးရှင်ဖြေပေးပါ"

ဗညားက ကောင်းကင်ပြာကြီးကိုကြည့် စဉ်းစားလိုက်ပြီး ဖြည်းဖြည်းချင်းဆက်ပြောသည်။ "ငါ အဖြေမပေးခင် မင်းကိုလည်း ပဟေဠိမေးခွန်းပြန်မေးပါရစေဦး လဂန်းအိမ်ရာ"

"သိပ်ရတာပေါ့။ မေးစေဗျား မေးပါ"

"မေးပြီသူငယ်ချင်းရေ။ 'မဆွဲကောင်းတဲ့ ဆွဲကြိုး' ဆိုတာ ဘာကို ပြောတာလဲ"

"သူငယ်ချင်း မေးတဲ့မေးခွန်းကို ဖြေနိုင်မှာပါ။ စောစောက ငါမေးထားတာလေးလည်း ဖြေပါဦးဗညားရာ"

လဂန်းအိမ်က သူမေးထားသည့် စကားထာဉာဏ်စမ်းပဟေဠိကို ဗညားတစ်ယောက် မဖြေနိုင်တော့ဘူးဟု အထင်ရှိနေသဖြင့် ပြိုးထေ့ထေ့ဖြင့် ပြန်ပြောလိုက်ခြင်းဖြစ်သည်။

"သိပ်ကိုဖြေနိုင်တာပေါ့ လဂန်းအိမ်ရာ။ မင်းမေးထားတာကို ငါဖြေပြပါ့မယ်၊ ဘာတဲ့ မင်းမေးထားတာက 'လိုဏ်ဂူထဲမှာ စပါးဖျာ' ဆိုတာရဲ့ အဖြေက 'လျှာ' ကိုဆိုလိုတာပေါ့။ ကြီးမားကျယ်ပြန့်တဲ့ ပါးစပ်ထဲမှာရှိတဲ့လျှာကို တင်စားခေါ်ဝေါ်သုံးစွဲတာပေါ့ကွာ"

လဂန်းအိမ်တစ်ယောက် ပါးစပ်အဟောင်းသားဖြစ်သွားရသည်။ ကချင်ရိုးရာစကားထာဖြစ်ကြောင်းလည်း ဗညားကထပ်ဆင့်ပြောလိုက်နိုင်သေးသည်။

"တော်ပါပေတယ် ဗညားရာ။ ဒါဆို ငါဖြေရမယ့်အလှည့်ရောက်ပြီပေါ့။ သူငယ်ချင်း မေးထားတာက 'မဆွဲကောင်းတဲ့ ဆွဲကြိုး'က ဘာကို ဆိုလိုတာလဲလို့ ငါစဉ်းစားပြီးသားပါ။ အဖြေလည်း ရရှိပြီးသား။ အဖြေကို ဖြေရရင် 'ကင်းမြီးရှည်'ပါတဲ့ဗျား။ အဲဒါလည်း ကချင်တိုင်းရင်းသားရိုးရာဉာဏ်စမ်းထဲကပါပဲ။ ကင်းမြီးရှည်ကို ခေါ်တာပေါ့။ ကင်းမြီးရှည်ရဲ့ပုံသဏ္ဌာန်က လှပပြီး ဆွဲကြိုးနဲ့တူနေတာမို့လို့ ပေါ့ကွာ"

"သူငယ်ချင်းရယ် မင်းကလည်း တော်လွန်းပါပေတယ် လဂန်းအိမ်ရာ"

ဗညာနှင့် လဂန်းအိမ်တို့ သူငယ်ချင်းနှစ်ဦး ကျေနပ်နှစ်သက်သဘောကျစွာဖြင့် ရယ်မောလိုက်ကြစဉ်မှာပင် ဘုန်းတော်ကြီးကျောင်းမှ နာရီသံချောင်းခေါက်သံနှစ်ချက် ထွက်ပေါ်လာသည်။ နာရီသံချောင်းခေါက်သံကြောင့် ဗညားနှင့် လဂန်းအိမ်တို့နှစ်ဦး ဘုန်းကြီးကျောင်းပေါ်သို့ အပြေးတက်သွားကြတော့သည်။ ။

ဝတ္ထုတို

ခွင့်လွှတ်တော်မူပါ

လင်းမောင်(စီးပွားရေး)

"ဘူဘော်၊ ဘူဘော်၊ ဘူဘော်"

ဧရာဝတီသင်္ဘောကြီးက ဆိပ်ကမ်းကခွာရန် တာဆူနေသည်။ အမေနန်းဖဲနှင့် ကျွန်တော် လှူပ်လီလှူပ်လဲ့ဖြစ်နေသည့် သင်္ဘောကုန်းပေါင်ပေါ်မှ ခပ်သွက်သွက်လျှောက်ကာ သင်္ဘောကြီးပေါ်သို့ ရောက်လာသည်။

"သိန်းတန်ရေ၊ ရန်ကုန်ရောက်ရင် စာရေးလိုက်ဦးနော်"

အောင်ဘော်ကြီးက လှမ်းအော်ပြောသည်။ အမေညိုနှင့် ဦးလေးတို့က ကမ်းနဖူးမှာရပ်နေရင်း ငေးကြည့်နေသည်။ ကျွန်တော်ကား အမေနန်းဖဲ၏လက်ကိုသာ ဆုပ်ကိုင်ထားမိသည်။ သင်္ဘောဥဩသံအဆုံးမှာ ကမ်းကစတင်ခွာတော့သည်။

နှစ်ထပ်သင်္ဘောကြီးက ရွာဆိပ်ကမ်းကစထွက်စဉ်မှာ မျက်နှာပြင်တစ်ခုလုံး ရွှဲရွှဲစိုနေတော့၏။

ကျွန်တော်၏ ရန်ကုန်ပထမဆုံးခရီးစဉ်ပင်ဖြစ်သည်။ ဖြစ်စဉ်များက ရုပ်ရှင်ပြကွက်အလား တစ်ကွက်ချင်းပြန်ပေါ်လာတော့သည်။

"အမေ ကျွန်တော်ရွာကိုပြန်လိုက်မယ်၊ ရွာမှာပဲနေချင်တယ်။ အမေ ကျွန်တော့်ကို မထားခဲ့ပါနဲ့နော်"

ရန်ကုန်ကို ကျွန်တော့်ကိုပို့ပြီး အမေနန်းဖဲ ရွာသို့ပြန်မည့်နေ့က ရန်ကုန်မော်တင်သင်္ဘောဆိပ်မှာ ကျွန်တော် ပြောဖြစ်ခဲ့သည့်စကား။ အမေကတော့ တည်တည်ငြိမ်ငြိမ်ဖြင့် ကျွန်တော့်ကို အားပေးစကားပြောရှာသည်။

"သားအတွက် ရန်ကုန်ကိုပို့တာပါ။ သားက ဆယ်တန်းအောင်ပြီးပြီလေ။ ဘာမှ အားငယ်စရာမလိုပါဘူး။ အစိန်တို့ အိမ်ကလည်း အားနာစရာမလိုဘူးလေ။ ကျောင်းဆက်တက်ရင်း အလုပ်လုပ်လည်း ရတယ်ပြောတယ်။ အကြီးမကလည်း ဘာမှမပူနဲ့ ရှိတာတော့စားရမှာပေါ့တဲ့။ သူ့ဌာနမှာ လုပ်ချင်ရင်လည်း ကြည့်လုပ်ပေးမယ် ပြောတယ်လေ။ ငါ့သား ဘွဲ့ရအောင် ကြိုးစားပေါ့"

အမေ့စကားများက နားထဲသို့ မရောက်နိုင်။ မျက်ရည်စက်လက်ဖြင့် အမေ့ကိုဆွဲထားရင်း ရွာသို့သာ ပြန်လိုက်ချင်နေမိသည်။

ရန်ကုန်ကိုပို့တာ မြေးတစ်ယောက် ထဲမှမဟုတ်ဘူး၊ လှခိုင်တို့ကျော်အေးတို့ကို လည်းပို့တာပဲ။ တစ်ယောက်မှ ရန်ကုန်မှာ မမြဲဘူး။ ငါ့မြေးကတော့ ရန်ကုန်မှာမြဲမှာပါ။ ဆယ်တန်းလည်း အောင်ပြီးသား ဘွဲ့တွေဘာတွေရလို့ အလုပ်အကိုင် ကောင်းတွေရလာရင် အမေနဲ့ရွာကို မေ့ချင်မေ့နေဦးမှာ ဟင်း ဟင်း ဟင်း"

အမေကကျွန်တော့်ကို အားပေးစကားပြောရင်း ဟာသနှောကာ ပြောလိုက်ခြင်းဖြစ်သော်လည်း အမေ့မျက်နှာပြင်တွင် မျက်ရည်များစီးကျနေလေသည်။ ကျွန်တော်လည်း မျက်ရည်လည်ရွဲဖြင့် နှုတ်ဆိတ်နေ၏။

"ဒီမယ်သား၊ အမေ့ကိုသေချာကြည့်စမ်း။ အမေဆိုတာအသက်ကြီးပြီ။ သားတွေ၊ မြေးတွေအတွက် ဘာအမွေမှလည်း ပေးခဲ့စရာမရှိဘူး။ သားတွေ၊ မြေးတွေ ပညာတတ်ကြီးတွေဖြစ်ရင် ဘဝအာမခံ ချက်ရရှိအောင် ရင်အကွဲခံပြီး သံယောဇဉ် ဖြတ်ထားရတာ။ ဘွဲ့မရဘဲနဲ့ ရွာကို ပြန်မလာနဲ့ ကြားလား၊ ဘွဲ့တစ်ခုမှမရရင် ဘယ်တော့မှ ရွာကိုပြန်မလာခဲ့နဲ့တော့။ ဒါဟာ အမေ့ရဲ့နောက်ဆုံးစကားပဲ"

ပြတ်သားသည့်အမေ့စကား။ ပြောပြီး နောက်ကြောင်းကို လှည့်မကြည့်တော့ဘဲ သင်္ဘောပေါ် တက်သွားလေသည်။ ကျွန်တော်သင်္ဘောပေါ်သို့ အပြေးတက်လိုက်သွားချင်သည်။ သို့သော် အမေ့စကားတို့က ကျွန်တော့်နားထဲတွင် ပဲ့တင်ရိုက်နေတော့သည်။

ကျွန်တော် တတိယနှစ်တက်ရောက်နေစဉ်မှာ အမေနန်းဖဲ အသက် (၈၃) နှစ် အရွယ်တွင်ကွယ်လွန်ရှာသည်။ အမေ့ရုပ်ကလာပ်ကို ရွာရှိသုသာန်သို့ ကိုယ်တိုင်လိုက်ပို့ နှုတ်ဆက်ကန်တော့ကာ အမေ့ကို ကတိတွေအထပ်ထပ်ပေးပြီး ဦးချကန်တော့လိုက်နိုင်ခဲ့သည်။ အမေဖြစ်စေချင်သည့် တက္ကသိုလ်ကဘွဲ့ကို တစ်ခုမကရယူနိုင်ခဲ့သည်။

အမေရှိစဉ်အချိန်နှင့် အမေမရှိတော့စဉ်အချိန်များက ကျွန်တော့်ကိုအများဆုံး ကူညီထောက်ပံ့ပေးသူသည် အမေညိုတို့ မိသားစုပင်။ ရွာမှာ ကျောင်းတက်စဉ်ကဖြင့် တစ်ရွာလုံးရှိ အမျိုးများအားလုံးက တတ်နိုင်သည်များကို ကူညီထောက်ပံ့ပေးခဲ့ကြသည်ကို အမြဲတမ်းသတိတရဖြင့် အခုအချိန်အထိ ကျေးဇူးတင်နေမိပါသည်။

ကျွန်တော့်ဘဝသည် ငယ်စဉ်က အလွန်ဆင်းရဲနုံချာခဲ့ရသည်။ မွေးမိခင်က ကျွန်တော် တစ်နှစ်သားအရွယ်တွင် ကွယ်လွန်ခဲ့ရသည်။ မိတဆိုးကျွန်တော့်ကို အဘွားဖြစ်သူက မွေးပေးထားရသည်။ တစ်ရွာလုံး၏ ဝိုင်းဝန်းစောင့်ရှောက်မှုဖြင့် ကြီးပြင်းလာရသည်ဟု ပြောရပေမည်။ ဆွေမျိုးများအားလုံးနှင့် တစ်ရွာလုံးက လူကြီးသူမများကို အခုအချိန်ထိ ရှိခိုးဦးတင်ကာ မေတ္တာပို့သလျက်ရှိပါသည်။

ကျွန်တော်ဘွဲ့ ယူသည့်အခါ အမေညို နှင့် ဦးလေးတို့ကို ခမ်းနားလှစွာသော ရန်ကုန် ဘွဲ့နှင်းသဘင်ခန်းမကြီးတွင် အခမ်းအနား တက်ရောက်ယူစေခြင်းဖြင့် ကျေးဇူးဆပ်ခွင့်ရရှိခဲ့သည်။ ထိုစဉ်က ခေတ်စားသည့် ဂျပန်ကီမိုနိုဝမ်းဆက်ဖြင့် အမေညိုကို ကိုယ်တိုင်ဆင်မြန်းကာ ဘွဲ့ယူအခမ်းအနားသို့ တက်ရောက်စေခဲ့သည်။ ပြုံးပျော်ရွှင်ကြည်နေသည့် အမေညိုနှင့်ဦးလေးတို့၏ မျက်ဝန်းများကို ပြန်လည်မြင်ယောင်မိကာ ကြည်နူးမိသည်။

အမေညို ဆုံးပြီဟု သိလိုက်ရချိန်တွင် ကျွန်တော် ဘာပြန်ပြောရမည်မသိ။ ကြက်သေသေသွားရသည်။ တစ်ခဏတာ ဆွံ့အသွားရသည်။ အတွေးတို့က ယောက်ယက်ခတ်သွားသည်။ ကျွန်တော် ရွာသို့ချက်ချင်းပြေးသွားလိုက်ချင်သည်။

သို့တိုင် ကျွန်တော် အမေညို မြေချ အမိမရောက်နိုင်တော့ပါ။ တာဝန်မကျေသော မွေးစားသားဟု ဦးလေးအပါအဝင် ပတ်ဝန်းကျင်က ထင်ကောင်းထင်နိုင်သည်။ ရိုင်းစိုင်းသည်ဟု တွေးကောင်းတွေးနိုင်သည်။

ထိုညက ကျွန်တော်အိပ်မပျော်။

ဖေ့စ်ဘွတ်တွင် တာဝန်မကျေနိုင်သော ကျွန်တော့်ကို ခွင့်လွှတ်ရန် ဖွင့်အံ့ရေးချကာ ဝန်ခံလိုက်မိသည်။ အမေညိုကတော့ ကျွန်တော့်ကို ခွင့်လွှတ်နေမှာပါဟု အိပ်မက်ထဲတွင် လာပြောသည်။ ကျွန်တော် ရှိခိုးကန်တော့လိုက်ပါသည်။

"အမေညိုရဲ့ ဘဝဆက်တိုင်းမှာ အရွယ်သုံးပါးစလုံး တင့်တယ်ဝင့်ထည်နိုင်ပါစေ"

ကျွန်တော် ဆုတောင်းပေးနေမိသည်။ အမေညိုတို့က ပထမအရွယ်၊ ဒုတိယအရွယ်တို့မှာ စည်းပွားဥစ္စာ ပြည့်စုံကြွယ်ဝခဲ့သည်။ အရာရာပြည့်စုံခဲ့လေသည်။ တတိယအရွယ်တွင် အမေညို အင်အားချည့်နဲ့ကာ ချို့ငဲ့ရရှာလေသည်။ စိတ်မကောင်းဖြစ်သည်မှ လွဲ၍ ကျွန်တော်လည်း ထိထိရောက်ရောက်မကူညီမထောက်ပံ့နိုင်ခဲ့။ ကျွန်တော်လည်း ရုန်းကန်လှုပ်ရှားနေရသည့်ဘဝဖြင့်သာ ကျင်လည်နေရသေးသည်။

ကျွန်တော် ကံဆိုးသည်ဟု ဆိုချင်သည်။

ကျွန်တော်၏အမေများ စောစီးစွာ ကွယ်လွန်ခဲ့ရသည်။ မွေးမိခင်က ငယ်ငယ်ရွယ်ရွယ်နှင့် ကွယ်လွန်ခဲ့။ အဘွားဖြစ်သူလည်း ကျွန်တော်ဘွဲ့မရမီ ကွယ်လွန်ခဲ့။ ခုတစ်ခါ မွေးစားသား ကျွန်တော်၏မိခင် အမေညိုသည်လည်း ကျွန်တော်အားပါးတရ မထောက်ပံ့နိုင်သေးခင် ကွယ်လွန်ရရှာပြန်သည်။

ကျွန်တော် ကြေကွဲဝမ်းနည်းရုံမှ တစ်ပါး ဘာမျှမရှိတော့ပြီ။

အမေညို၏ ဧဝတိရွာတွင် ကျင်းပသော အမေညို၏ အသုဘအခမ်းအနားသို့ ကျွန်တော်တစ်ယောက် စိတ်မှန်းဖြင့် သွားရောက်ကာ လက်အုပ်ချီမိုးကန်တော့ဖြစ်လိုက်ပါတော့သည်။

"မွေးစားသား ကျွန်တော့်ကို သနားသဖြင့်ခွင့်လွှတ်တော်မူပါ အမေညို"

ချိုချင်းဓလေ့ လုံယူးပွဲတော်၏ထူးခြားချက်များ

အမ်းမ်လောင်ရှီ

ချိုချင်းဟူသည်မှာ ချင်းပြည်နယ် ကန်ပက်လက်မြို့နယ်နှင့် မင်းတပ်မြို့နယ်များရှိ ချင်းမျိုးနွယ်စုများကို ခြံုငုံခေါ်ဝေါ်ခြင်းဖြစ်၏။

(လုံ)ဟူသည်မှာ ကျောက်၊

(ယူ)ဟူသည်မှာ ခေါင်ရည်။

ထို့ကြောင့် ကျောက်ပြင်ချိခြင်းကိုအကြောင်းပြု၍ ခေါင်ရည် (နွားနောက်၊ ကြက်၊ ဝက်၊ ဆိတ်)တို့ဖြင့် ဧည့်ခံမှု စသည်ပါဝင်သော အလှူပွဲတော်ဟုဆိုနိုင်၏။ ချိုချင်းဓလေ့ လုံယူးပွဲတော်၏ ထူးခြားချက်များကို တင်ပြလိုပါသည်။

ပထမထူးခြားချက်မှာ– ဤပွဲပြုလုပ်ရာ၌ ကောင်းမြတ်သော ရည်ရွယ်ချက်ရှိခြင်းဖြစ်၏။ ဤပွဲသည် ချိုချင်းတို့၏ အကြီးကျယ်ဆုံးသော သာရေးကိစ္စ (အလှူပွဲကြီးတစ်မျိုး)ပင် ဖြစ်ပေတော့၏။ ကျောက်ပြင်ချိပွဲများတွင် နတ်များကိုသာမက လူများကိုပါ ပင့်ဖိတ်၍ အလှူဒါနပြု၏။ ရွာနီးချုပ်စပ်မှလူသူမရွှေး ပင့်ဖိတ်ခေါ်ယူကျွေးမွေးလေ့ရှိကြရာ ပွဲတော်လာ ခုနစ်ရက်သားသမီးများအားလုံး စားသောက်သုံးဆောင်ပျော်ရွှင်ကျေနပ်ရ၏။ ထိုအလှူပွဲကြီး၏ အကျိုးကြောင့် ပွဲရှင်မိသားစု၏ကျန်းမာရေး၊ စီးပွားရေးကောင်းလာပြီး မျိုးနွယ်စု၏ ဂုဏ်ရှိန်မာန်ရှိန်မြင့်မားကာ ဘေးအန္တရာယ်ကင်းဝေးမည်ဟု ယုံကြည်ယူဆသဖြင့် ပွဲတော်ကိုကျင်းပခြင်းဖြစ်သည်။

ဒုတိယထူးခြားချက်မှာ – ပွဲတော်ဖြစ်မြောက်ရေးအတွက် ရွာသားများနှင့် ဆွေမျိုးမိတ်သင်္ဂီဟများအားလုံးက ကျရာအခန်းကဏ္ဍမှ တက်ကြွစွာ စုပေါင်းပါဝင်ကြသည့်အတွက် စည်းလုံးညီညွတ်မှုအင်အားနှင့် အချင်းချင်းချစ်ခင်လေးစားမှုများကို ဖော်ဆောင်ကြရာပွဲတော်ဖြစ်၏။ မိမိပွဲတွင် သူများကလာပြီး ကူညီဝိုင်းဝန်းကြပြီး သူများပွဲတွင် မိမိကသွားပြီး ကူညီဝိုင်းဝန်းကြလေ့ရှိ၏။

တတိယထူးခြားချက်မှာ– ကျောက်ပြင်ချိပွဲပြုလုပ်သူကို ဂုဏ်သရေရှိ လူကြီးလူကောင်းပုဂ္ဂိုလ်တစ်ဦးအဖြစ် အသိအမှတ်ပြုကြခြင်းဖြစ်၏။ ထိုအခါ ပွဲရှင်ကလည်း တန်ဖိုးရှိစွာနေထိုင်လာတတ်ကြ၏။

ပွဲတော်တွင် တောထဲထားခဲ့သော ကျောက်ပြင်ကို ဝါးနက်နှစ်ချောင်းဖြင့်ညှပ်ကာ ကြိုးဖြင့်ခိုင်ခိုင်တုပ်နှောင်၍ တစ်ဖက်လျှင် လူငါးယောက် (သို့)ခြောက်ယောက်စီက မကြရ၏။ ပွဲရှင်အမျိုးသားကို ကျောက်ပြင်ပေါ်ထိုင်စေပြီး ခြောက်ကြိမ်တိတိမြင့်ချည်တစ်ခါ နိမ့်ချည် တစ်လှည့်ပြုလုပ်ပေးလျက် ကျယ်လောင်စွာ သံပြိုင်အော်ဟစ်ကြရ၏။ ပွဲရှင်အမျိုးသမီးကိုလည်း အလားတူငါးကြိမ်ပြုလုပ်ပေးရ၏။

ထို့နောက် ကျောက်ပြင်ကို ကျောက်ပြင်တည်မည့်နေရာသို့ ထမ်းလာပြီး ထိုနေရာတွင် ပွဲရှင်ဇနီးမောင်နှံတို့ကိုမ၍ အူခြင်း၊ ကျယ်လောင်စွာ သံပြိုင်အော်ဟစ်ခြင်း ပြုလုပ်ကြရ၏။ အဆိုပါနေရာတွင် ကျောက်ပြင်တင်ခြင်းပြုလုပ်ပြီးပါက ပွဲရှင်ယောကျ်ား၊ နတ်ဆရာ ဂုဏ်သရေရှိလူကြီးများ၊ ပွဲရှင်၏ဖခင်၊ ပွဲရှင်၏အစ်ကိုများကို အခြားရွာသားများက တစ်ဦးကျစီကျောပိုး၍ ရွာထဲသို့ ပြန်လည်ဝင်ရောက်ကာ ကျောပိုးသည့်အနေအထားအတိုင်း (အနုသိမ်)တီးလုံးဖြင့် အိမ်ပေါ်၌ ကကြရ၏။ ပွဲရှင်အား ဂုဏ်ပြုကြခြင်းဖြစ်၏။

စတုတ္ထထူးခြားချက်မှာ –ဤကျောက်ပြင်ချိပွဲကျင်းပသူသာ ချင်းလိုတမ်းပြောင်(ခေါ်) ကျစို့(ခေါ်) ကပြင်ကို အိမ်မကြီးနှင့်တစ်ဆက်တည်းတွင် ဆောက်လုပ်ခွင့်ရခြင်းဖြစ်၏။

ပွဲတော်တွင် ကျယ်ကျယ်ဝန်းဝန်းဖြင့် ဧည့်ပရိသတ်များအား ဧည့်ခံနိုင်ရန်နှင့် အစီအစဉ်များကို အဆင်ပြေချောမောစွာ ဆောင်ရွက်နိုင်ရန် ချင်းလို တမ်းပြောင်(ခေါ်) ကျစို့(ခေါ်) ကပြင်ကို အိမ်ရှေ့တွင် အိမ်မကြီးနှင့်တစ်ဆက်တည်း ဆောက်လုပ်ခွင့်ရ၏။ ကပြင် ဆောက်လုပ်ရန်လိုအပ်သော သစ်ဝါးများကို ရွာခံလူများက လုပ်အားပေး ရှာဖွေကူညီပေးကြ၏။ ပွဲရှင်၏စေတနာသဒ္ဓါတရားနှင့် တတ်နိုင်သည့်အပေါ် မူတည်၍ ဝိုင်းဝန်းကူညီသူများအား ဧည့်ခံကျွေးမွေး၏။ ထိုသို့ပြုနိုင်ရန်အတွက် အသားခြောက်များကို ကြိုတင်စုဆောင်းထားလေ့ရှိ၏။ အိမ်ရှေ့ကပြင်ကို ဆောက်လုပ်ရမည့်ရက်မှာ ဗေဒင်တွက်ချက်၍ ထွက်ပေါ်လာသောအဖြေပေါ်တွင် မူတည်၏။

ကပြင်ဆောက်လုပ်ပွဲတွင် ဝက်ကလေး၊ ကြက်ကလေးများ (တတ်နိုင်လျှင်ဝက်တောင်းကြီး)ကိုသုံး၍ နတ်တင်ကာ ခေါင်ရည်ဖြင့် ဧည့်ခံတတ်ကြ၏။

ပဉ္စမထူးခြားချက်မှာ– ဤပွဲပြုလုပ်သူသာ ပေါင်ခေါ် နတ်တိုင်စိုက်ထူခွင့်ရခြင်းဖြစ်၏။ နတ်တိုင်မှာ သားစဉ်မြေးဆက်တည်တံ့အောင် ထိန်းသိမ်းရမည့် ဂုဏ်ကျက်သရေအဆောင်အယောင်ဖြစ်၏။ နေပူထဲမိုးရွာထဲတွင် နှစ်ကာလပရိစ္ဆေဒကြာမြင့်စွာ ခိုင်ခံ့နေရန် အထူးလိုအပ်၏။ နတ်တိုင်ကိုအိမ်တိုင်ထက်ပင် အလေးဂရုပြုကြ၏။ ထို့ကြောင့် အပင်ကြီးကိုရွေးကာ အနှစ်ကိုရသည်အထိ အကာများကို ဖျင်းရ၏။ ချိုချင်းတို့၏နေရာဒေသအရ ခိုင်ခံ့သောသစ်များမှာ သစ်အယ်ဖြူသားရုံးသားတို့ဖြစ်၍ နတ်တိုင်အဖြစ် ဖျင်းရာ၌လွယ်ကူစေရေးနှင့် အလှအပ ရိုးရာကနုတ်ပန်းများ ထွင်းထုရာ၌ ပီပြင်စေရေး၊ ဂွပုံသဏ္ဌာန်အတိုင်း ညီညာသောအင်္ဂါရပ်ရှိရေးအတွက် ရွေးချယ်ရှာဖွေခုတ်ထွင်းကြရပေ၏။ ။

(ဆက်လက်ဖော်ပြပါမည်)

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနုံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနလင်္ဂနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

ယမန်နေ့မှအဆက်

ယင်းအသံသည် ဒေါ်ခေမာ၏ရင်ထဲမှာ ဂယက်သဖွယ် ထန်နေသည်။ အထပ်ထပ်အခါခါ ခေါ်နေမိသည်။

နန်းကိန္နရီသည် ရေတစ်ဖန်ခွက်နှင့်အတူ အိမ်ပေါ်မှဆင်းလာသည်။ ဒေါ်ခေမာအား လက်နှစ်ဖက်ဖြင့် တရိုတသေ လှမ်းပေးသည်။

ဒေါ်ခေမာသည် ရေခွက်ကို ရုတ်တရက် လှမ်းမယူဖြစ်သေး။ နန်းကိန္နရီအား မမှိတ်မသုန် စူးစိုက်ကြည့်နေသည်။

“သမီး၊ သမီး”

အသံသည် ရင်ထဲမှာ ပြင်းစွာ မြည်ဟည်းနေသည်။ လည်ချောင်းကို ကျော်လွန်လာတော့မတတ်ရှိသည်။ နှုတ်ဖျားမှ ထွက်ကျလာတော့မည့်နှယ်ရှိသည်။ ခေါ်ချင်စမ်းပါဘိ၊ ခေါ်လိုက်ချင်စမ်းပါဘိ။ သမီးရယ် ဒါ မေမေလေ၊ သမီးရဲ့ မေမေလေဟု ဆိုချင်လိုက်စမ်းပါဘိ။ သူ့ခမျာကတော့ မသိရှာ။ မမှတ်မိရှာ။ ကြည့်ရသည်မှာ သူစိမ်းတစ်ယောက် သီလရှင်တစ်ပါးကို ရေအလှူပြုနေသည့်ပမာသာ ဖြစ်သည်။ သမီးဟု ခေါ်လိုက်လေလျှင် မည်သို့များ ဖြစ်သွားလေမည်နည်း မပြောတတ်။

ဒေါ်ခေမာသည် တုန်ယင်နေသောလက်ဖြင့် နန်းကိန္နရီ၏လက်ထဲမှဖန်ခွက်ကို ယူလိုက်သည်။ ရေကို နည်းနည်းချင်းသောက်ကာ နန်းကိန္နရီ၏ မျက်နှာကလေးကို တစိမ့်စိမ့်ကြည့်နေမိသည်။ နေပူပူမှလာကာ ရေအေးအေးကိုသောက်လိုက်ရသဖြင့် ရင်ထဲတွင် အေးမြသွားရသည့်နှယ်ပင် သမီးဖြစ်သူ၏မျက်နှာကလေးကို ကြည့်ရသည်မှာ အေးမြလှပါဘိ။ ကြည်နူးဖွယ်ကောင်းပါဘိ။ ယခင်ကတစ်ကြိမ်မြင်ရစဉ်က ပြည့်ပြည့်ဝဝ လှပသည်။ ယခုမူ အနည်းငယ်ပိန်နေသလို ထင်ရသည်။

ယင်းအချိန်၌ ဒေါ်ရေနုံ့သာခင်ခင်ကြီးသည် အိမ်ထဲမှနေကာ သီလရှင်ကို အကဲခတ်နေသည်။ သူက မျိုးထွန်းသိန်းကို လက်တို့လိုက်သည်။

“သီလရှင်ရဲ့အမူအရာက မထူးခြားဘူးလား မောင်မျိုး”

သည်အခါကျမှပင် မျိုးထွန်းသိန်းသည်လည်း သီလရှင်ကို ဂရုထား၍ကြည့်မိသည်။ သူက “ဟုတ်တယ်။ တစ်မျိုးပဲ” ဆိုသည်။ ထို့နောက် နန်းကိန္နရီရှိရာသို့ လှေကားအတိုင်း ဆင်းကာ လျှောက်လာသည်။

ဒေါ်ခေမာသည် ရေသောက်ခြင်းကို လက်စသတ်လိုက်သည်။ မျိုးထွန်းသိန်းဆင်းလာသည်ကို မြင်ရသောအခါ မိမိပြန်ရန် အချိန်ကျရောက်လာပြီဖြစ်ကြောင်း ဒေါ်ခေမာ တွေးမိသည်။ အားရတင်းတိမ်သည်တော့ မဟုတ်သေး။ သို့ပေမဲ့ ပြန်မှဖြစ်တော့မည်ကို သိသည်။ နန်းကိန္နရီအား ဖန်ခွက်ကို ကမ်းပေးလိုက်သည်။

“တော်ပြီလား အမေ”

နန်းကိန္နရီက ဖန်ခွက်ကိုပြန်ယူရင်းမေးသည်။

“အမေ” ဆိုပါကလား။ ဒေါ်ခေမာသည် ယင်းစကားကို ရင်ထဲမှာ ပဲ့တင်ထပ်မိသည်။ အမေဆိုသောအသံသည် သူ၏ နှလုံးသည်းပွတ်ကို လေအေးနှယ် ဖြတ်သန်းတိုးဝှေ့သွားသည်ဟု ထင်သည်။ အေးမြသန့်စင်သော စမ်းရေဖြင့် နှလုံးသည်းပွတ်ကို ပက်ဖျန်းလိုက်သည့်နှယ် ဖြစ်သည်။

“တော်ပါပြီ သမီးလေးရယ်။ ကျေးဇူးတင်ပါတယ်”

ဒေါ်ခေမာကပြန်ပြောသည်။ ထို့နောက် ရှည်လျားသောဆုတောင်းကို ရွတ်ဆိုနေပြန်သည်။

“ဒီသီလရှင်ကို မြင်ဖူးသလိုပဲ၊ တစ်နေရာရာမှာ မြင်ဖူးခဲ့သလိုပဲ”

ဒေါ်ရေနုံ့သာခင်ခင်ကြီးသည် စဉ်းစားသလို လုပ်ရင်း ပြောသည်။ သူ၏စကားကြောင့် လူအားလုံးတို့သည်လည်း ဒေါ်ခေမာအား ဝိုင်း၍ကြည့်နေကြသည်။ လူအားလုံးတို့၏အာရုံသည် ဒေါ်ခေမာထံ ရောက်နေသည်။

နန်းကိန္နရီ၏အပါးသို့ မျိုးထွန်းသိန်း ရောက်လာသည်။ နန်းကိန္နရီ၏စိတ်မှာ တစ်စုံတစ်ရာကို ခံစားရသလို ရှိသည်။ သီလရှင်၏အကြည့်သည် သူ၏ရင်ကို များစွာ လှုပ်ရှားစေနိုင်သည်ဟု ထင်သည်။ သီလရှင်၏ မျက်နှာအနေအထားကလည်း ထူးခြားလွန်းလှသည်ဟု အောက်မေ့သည်။ ပြီးလျှင်သည်မျက်နှာကိုမြင်ရသည်မှာ မြင်ဖူးတွေ့ဖူးသော မျက်နှာမျိုးလို ဖြစ်နေသည်။ တစ်နေရာရာမှာ အမှတ်ထင်ထင် ဆုံခဲ့ဖူးသလိုပင်။

ဒေါ်ခေမာသည် ဆုတောင်းကို အဆုံးသတ်လိုက်သည်။ နန်းကိန္နရီ၏ရှေ့မှောက်မှ ထွက်လာခဲ့သည်။ ဖြစ်နိုင်မည်ဆိုလျှင်တော့ တစ်နေကုန် ထိုင်ကြည့်နေချင်မိပါရဲ့။ သို့ပေမဲ့ အခြေအနေကမပေး။ အခွင့်အခါကမကောင်း။ သို့နှင့်ပင် နာကျင်သောနှလုံးသား၊ ကြေကွဲသောရင်ဖြင့် နန်းကိန္နရီ၏ရှေ့မှောက်မှ ထွက်ခဲ့ရသည်။ ခြံပေါက်ဝဆီသို့ လျှောက်ခဲ့ရသည်။

ဒေါ်ရေနုံ့သာ ခင်ခင်ကြီးက လှေကားအတိုင်း ပြန်လည်တက်ရောက်လာသော မျိုးထွန်းသိန်းကို လှမ်းပြောသည်။

“သီလရှင်ကို ခဏတားထားလိုက်ရင် ကောင်းမယ်။ စကားလေး ဘာလေး ပြောကြည့်ရအောင်”

ယင်းအချိန်တွင် ခေါ်ခေမာသည် ခြံအပြင်မှ ထွက်ခဲ့မိပြီဖြစ်သည်။ အပြင်သို့ ရောက်နေခဲ့ပြီ ဖြစ်သည်။

နေပူရှိန်သည် ပိုမိုပြင်းထန်လာသည်ဟု အောက်မေ့သည်။ ခေါင်းထဲမှာ တရိပ်ရိပ် မူးဝေလာသည်။ အမြင်သည် ဝါးလာသည်။ ရင်ထဲမှာ ဟာနေသည်။ တလှိုက်လှိုက် ဖြစ်လာသည်။ စိတ်ထဲမှာ အလိုလို သိလာသလို ရှိရသည်။ ဒီတစ်ခါ နောက်ဆုံးပါပဲ။ သမီးနှင့်မြေးကို နောက်ဆုံးအကြိမ် လာကြည့်တာပါပဲ။ နောင် မလာတော့ပါဘူးကွယ်။ ဘယ်တော့မှ လာနိုင်တော့မယ် မဟုတ်ပါဘူး။ ဒေါ်ခေမာသည် စိတ်ထဲမှ ယင်းသို့လည်း ပြောနေမိသည်။

ခြေလှမ်းသည် တုံ့နေသည်။ နေးနေသည်။ လမ်းလျှောက်ရသည်မှာ တစ်မျိုးဖြစ်နေသည်။ မြေပြင်သည် နိမ့်စောင်းသွားလိုက်၊ မြင့်တက်လာလိုက်နှင့်။

ဒေါ်ခေမာသည် ကတ္တရာလမ်းကို ဖြတ်လိုက်သည်။ ခေါင်းထဲမှာ မိုက်ခနဲဖြစ်သွားသည်။ ယင်းတဒင်္ဂမှာပင် နားအတွင်းမှာ မော်တော်ကားဟွန်းသံကို စီခနဲ ကြားလိုက်ရသည် ထင်သည်။ မြင်ကွင်းသို့ မော်တော်ကားတစ်စီး၏အသွင်သည် ရိပ်ခနဲ ဝင်လာသည်ဟု ထင်သည်။

“ဟယ်” ခနဲ အထိတ်တလန့် အော်ဟစ်လိုက်သံသည် နောက်တော့ ငြိမ်သက်တိတ်ဆိတ်နေသော ဝန်းကျင်တွင် ကျယ်လောင်စွာ ပေါ်ထွက်လာသည်။ တစ်ခဏအတွင်းမှာပင် ဆိတ်ငြိမ်ရပ်ကွက်ကလေးမှာ ဆူဆူညံညံဖြစ်သွားသည်။ အုန်းအုန်းကျွက်ကျွက်၊ ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။

“မော်တော်ကားတိုက်မိလို့တဲ့” ဟူသော အသံနှင့် မရှေးမနှောင်းမှာပင် လူတို့သည် လမ်းဆီသို့ ရောက်လာကြသည်။ အခင်းဖြစ်ပွားရာနေရာသို့ ဝိုင်းလာကြသည်။

မျိုးထွန်းသိန်း၊ နန်းကိန္နရီတို့သည် လှေကားကို တစ်ပိုင်းတစ်စ တက်မိနေကြပြီ ဖြစ်သည်။ ယင်းအခိုက် မော်တော်ကားတစ်စီး ဘရိတ်ဖမ်းသံ၊ တစ်စုံတစ်ရာနှင့်တိုက်မိသံ၊ လူသံ သူသံများကို ကြားရသည်။ လူအချို့ ထိတ်ထိတ်ပျာပျာ ပြေးသွားသည်ကို တွေ့ရသည်။

မျိုးထွန်းသိန်းသည် လှေကားမှ ပြန်ဆင်းလာသည်။ ခြံဝသို့ ပြေးလာသည်။ သူသည် အိမ်ဘက်သို့ ပြန်လှည့်ကာ အော်ပြောလိုက်သည်။

“ဟောဗျ၊ ကျွန်တော်တို့အိမ်ကို အလှူလာခံတဲ့ သီလရှင်ကို တိုက်မိတာပါလား”

သူ၏အသံသည် တုန်တုန်လှုပ်လှုပ် ချောက်ချောက်ချားချားကြီးဖြစ်နေသည်။

အိမ်ပေါ်ရှိ လူအားလုံး ကြက်သေသေသလို ဖြစ်သွားသည်။

လှုပ်ရှားရန် ဦးစွာ သတိရသူမှာ ဒေါ်ရေနုံ့သာခင်ခင်ကြီး။ သူက “ဟုတ်လား” ဆိုကာ အိမ်ပေါ်မှ ဆင်းလာခဲ့သည်။

ဆရာဝန်ဖြစ်သော နွယ်နွယ်ထွန်းသည်လည်း ဖျပ်ခနဲ သတိရသလိုရှိကာ ကလေးကို အိမ်ဖော်မိန်းကလေးလက်ထဲသို့ ထည့်ပေးလျက် အိမ်ပေါ်မှ ဆင်းလာသည်။

လမ်းပေါ်မှာ မော်တော်ကားတစ်စီး ရပ်ထားသည်။ လူတို့က မော်တော်ကားကို ဝိုင်းထားကြသည်။ မျိုးထွန်းသိန်းသည် လူများကို တိုးဝှေ့တွန်းဖယ်လျက် ရှေ့သို့ ရောက်အောင်လာခဲ့သည်။ ကားရှေ့ဘီးများအနီးတွင် ဒေါ်ခေမာသည် ပုံ့ပုံ့ကလေးလဲလျက်ရှိသည်။ သူ့အနီး၌ သွေးစသွေးနများကို တွေ့ရသည်။

ကားမောင်းသူသည် ထိတ်လန့်တုန်လှုပ်သော အမူအရာရှိသည်။ မျက်နှာမှာ သွေးဆုတ်ဖြူလျော်နေသည်။ သူက ဝိုင်းထားသော လူအုပ်ကြီးကို တောင်းပန်နေသည်။

“ကျွန်တော့်အပြစ် မဟုတ်ဘူးခင်ဗျ။ သူ ရှောင်သွားလိမ့်မယ်ထင်နေတုန်း ဗြုန်းခနဲ ကားဘက်ကို ဝင်လာတာ။

သူ့ဟာသူ ကားတည့်တည့်ကို တိုးဝင်လာတာ”

“သူ သေပြီလားဟင်”

“သေပြီထင်တာပဲ”

“မသေသေးဘူး။ အသက်ရှူနေတာ မတွေ့ဘူးလား”

ဝိုင်းကြည့်နေသူများက တစ်ယောက်တစ်ပေါက် ပြောနေကြသည်။

ဒေါ်ရေနုံ့သာခင်ခင်ကြီးသည် မျိုးထွန်းသိန်း၏ ကျောဘက်သို့ ရောက်လာသည်။

“ဝိုင်းကြည့်နေမယ့်အစား တစ်ခုခုလုပ်ပါလား”

လူတစ်ယောက်က ပြောသည်။

“ဟုတ်တယ်။ အနီးအနား အိမ်တစ်အိမ်က ဖုန်းဆက်ပြီး သူနာပြုကားကိုခေါ်ပါလား”

တစ်ယောက်က ထောက်ခံသည်။

“ဖြစ်မှဖြစ်ရလေဟယ်”

တစ်စုံတစ်ယောက်က မချမ်းမြေ့နိုင်သလို ဆိုသည်။

နွယ်နွယ်ထွန်းရောက်လာသည်။ ဒေါ်ခေမာကို ဝိုင်းဝန်း ပွေ့ချီမည်ပြုနေသောလူတို့ကို သူက တားဆီးသည်။

“ဒီအတိုင်းနေပေစေဦး။ နေရာမရွှေ့နဲ့ဦး။ အရိုးတွေဘာတွေကျိုးနေရင် နေရာရွှေ့လိုက်လို့ ပိုဆိုးနေဦးမယ်”

နွယ်နွယ်ထွန်းသည် ဒေါ်ခေမာအနီး၌ ထိုင်လိုက်သည်။ ကိုင်တွယ်စမ်းသပ်ကြည့်သည်။ အရိုးများ မကျိုးသေးကြောင်း သိရသည်။ ဒဏ်ရာသည် ခေါင်းမှာရှိသည်။ ကြည့်ရသည်မှာ မော်တော်ကားနှင့် တိုက်မိပြီးနောက် ဒေါ်ခေမာသည် ကတ္တရာလမ်းပေါ်သို့ လဲကျသွားပုံရတယ်။ ခေါင်းနှင့် ကတ္တရာလမ်းတို့ ပြင်းထန်စွာ ထိခိုက်မိပုံရတယ်။ ဒေါ်ခေမာသည် သတိလစ်လျက် ရှိလေသည်။

“သူကဘာလဲဟင်။ ဘာဖြစ်လို့ နေရာမရွှေ့ခိုင်းရတာလဲ”

လူအုပ်အတွင်းမှ လူတစ်ယောက်က နွယ်နွယ်ထွန်းကို မကျေနပ်သလို ဆိုသည်။

“သူက ဆရာဝန်”

မျိုးထွန်းသိန်းက ခပ်ကျယ်ကျယ် အော်ပြောလိုက်သည်။ **ဆက်လက်ဖော်ပြပါမည်။**

“ဒေါ်ခေမာသည် တုန်ယင်နေသောလက်ဖြင့် နန်းကိန္နရီ၏လက်ထဲမှ ဖန်ခွက်ကို ယူလိုက်သည်။ ရေကို နည်းနည်းချင်းသောက်ကာ နန်းကိန္နရီ၏မျက်နှာကလေးကို တစိမ့်စိမ့်ကြည့်နေမိသည်။ နေပူပူမှလာကာ ရေအေးအေးကိုသောက်လိုက်ရသဖြင့် ရင်ထဲတွင် အေးမြသွားရသည့်နှယ်ပင် သမီးဖြစ်သူ၏ မျက်နှာကလေးကို ကြည့်ရသည်မှာ အေးမြလှပါဘိ။ ကြည်နူးဖွယ်ကောင်းပါဘိ။ ယခင်ကတစ်ကြိမ်မြင်ရစဉ်က ပြည့်ပြည့်ဝဝ လှပသည်။ ယခုမူ အနည်းငယ်ပိန်နေသလို ထင်ရသည်။ ယင်းအချိန်၌ ဒေါ်ရေနုံ့သာခင်ခင်ကြီးသည် အိမ်ထဲမှနေကာ သီလရှင်ကို အကဲခတ်နေသည်။ သူက မျိုးထွန်းသိန်းကို . . .”

ဆရာမောင်သိန်းဆိုင်၏ “ရေနုံ့သာ ခင်ခင်ကြီး” စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

◆ ကျောဖုံးမှ

ကောင်ရေ ၁၀၀ တိုးနှုန်းဖြင့် နှစ်မြို့နယ် ကောင်ရေ ၂၀၀ တိုးပွားရန် ကျွဲ၊ နွားများ ချဲပေးသောစနစ် Unit Plan ကို ၂၀၂၂ ခုနှစ် ဧပြီလတွင် စတင်ဆောင်ရွက်ခဲ့ပြီး အောက်တိုဘာလတွင် တိုက်ကြီးမြို့နယ်နှင့် မှော်ဘီမြို့နယ်တို့၌ ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်သည်။

နိုင်ငံတော်ဘတ်ဂျက်ဖြင့် အရင်းမပျောက်မတည်ငွေ မြစိမ်းရောင်မွေးမြူရေး ကဏ္ဍကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မွေးမြူရေးတောင်သူတို့ထံ ကြက်/ဝက်/ဘဲ မွေးမြူမှု တစ်နှစ်၊ ကျွဲ/နွားမွေးမြူမှု သုံးနှစ် သက်သာသောအတိုးနှုန်းဖြင့် အရင်းမပျောက်မတည်ငွေဖြင့် ထုတ်ချေးလျက်ရှိသည်။ Unit Plan ဖြင့် မွေးမြူရေးလုပ်ဆောင်နေသော တောင်သူများတွင် နွားအမကောင်ရေ ၃၀၀ ခန့်မွေးမြူသူများအား အရင်းမပျောက်မတည်ငွေဖြင့် တစ်ဦးလျှင် ငွေကျပ်သိန်း၃၀၀ ချေးငွေထုတ်ပေး၍ ကောင်ရေတိုးမြှင့်မွေးမြူနိုင်ရန် Unit Plan နှင့် မြစိမ်းရောင်မွေးမြူရေး ကဏ္ဍပူးပေါင်းဆောင်ရွက်ရန် လုပ်ဆောင်လျက်ရှိသည်။

အသားတိုးနွားမွေးမြူရာ၌ သုံးနှစ်တွင် ရောင်းတန်းဝင်သောကြောင့် ယခင်က ငါးနှစ်မွေးမြူရသည့်အတွက် နှစ်နှစ်စာ အစာစရိတ်သက်သာ၍ အကျိုးအမြတ်ပိုမိုရရှိလျက်ရှိရာ ဘရာမင်၊ ရွှေနီ၊ ပြာစိမ်း၊ အင်ဒိုဘရာဇီးမျိုး တို့အား အသားတိုးနွားအဖြစ်လည်းကောင်း၊ ဂျာစီ၊ ဖရေရှန်အား နို့စားနွားအဖြစ်လည်းကောင်း မွေးမြူလျက်ရှိသည်။

တစ်ဧကလျှင် နွား ၁၀ ကောင်မွေးမြူသောကြောင့် ပိုမိုမွေးမြူနိုင်ရန် စားကျက်မြေ အခက်အခဲကို ကြိုတင်ဆောင်ရွက်ခြင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း အသားတိုးနွားကောင်ရေ ၁၄၀၀၀၀ ကျော်ရှိ၍ တစ်လကောင်ရေ ၃၀၀၀ ခန့် အသားထုတ်လုပ်လျက်ရှိရာ ရေရှည်တွင်အသားတိုးနွား ပျောက်ကွယ်နိုင်ခြင်းနှင့် ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးမှ အသားတိုးနွားများကို အားပြုလာရခြင်းတို့ကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း အသားတိုးနွားနှင့် နို့စားနွားများ တိုးမြှင့်မွေးမြူနိုင်ရန် Unit Plan ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ညိမ်းသူ-သတင်းစဉ်၊ ဓာတ်ပုံ- ကနူး

❖ နောက်ခံလူ ဝက်စ်လေဖိုဖာနာမှ

လက်စတာစီးတီးအသင်းက မျှော်လင့်ထားတာဖြစ်ပါတယ်။

နောက်တန်းကစားသမား ဝက်စ်လေဖိုဖာနာဟာ ၂၀၂၀ ပြည့်နှစ်အတွင်းက စိန့်အက်စ်တီယန်အသင်းကနေ လက်စတာစီးတီးအသင်းဆီ ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး လက်စတာစီးတီးအသင်းနဲ့အတူ ငါးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့တာဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းဟာ မကြာသေးတဲ့ရက်ပိုင်းအတွင်းက အဲဗာတန်အသင်း တိုက်စစ်မှူးအန်တိုနီကျော်ဒန်ကို ပေါင် ၄၅ သန်းနဲ့ ခေါ်ယူခဲ့တာကြောင့် အခုအပြောင်းအရွှေ့ကာလအတွင်း ကစားသမားခေါ်ယူမှုအနေနဲ့ ပေါင်သန်း ၁၇၀ ခန့်အသုံးပြုပြီးလည်း ဖြစ်ပါတယ်။

သောမက်တူချယ်ရဲ့ ချယ်လ်ဆီးအသင်းဟာ အာဆင်နယ်အသင်းတိုက်စစ်မှူးဟောင်း တစ်ဦးဖြစ်တဲ့ အူဘာမီယန်ကို ခေါ်ယူဖို့အတွက် ဘာစီလိုနာအသင်းနဲ့ ဆွေးနွေးမှုတွေ ပြုလုပ်လျက်ရှိတယ်လို့ သိရပါတယ်။

ငွေကြေယ်

MNL ပြိုင်ပွဲတွင် ရန်ကုန်အသင်း ဒုတိယနေရာ၌ ဆက်လက်ရပ်တည်

ရန်ကုန်ယူနိုက်တက်အသင်းခေါင်းဆောင် ရန်နိုင်ဦး၏ ထိုးဖောက်မှုကို GFA နောက်ခံလူ ဖျက်ထုတ်နေစဉ်။

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၉) စတုတ္ထနေ့ကို သြဂုတ် ၂၄ ရက်က ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပရာ ရန်ကုန်အသင်းက GFA အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ရန်ကုန်အသင်းသည် ယခုပွဲအနိုင်ရခဲ့သဖြင့် ပထမအကျော့အပြီးတွင် အမှတ်ပေးဇယား ဒုတိယနေရာ၌ ဆက်လက်ရပ်တည်နိုင်ခဲ့သည်။ ယခုပွဲမတိုင်မီ နည်းပြအပြောင်းအလဲ ပြုလုပ်ထားသည့် ရန်ကုန်အသင်းအနေဖြင့် ယာယီနည်းပြချုပ် ဦးကျော်ဒွန်း၏ ပထမဆုံးပွဲတွင် အမှတ်ပြည့်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ GFA အသင်းသည် ယခုပွဲ အရေးနိမ့်ခဲ့သဖြင့် တန်းဆင်းဇုန်မှလွတ်ရန် ဒုတိယအကျော့ပွဲစဉ်များ တွင်ဆက်လက်ရုန်းကန်ရမည်ဖြစ်သည်။

ရန်ကုန်ယူနိုက်တက် အသင်းသည် ယခင်ပွဲများကစားခဲ့သည့် ပွဲထွက်လူစာရင်း ကြီးကြီးမားမားပြောင်းလဲခြင်းမရှိဘဲ ရန်နိုင်ဦး၊ ဒေးဗစ်ထန်၊ လမင်းထွေး၊ သီဟထက်အောင်၊ ဆန်းဆက်နိုင် (ဂိုး)၊ ဇော်ဝင်းသိန်းတို့ဖြင့် ပွဲထွက်ခဲ့သလို အသစ်ခေါ်ယူထားသည့် ဘရာဇီးတိုက်စစ်မှူး ဂျူနီယာကိုလည်း အသုံးပြုခဲ့သည်။ GFA အသင်းမှာမူ ပွဲထွက်လူစာရင်းကို အပြောင်းအလဲများပြုလုပ်ထားပြီး နိုင်ငံခြားသားကစားသမားများကို အသုံးပြုခဲ့သည်။ ရန်ကုန်အသင်းသည် ပွဲစကတည်းက တိုက်စစ်မြှင့်ခဲ့ပြီး ပွဲအစ ၁၅ မိနစ်မပြည့်မီမှာပင် အနိုင်ဂိုး နှစ်ဂိုးရရှိခဲ့သည်။ ရန်ကုန်အသင်းအတွက် ဂိုးများကို ၈ မိနစ်တွင် ကျော်ဖြိုးဝေနှင့် ၁၄ မိနစ်တွင် ဂျူနီယာတို့က သွင်းယူခဲ့သည်။ ပထမအကျော့ပွဲ အားလုံးကစားအပြီးတွင် ရန်ကုန်အသင်းက ခြောက်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံး၊ ရမှတ် ၁၉ မှတ်၊ GFA အသင်းက နှစ်ပွဲနိုင်၊ ခုနစ်ပွဲရှုံး၊ ရမှတ်ခြောက်မှတ် ရရှိထားသည်။ ပထမအကျော့ နောက်ဆုံးပွဲအဖြစ် ရတနာပုံအသင်းနှင့် အား/ကာသိပ်ပွံအသင်းတို့ သြဂုတ် ၂၅ ရက် (ယနေ့) ညနေ ၃ နာရီတွင် သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း-ကိုညီလေး
ဓာတ်ပုံ-MNL

မအူပင်မြို့နယ် ဝါးတောကွင်းသဘာဝရေပြင်အတွင်း ငါးမျိုးများစိုက်ထည့်

မအူပင် သြဂုတ် ၂၄

